www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်


- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုဏ္ဏာညို

# သေပြီးသည့်အလောင်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၉၈၆၀၉၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၀၃၉၀၉၁၀
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ – ပထမအကြိမ်
အုပ်ရေ (၅၀၀) တန်ဖိုး (၁၀၀၀/–)ကျပ်

**ထုတ်ဝေသူ**
ဦးနေမျိုး၊ နေမျိုးစာပေဒသာစာပေ
အမှတ်–၁၊ သုမင်္ဂလာလမ်း၊ ၅–ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်။

**မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်–၁၇၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်**
ဦးမြင့်ဝေ(၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊

**ဖြန့်ချိရေး**
ရွှေရင့်အောင်စာပေ
အမှတ်–၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ပုဏ္ဏညို
သေပြီးသည့်အလောင်း / ပုဏ္ဏညို။ – ရန်ကုန်
နေမျိုးစာပဒေသာစာပေ၊ ၂၀၁၀။
၁၂၀–စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) သေပြီးသည့်အလောင်း

## ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | သေမင်းငင်အော်သံနက်ကြီး |
| အခန်း | ၂။ | အိပ်မက်ထဲမှ သရဲခိုစံအိမ် |
| အခန်း | ၃။ | အလှူပွဲလာ သရဲပြိတ္တာ |
| အခန်း | ၄။ | သရဲပုံတူ ပန်းချီကား |
| အခန်း | ၅။ | ရေချိုးခန်းထဲမှ ခြေသံများ |
| အခန်း | ၆။ | နာရီတွန်တဲ့ ငှက်ဆိုးသံ |
| အခန်း | ၇။ | သာမုခေါ်ချင်လို့ခြောက်တာလား |
| အခန်း | ၈။ | ဓားတန်းလန်းနဲ့ တစ္ဆေ |
| အခန်း | ၉။ | ညောင်ပင်ကြီးနှင့်ခွေးအူသံ |
| အခန်း | ၁၀။ | အသက်ဝင်ပန်းချီကားနဲ့ အသက်မဲ့ဖနီးမောင်နှံ |


www.burmeseclassic.com

www.burmeseclassic.com

အခန်း ၁၁။ တစ္ဆေဝေတဲ့ စာရွက်တစ်ရွက်
အခန်း ၁၂။ ဖုတ်ဝင်သည်ဆိုသည်မှာ
အခန်း ၁၃။ တစ္ဆေများရဲ့ သာမုခေါ်သံ

## ၁။ သေမင်းငင်ခေါ်သံနက်ကြီး

အုတ်တံတိုင်းအမြင့်ပတ်လည် ကာရံထားသောခြံစည်းရိုး ခြံအလယ်ခေါင်ရှိ ဂျပန်မြတ်ခင်းစိမ်းအနုလေးကို ဂငယ်သဏ္ဌာန်ဝိုင်းပတ်ထားသည့် ကားဝင်ကားထွက်လမ်း။ ထိုကားလမ်းနှင့် ခြံစည်းရိုးအကြားမှာတော့ စီရရီ ကျူးဘားအုန်းပင်ပျိုများ နှင့်အာသောကပင်မြင့်တို့ပင်ကျော်ပင်ကျစိုက်ထား၏။

ရိုးရှင်းပေမယ့် တည်ငြိမ်အေးချမ်းသော Land Scape ကိုမြင်ကတည်းက သူခေါင်းတဆတ်ဆတ်ညိတ် သဘောကျမိသည်။

"ပေါ်တီကိုအောက်မှာပဲရပ်လို့ရပါပြီရှင်၊ ကျွန်မတို့ အိမ်ထဲဝင်ကြည့်ကြရအောင်"

အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ အမျိုးသမီးနှင့်အတူ သူအိမ်ထဲဝင်ခဲ့သည်။

"အောက်ထပ်မှာ ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်းတစ်ခန်း၊ ရေချိုးခန်း၊ အိမ်သာနဲ့စတိုခန်းတစ်ခန်းရှိတယ်လေ၊ မီးဖိုချောင်ကတော့ အိမ်နဲ့တွဲလျက်။ အဆောင်သီးသန့်ထုတ်ထားတာ အားလုံးဟာမော်ဒန်ဖန်နစ်ချာအပြည့်အစုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်ပြင်ဆင်ပြီးသားပါ''

ဂျက်ဆင်ဘုတ်မျက်နှာကျက်တို့နှင့် အလှဆင်ထားသောဧည့်ခန်း၏ အခင်းအကျင်းကလည်း တည်တည်ငြိမ်ငြိမ် ထည်ထည်ဝါဝါရှိလှသည်။

အိမ်ပိုင်ရှင်သည် စိတ်ရှည်လက်ရှည်နဲ့ သူ့အိမ်ကိုစိတ်တိုင်းကျ တည်ဆောက်ထားခဲ့ဟန်တူ၏။

''ဟုတ်ကဲ့ ကျွန်တော်တို့ အိမ်အပေါ်ထပ်တက်ကြည့်ရအောင်ဗျာ၊ သေချာတယ်ဗျာ ဒီအိမ် ကျွန်တော်ဝယ်ဖြစ်ဖို့ ငါးဆယ်ရာခိုင်နှုန်းသေချာသွားပြီ''

''အဲဒီ စကားမျိုးကြားရတာ မင်္ဂလာရှိတာပေါ့ရှင်၊ အပေါ်ထပ်ကိုရောက်သွားရင် ကျန်တဲ့ငါးဆယ်ရာခိုင်နှုန်းပါ သေချာမှာပါ''

''ကျွန်တော်လည်း အဲဒီလိုဖြစ်ချင်ပါတယ်၊ နေစရာအိမ်တစ်လုံးရဖို့ အတွက် လနဲ့နှစ်နဲ့ချီပြီးမရှာချင်ဘူး၊ ဒါကြောင့် ကိုယ့်ရှိတဲ့ငွေနဲ့ ထိုက်တန်ရုံလေး ကို ကြော်ငြာထဲမှာတွေ့လို့ အစ်မတို့ကုမ္ပဏီကိုရောက်ခဲ့တာပါ''

''ကြော်ငြာဖတ်မိတဲ့အချိန်မှာ အရမ်းတန်တာပဲလို့ မအောက်မေ့ဘူးလား''

''အစ်မပြောသလိုပါပဲ၊ ဒါပေမဲ့ ကြော်ငြာနဲ့လက်တွေ့အနေအထား ကွာခြားတတ်တယ်လေဗျာ၊ အဆင့်မြင့်ပြင်ဆင်ပြီးဆိုတာတွေကို ပိုကြောက်တယ် လက်တွေ့လည်းကြည့်လိုက်ရော ... အပေါ်စားပြင်ဆင်မှုတွေ ဖြစ်နေတယ် မဟုတ်လား''

''အခုရော ... ဘယ်လိုလဲ ... ''

''ကျွန်တော်ပြောပြီးပြီလေ _ ငါးဆယ်ရာခိုင်နှုန်း ဝယ်ဖြစ်ဖို့ သေချာနေပြီလို့''





''ကျွန်မကတော့ ဖွင့်အတင်းမတိုက်တွန်းပါဘူးရှင်''

''ဗျာ ... အစ်မက အကျိုးတော်ဆောင် ကုမ္ပဏီရှင်ဖြစ်နေပြီး ဘာလို့မတိုက်တွန်းတာလဲ၊ အကျိုးတော်ဆောင်ခမရချင်တော့လို့တော့မဖြစ်နိုင်ပါ ဘူးနော်''

အမျိုးသမီးသည် အနည်းငယ်တွေခနဲတစ်ချက်ဖြစ်သွားပြီး ဟက်ခနဲ တစ်ချက်ရယ်၏။

ရယ်သံက တွန့်ဆုတ်သည့်ထင်၏။

''ရှင်မဝယ်ရင်လည်း ဒီလိုအိမ်မျိုးဆိုရင် ဝယ်လက်တွေ အဆက်မပြတ် ရောက်လာမှာမို့ပေါ့၊ အိမ်နဲ့ဈေးနဲ့ကတန်တောင်မတန်ဘူး၊ ကျွန်မကိုယ်ပိုင်အိမ်ဆို ရင် ဒီဈေးလောက်နဲ့ရောင်းထုတ်ရက်မှာမဟုတ်ဘူး နေကောင်း၊ ရောင်းမြတ် အိမ်မျိုးပဲဆိုတာ ရှင့်အမြင်ပဲရှင်၊ ဪ _ ပိုပြီးတန်တာက အိမ်မှာထည့်ထားတဲ့ Funiture တွေအားလုံး Used တွေမဟုတ်ဘူးနော်၊ လုံးဝအသစ်စက်စက်တွေ ဝယ်ထည့်ထားတာ တွေ့တယ်မလား''

''အစ်မက ဒီအိမ်နဲ့ပတ်သက်လို့ တော်တော်သိထားသလိုပဲ''

''ဟုတ်ပါတယ်၊ ဒီပစ္စည်းတွေကိုလည်း ကျွန်မတို့ကုမ္ပဏီကပဲ အိမ်ရှင် တွေစိတ်တိုင်းကျဝယ်ထည့်ပေးခဲ့တာ၊ ကဲကြည့်ပါဦး အပေါ်ထပ်အခင်းအကျင်း အပြောနဲ့လက်တွေ့ ညီမညီကြည့်ကြည့်လေ''

အပေါ်ထပ်မီးခလုတ်တွေကို တချောက်ချောက်ဖွင့်ရင်း၊ တစ်ဖက်မှာ စာကြည့်ခန်း ပြီးတော့ Family Room၊ ရေချိုးခန်းအိမ်သာတွဲလျက် အိပ်ခန်း၊ အိမ်ရှေ့မျက်နှာအပြည့် ဝရန်တာ။

ထို့ပြင် မျက်နှာကျက်တွေကို ဂျက်ဆင်ဘုတ်၊ ကျွန်းတုံးငယ်တို့ဖြင့် ခေတ်မီစွာတန်ဆာဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူလုံးဝစိတ်တိုင်းကျနေပြီ။

"ဘယ်လိုလဲ ကျွန်မပြောတာမှန်နေပြီမလား"

"ဟုတ်တယ်ဗျာ၊ အတိအကျပါပဲ၊ ဒါပေမဲ့ ဟိုလေ ရေစင်သီးသန့် မတွေ့ဘူး"

"ဩော် ... ရေကန်နဲ့ ရေစက်က Roof (အမိုး)ပေါ်မှာပါ။ နောက်ဖေးမီးသတ်လှေကားနဲ့တက်လို့ရတယ်"

"ဟုတ်လား ... သိပ်ကောင်းတယ်ဗျာ၊ ကျွန်တော်တက်ကြည့်ချင်တယ်"

"ရှင် ... ရှင် ... အ ... အမိုးပေါ်တက်ကြည့်မလို့ ဟုတ်လား"

မိန်းကလေးရဲ့ အထိတ်တလန့်စကားကြောင့်သူ ကြောင်အမ်းအမ်းဖြစ်သွားရသည်။

"ဟုတ်ကဲ့ ... ဘာဖြစ်လို့လဲဗျ"

"ဩော် ... အဲ ... အင်း ... ဟင့် အင်း ဘာ ဘာမှမဖြစ်ပါဘူး၊ တက်ကြည့်ပါ၊ ဒါပေမဲ့ ကျွန်မကတော့မတက်တော့ဘူးနော်၊ ရှင့်ဘာသာပဲတက်ပါ"

ပျာပျာသလဲဖြစ်နေသောမိန်းကလေးကို သူခပ်ဆဆနဲ့ ခပ်ကြာကြာကြည့်မိ၏။

ဘာအကြောင်းကြောင့်လဲမသိပေမယ့် အကြောင်းတစ်စုံတရာရှိလို့ထင်သည်။

သူနှင့်ရွယ်တူတန်းတူနှစ်ယောက်တည်းမို့ အမိုးပေါ်အထိမတက်ခြင်းဖြစ်နိုင်သည်။

"ကောင်းပြီလေ ကျွန်တော်တစ်ယောက်တည်းပဲတက်ကြည့်ပါ့မယ်"





"ဟုတ် ... ဟုတ်ကဲ့ပါရှင် ... ဩော် သတိတော့ထားပါရှင်၊ အပေါ်မှာ ရေညှိတွေ ဘာတွေရှိနေရင် အန္တရာယ်များလို့ပါ"

"စိတ်ချပါ အခုလိုစေတနာနဲ့ သတိပေးတာကျေးဇူးတင်ပါတယ်၊ အခုပဲ ဒီလိုစေတနာထားနိုင်ပါတယ်ဗျာ"

သူနောက်ဖေးလှေကားမှတစ်ဆင့် အပေါ်ထပ်သို့တက်ခဲ့သည်။

သူ့အနောက်အပြောင်စကားကို တုံ့ပြန်သောကောင်မလေး၏ဟန်ဆောင်အပြုံးက ဘာကြောင့်ပိုမဲ့မဲ့ဖြစ်နေရသည်မသိနိုင်။

အမိုးရောက်တော့ သူ့စိတ်တွေ အတိုင်းအဆမဲ့ကြည်နူးသွားရသည်။

တင်းနစ်တစ်ကွင်းစာတစ်မျှ ကျယ်ဝန်းသောခေါင်မိုးပတ်ချာလည်မှာ ပွတ်လုံးထိုးကျောက်တိုင်တွေနဲ့ ကာရံထားသည့်ဝရံတာ၊ အမိုးအကာနဲ့ရေကန်ကျယ်၊ ရေစက်၊ အစီအရီ အလှပန်းအိုးများမှ အလှပန်းများ စကျင်ကျောက်သား စားပွဲကုလားထိုင်တို့သည် Transparent Roof(ထွင်းဖောက်မြင်အမိုး)ဖြင့် အရာရာပြည့်စုံနေတော့သည်။

လက်ဆတ်သော သဘာဝလေ ... ကျယ်ပြောသာယာသော အဝေးဆီမှ ရန်ကုန်မြို့တော်ရှုခင်း၊ ရွှေရောင်တဝင်းဝင်း လေးဆူဓါတ်ပုံရွှေတိဂုံစေတီတော်ကြီး၊ ယှဉ်လျက် ထရေးဒါးဟိုတယ်နှင့် ဆာကူရာတာဝါ၊ အောက်ဘက်မှာတော့ သဲမော်တော်များ တအိအိခုတ်မောင်းနေသည့် ငမိုးရိပ်၊ ပြီးတော့ ဘေလီတံတား အားလုံးအားလုံးသည် စိတ်ကျေနပ်ဖွယ်ရာအတိပြီး၏။

ရှုမဆုံးနိုင်သော မြင်ကွင်းကျယ်၊ Pioneer ကို ပီတီဖုံးမျက်လုံးတွေနဲ့ ငေးလို့မဝနိုင်ပါချေ။

ဝရန်တာကိုလက်ထောက်ကာ အဝေးကိုငေးမျှော်၏။ အောက်ဘက် ငမိုးရိပ်ချောင်းကိုငုံ့ငေး၏။ အပေါ်ကောင်းကင်ပြာပြာကိုမော့ငေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

"ဘုံး"

"အား"

တစ်စုံတစ်ယောက် အမြင့်မှပြုတ်ကျသံအကျယ်ကြီး ကြားလိုက်၏။

အသံက သူ့အောက်တည့်တည့်မှဖြစ်သည်။

သူ့အလန့်တကြားနဲ့ ဝရံတာကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားမိသည်။

အောက်သို့ စိုးရိမ်တကြီးငုံ့ကြည့်၏။ သို့သော် အောက်မှာလည်း ဘာအရိပ်အယောင်မှမတွေ့ရပေ။

"ငါ ... ငါ စိတ်ထင်လို့များလား ... ဒါပေမဲ့ ငါအသေအချာကြားလိုက်ပါတယ်၊ ဘယ်လိုဖြစ်တာပါလိမ့်"

သူ့ကိုယ်သူ အိပ်မက်မှလန့်နိုးသူလို ဇဝေဇဝါနဲ့မယုံနိုင်ဖြစ်နေစဉ်မှာပင် ...

"အား ... မ ... မလုပ်ပါနဲ့၊ ရှင် ခုန်မချလိုက်ပါနဲ့ အ မ လေး ကြောက်တယ် ကြောက်တယ်"

စူးခနဲ အော်သံလာရာဆီသို့ကြည့်လိုက်သည်။

ဘေးချင်းယှဉ်လျက် တိုက်ပြတင်းပေါက်မှ ဆံပင်ဖွာရှိုးဖားရားနဲ့ မိန်းမတစ်ယောက် သူ့ကိုကြည့်ကာ ပြူးတူးပြဲတဲအော်နေ၏။

မျက်လုံးတွေက မကောင်းဆိုးဝါးတစ်ကောင်လို နီရဲပြူးကျယ်စွာ သူ့ကို အထိတ်တလန့်ကြည့်နေ၏။

သူပြန်လည်ပြီး စကားတစ်ခွန်းမှမပြောနိုင်ခင်။

"ခုန် မ ချ လိုက် ပါ နဲ့"





ဟု စူးစူးဝါးဝါးအော်လျက် သူ့မြင်ကွင်းမှပျောက်ကွယ်သွားတော့သည်။

ဘာရယ်မသိသော ခံစားချက်တို့ဖြင့် သူ့နဖူးမှချွေးစေးတွေ စို့သီးလာ၏။

ရင်သည်လည်း ကတုန်ကယင်နဲ့ လှိုက်ဟာလွန်းလှသည်။

စောစောကကြည်နူးမှုတို့ အငွေ့ပျံပျောက်ရှကုန်သည်။

သူ့အောက်ငုံ့ကြည့်ပြန်တော့ ဘာကြောင့်ရယ်မသိ။ ဒူးတွေ တဆတ်ဆတ်တုန်နေမိသည်။

"ဟိုဘက်တိုက် အထပ်တစ်ထပ်ပြုတ်ကျတာဖြစ်မှာပါ"

ဟု စိတ်ဖြေသည့်တိုင်အောင် ရင်တုန်ကမပြေချင်သေးပေ။

"ကို ... သက် ... ဝေ ... ကို သက် ဝေဆင်းခဲ့တော့လေ ... ဆင်းခဲ့ပါတော့ ..."

တကြော်ကြော်အော်ခေါ်နေသော အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီပိုင်ရှင် မသဥ္ဇာ၏အသံ ပျံတက်လာ၏။

"ဟုတ်ကဲ့ ကျွန်တော်အခုပဲဆင်းခဲ့ပါပြီ"

ပြန်ဖြေစကားဆိုရင်း စောစောလေးက တွေ့ခဲ့ရသော အမျိုးသမီးရှိရာသို့ လှမ်းကြည့်တော့ ပြတင်းတံခါးသည်ပိတ်လျက်ရှိ၏။

ပြတင်းတံခါး ပိတ်သံမကြားရလောက်အောင် သူထိတ်လန့်ခဲ့သည်လား။

သို့တည်းမဟုတ် ...

သူ ... ဘာကိုမှဆက်မတွေးရဲတော့ဘဲ မီးသတ်လှေကားအတိုင်း သုတ်ကြီးစွာဆင်းခဲ့လေသည်။

သူ့အောက်ရောက်တော့ ... မသဥ္ဇာမျက်နှာမှာ စိုးရိမ်ပူပန်မှုအရိပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖျတ်ဖျတ်လူးနေတာတွေ့ရ၏။

"စိတ်ပူလိုက်ရတာရှင် ... ရှင်က တော်တော်နဲ့ပြန်ဆင်းမလာတော့ ကျွန်မ အရမ်းစိုးရိမ်မိတာ၊ ရှင်ဘာလို့ ဒီလောက်တောင်ကြာနေရတာလဲ၊ ကျွန်မ စောင့်နေရတာ နာရီဝက်တိတိရှိသွားပြီ"

"ဩော် ... ဟုတ်လား ... အဲလောက်တောင်ကြာသွားလား၊ ဆော ပဲဗျာ ... ဟိုလေ ... ကျွန်တော် ငေးကောင်းကောင်းနဲ့ငေးမိနေလို့ပါ၊ ထ ပြန်ကျမယ်လေ"

"ပြန်တော့မလား စိတ်တိုင်းကျရဲ့လား ကိုသက်ဝေ၊ ရှင်ကသင်္ဘောသား ဆိုတော့ မြစ်၊ ချောင်း၊ ကမ်းနားနဲ့နီးနီးနေရတာ ပျော်မှာပေါ့နော် ဟုတ်တယ် မလား"

မီးတွေပြန်ပိတ်ရင်း မသဉ္ဇာမျက်နှာသည် နဂိုနေအတိုင်းပြန်လည်ကြည် လင်လာ၏။

"ကြိုက်တယ်ဗျာ၊ ဒါထက် စကားဖြတ်ပြောတာမဟုတ်ဘူးနော်၊ ဟိုအ ကျွန်တော် အပေါ်မှာရှိနေတဲ့ အချိန်တုန်းက မသဉ္ဇာဘာသံကြားလိုက်သေးလဲ"

"ရှင် ... မကြားပါဘူး ဘာလို့လဲ"

"လူတစ်ယောက် အိမ်ပေါ်ကနေ အိမ်အောက်ပြုတ်ကျသလိုမျိုး ဘုန်း ခနဲကြားလိုက်ပြီး အားခနဲသေမင်းငင်မတတ် အော်တဲ့အသံကြီး ကျွန်တော် ကြားလိုက်ရတယ်ဗျ"

"ရှင် ... ရှင်ကြားလိုက်တယ်၊ အဲ ... အဲ ... အဲဒါ ရှင့်စိတ် စိတ်ထင် လို့ဖြစ်မှာပါ၊ ရှင့် စိတ် ... စိတ်ထင်လို့ဖြစ် ဖြစ်မှာပါ၊ ရှင် ... အဲလိုမျိုးတွေ မပြောပါနဲ့ရှင်၊ ကျွန်မကြောက်တတ်တယ်လာပါရှင်၊ ကျွန်မတို့ဆင်းကြ"

"မဟုတ်ဘူးလေ ကျွန်တော် ဒီအိမ်ဝယ်ဖြစ်မယ် မဝယ်ဖြစ်ဘူးဆို





ဆုံးဖြတ်ချက်ပေးမလို့ ..."

"နောက်မှပြောလို့ရပါတယ်"

"မဟုတ်ဘူးဗျာ အခုပြောချင်တယ်"

"ရှင် မဝယ်ဖြစ်တော့ဘူး မဟုတ်လား"

"ဟင့်အင်း ကျွန်တော်ဝယ်မယ်"

"အိုး ... တကယ်နော်"

"တကယ်ပေါ့ ... ဘာဖြစ်လို့ဒီလောက်တောင် အံ့ဩသွားရတာလဲ၊ စရံမချဘူး တစ်ခါတည်းငွေအကြေချေမယ်၊ မသဉ္ဇာကသာ ပိုင်ဆိုင်မှုစာရွက် စာတမ်း အပြည့်အစုံနဲ့ ပိုင်ရှင်ကိုအမြန်ဆုံးဆက်သွယ်လိုက်ပါတော့၊ ဂန္ဓီဟောမှာ မြန်မြန်ဆက်သွယ်ပေးပါ၊ ဒီကနေ့ ဆက်သွယ်လို့ရရင် ဒီကနေ့ပဲငွေချေမယ်ဗျာ ဟုတ်ပြီလား"

"ရှင် ... တကယ်ပြောတာလား"

"ကျွန်တော်က ဟန်မဆောင်တတ်ဘူး"

"ဒါဆိုလည်း ငွေချေဖို့ပိုက်ဆံသာယူသွားတော့ ကိုသက်ဝေ၊ ပိုင်ဆိုင် မှုအပြည့်အစုံ ကျွန်မရုံးမှာရှိနေတယ်၊ ပြီးတော့ (First Owner) ပထမအိမ်ရှင် ကို ဆက်သွယ်ဖို့မလိုဘူး၊ ဘာလို့လဲဆိုတော့ ကျွန်မကို Special Power လွှဲထား ခဲ့လို့ပါပဲရှင့်"

"ဟာ ... အဲ ... ဒါဆို မသဉ္ဇာနဲ့တင်ပြီးတယ်ပေါ့"

"ရှင့် ငွေထုပ်ယူခဲ့ရုံပဲလေ၊ အခုငွေချေ အခုတက်နေလို့ရပြီပေါ့"

"ဟုတ်ပြီ ဒါဆို ကျွန်တော်အခုပဲဘဏ်သွားမယ်၊ ဒီနေ့ငွေချေမယ်ဗျာ ကြာလို့ ဟုတ်ပြီလား"

"ဒီနေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေဗျာ"

"ဒီနေ့တော့မလုပ်ပါနဲ့ရှင် တနင်္လာနေ့လည်းဖြစ်တယ်၊ အချိန်ကလည်း နှောင်းနေပြီ၊ မနက်ဖြန်မနက်ကိုးနာရီသာ ကျွန်မရုံးကိုပိုက်ဆံအပြည့်အစုံနဲ့ အရောက်လာပါကိုသက်ဝေ၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ကိုသက်ဝေ ကံကောင်းပါစေလို့ သဗ္ဗာဆုမွန်ကောင်းတောင်းပေးပါတယ်ရှင်"

"အိုခေ ဆီးယူတူမောရိုး မသဗ္ဗာ"

"(9:00 am due date) နိုင်းအေအမ်(မ်)ဂျူးဒိတ် ကိုသက်ဝေ၊ ကျွန်မ ရုံးခန်း"

"စိတ်ချ အိုင်(လ်)ဘီးသ(ရ်)"

အိမ်ရှေ့မြတ်ခင်းစိမ်းလေးရှေ့မှာ သူကတိပေးရင်း မနက်ဖြန်ဆိုရင် ပိုင်ဆိုင်ရတော့မည့် အိမ်ကလေးကို ကြည်ကြည်မွေ့မွေ့နှုတ်ဆက်ခဲ့ပါသည်။

ဒီအချိန်မှာတော့ စောစောက ထင်ယောင်ထင်မှားကြားခဲ့သည့် အသံ နက်ကြီးကို မေ့လျော့သွားပါတော့သည်။

မနက်ဖြန်ငွေချေပြီးတာနဲ့ ချစ်သူကိုဖုန်းဆက်ပြောပြမည်။ ချစ်သူ ဘယ် လောက်တောင်ပျော်သွားမလဲ။

အတွေးစိတ်ကူးတို့နှင့်အတူ ကိုသက်ဝေတစ်ယောက် ပျော်ပျော်ကြီး ပြုံးလိုက်မိပါ၏။



## ၂။ အိပ်မက်ထဲမှ သရဲခိုစံအိမ်

"ကို ရေ … ကို … နှင်း အထုပ်တွေလာသယ်ပါဦး၊ ဟောဒီ'ကို' တစ်ယောက်ကတော့လေ — ခေါ်မကြား၊ အော်မကြားနဲ့ အဲဒါတွေနှင်းမကြိုက် တာပဲ"

နှင်းနုထွေးက တဗျစ်တောက်တောက်ပြောရင်း တက္ကစီပေါ်မှာ အဝတ် အစား၊ Case နှင့်မောင့်အတွက် မန္တလေးလက်ဆောင် ထိုးမုန့်၊ လမုန့်နှင့်စားစရာ တွေထည့်လာသောခြင်းတောင်းကို မနိုင်မနင်းဆွဲချလိုက်၏။

"အစ်မ … အိမ်ထဲထိကျွန်တော်လိုက်သယ်ပေးရမလား"

ကားသမား၏ ပရိသန္တရစကားကို သူမပြုံးရင်းခေါင်းရမ်းပြ၏။

"ကျေးဇူးပါပဲရှင်၊ ကျွန်မသယ်နိုင်ပါတယ်"

"ဒါဆို ခွင့်ပြုပါဦး အစ်မ"

"ဟုတ်ကဲ့ပါရှင်"

ကားသမားနှုတ်ဆက်ပြီး တက္ကစီကလေးခြံဝန်းအပြင်ရောက်သွားသည့် တိုင်အောင် ကို့အရိပ်အယောင်မတွေ့ရသေးပေ။ သိပ်စိတ်တိုဖို့ကောင်းတဲ့ကို့။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မရသည့်ကိုကို ထပ်မခေါ်တော့ဘဲ သူမအထုပ်တွေကို သူမဘာသာ ဧည့်ခန်းအထိသယ်ခဲ့သည်။

ဧည့်ခန်းအပြင်အဆင်ကို မျက်စိဝေ့ကြည့်၏။

သူမရဲ့ အလိုမကျမှုတွေချက်ချင်းကင်းစင်သွားရသည်။ အို ... ရင်ခုန်သံတွေပင်မြန်လာပါသည်။

နာရီ။

သူမအရပ်အမြင့်ရှိသည့် သပြေညိုရောင် ကျွန်းပွတ်လုံး ပန်းကနုတ်များနဲ့ နာရီ။

လက်ပတ်နာရီမကြိုက်သလို အချိန်မတိကျတတ်သည့်ကိုကိုသူမကိုယ်တိုင် လက်ဆောင်ပေးခဲ့သည့်နာရီ။

ထိုနာရီကို'ကို' Second Officer စာမေးပွဲအောင်သည့် အမှတ်တရ အဖြစ်သူမပေးတော့ 'ကို' ပြောခဲ့သည့်စကားကို ယခုတိုင် နှင်းကြားယောင်နေဆဲ မှတ်မိနေဆဲပါ။

"နှင်းက အချိန်မလေးစားတဲ့ကိုကို တစ်သက်လုံးမှတ်မိအောင် ဆုံးမလိုက်တာပေါ့လေ"

"ဒါတင်ဘယ်ဟုတ်သေးမလဲ၊ ဒီနာရီထဲမှာ နှစ်တစ်ရာပြက္ခဒိန်လည်းပါတယ်၊ ကိုနဲ့နှင်းအချစ်တွေနှစ်တစ်ရာတိုင်အောင် တည်မြဲစေချင်လို့"

"ဟာ ... Excellent Idea ပဲ"

"မပြီးသေးဘူး ရှိသေးတယ်၊ တစ်နာရီတစ်ကြိမ်တွန်တဲ့ ဥဩငှက်လေးလည်းပါသေးတယ်၊ ကိုကို နာရီနှင့်အမျှလွမ်းနေတာသိဖို့ နှင်းကိုနာရီနှင့်အမျှ လွမ်းနေအောင်လို့ အလွမ်းငှက်လေးကအသိပေးနေလိမ့်မယ်"

"အဲဒါဆိုရင်တော့ နှင်းရဲ့ဥဩငှက်လေး အသံဝင်တော့မှာပဲကွာ၊ ဘာ





လဲဆိုရင် ... 'ကို'ကနှင်းကို စက္ကန့်နှင့်အမျှလွမ်းနေတာလေကွာ၊ စက္ကန့်တံတစ် ချက်ရွေ့လိုက်တိုင်း နှင်းဥဩငှက်လေးအော်နိုင်ဖို့'ကို' မှန်ချိုဆေးတွေ ပါကင်လိုက် ဆောင်ထားရမယ်"

"ဟာ ဟာ ဟ ... ကိုသက်ဝေကနေ ကိုပွားစိန်လို့နာမည်ပြောင်းမယ် ဟေ့ ... ပွားချက်ကမနိုင်ဘူး၊ မူးလဲနိုင်တယ်ဗျို့ ... နှင်းနုတွေးမူးလဲသွားပြီ ဗျို့ ... "

အဲဒီတုန်းကအပျော်တွေ ယခုတိုင်အောင်နှင်းရင်ထဲမှာ ကူးစက်ဆွတ်ပျံ့ လို့နေသည်။

အတိတ်ကိုတွေးမိရာမှ ယခုတိုင်အောင်ရောက်မလာသေးသည့် 'ကို' ကို သတိရတော့ နှုတ်ခမ်းအလိုလိုစူမိသည်။

သူမ'ကို' ကိုထပ်မခေါ်တော့ဘဲ ဧည့်ခန်းထဲမှထွက်ခဲ့၏။

ပိတ်ထားသောအိပ်ခန်းတံခါးကို ခေါက်ကြည့်သည်။ အခန်းထဲမှာ'ကို' မရှိနိုင်။ 'ကို'ကနေမြင့်အောင်အိပ်လေ့မရှိသလို အိပ်ရေးလည်းဆတ်၏။ သူမ အခုလို တံခါးခေါက်တာကိုမဆိုထားနှင့် စောစောကလိုအိမ်အပြင်မှာ ကားသံကြား ရလျှင်ပင် အိပ်ရာနိုးတတ်သည်။

ဒါဖြင့်'ကို'မရှိလို့များလား။

ဒါလည်းမဖြစ်နိုင် အိမ်တံခါးဖွင့်လျှက်ကြီးတော့ 'ကို' အပြင်ထွက်မည် မဟုတ်။

သော့ပိတ်ထားသည့်အခန်းက စတိုခန်းဖြစ်မည်။ ရေချိုးခန်း အိမ်သာ ထဲမှ ရေသံလည်းမကြားရပေ။

နောက်ဖေးမီးဖိုချောင် ထမင်းစားခန်းထဲမှာလည်းမရှိဘူးဆိုတော့ သူမအိမ်ပေါ်တက်ကြည့်ဖို့ပဲရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးနှင့်အတူ … လေ့ကားထစ်တွေပေါ်ခြေသံခပ်ပြင်းပြင်းနှင်းကာ အိပ်ပေါ်ရောက်ခဲ့သည်။

'ကို' အိမ်ကတော်တော်သားနားသည်ပဲ။ သူမစိတ်ထဲမှာတော့ အခုချိန်မှာ ကိုကိုတွေ့ချင်နေတာသာသိသည်။

"ကို … ဟေ … ကို … နှင်းရောက်လာပြီလေ … ကိုဘယ်မှာလဲ"

သူမ အဆင်မပြတ်လည်းအော်ခေါ်၏။

ဧည့်ခန်း၊ စာကြည့်ခန်း၊ ဝရံတာ၊ အိပ်ခန်းမည်သည့်နေရာမှာမှ ကိုကို ရှာလို့မတွေ့ရပါ။

တဖြည်းဖြည်းတိုလာသည့်စိတ်က အံ့သြစပြုလာ၏။ ပြီးတော့ စိုးရိမ်ပူပန်မှု ဒီဂရီကမြင့်သထက်မြင့်လာ၏။

ကို တစ်ခုခုဖြစ်လို့များလား …

စိုးရိမ်မှုကြောင့်ရင်သည် မီးစနဲ့ထိုးသလိုလောင်မြိုက်လွန်းလှ၏။

ဟိုးအရှေ့မှာရှိသည့် အိပ်ခန်းတစ်ခန်းသာလျှင်ရှာရန်ကျန်တော့သည်။ ထိုအိပ်ခန်းမှာမှ မတွေ့ရလျှင် …

သူမဆက်ပြီးမတွေးရဲတော့ဘဲ အိပ်ခန်းတံခါးခေါက်ရန် လက်ရွယ်လိုက်စဉ် …

"ဝုန်း"

အိပ်ခန်းတံခါးကျယ်လောင်စွာ မြည်ဟည်းလျှက်ပွင့်လာ၏။

သူမ ထိတ်ခနဲဝမ်းသာသွားကာ ကို့ ကိုပြေးဖက်လိုက်သည်။

သို့သော် …

ဒုန်း

"အမေ့"





သူမလက်ထဲမှ ကို ဘယ်လိုဘယ်လို လွတ်ထွက်သွားသည်မသိပါ။

သူမမှာတော့ လေကိုပွေ့ဖက်မိသူလို ကိုယ့်အရှိန်ကို ကိုယ်မထိန်းနိုင်ဘဲ တံခါးချပ်ကိုဝင်တိုက်မိပြီး ခွေခွေလေးလဲကျသွားသည်။

တိုက်မိသည့်အရှိန်ကြောင့် လက်မောင်းတစ်ဖက်လှုပ်မရအောင် ကိုက်ခဲနာကျင်လွန်းလှ၏။

သို့တိုင်အောင် ကိုက သူမကိုတွဲမထူဘဲ ကျောခိုင်းရပ်နေသည်။

လက်မောင်းမှ နာကျင်သည့်ဒဏ်ရာထက် ကို့ရဲ့ဂရုမစိုက်ရက်စက်မှုကြောင့် သူမမျက်ဝန်းတို့၌ မျက်ရည်ဥတွေအိုင်ထွန်းလို့လာ၏။

မျက်ရည်များအကြားမှ မြင်ရသောကိုယ့်ရဲ့ပုံရိပ်သည် ဝေဝါးလွန်းလှသည်။

စိတ်နာ၍ ကိုကိုမကြည့်လိုဟုမျက်နှာလွှဲလိုက်ပေမယ့် အချစ်ရဆုံးကိုကိုမကြည့်ဘဲလည်းမနေနိုင်။ နာကျင်သော လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ရင်းသာ ကိုကိုမော့ကြည့်နေမိ၏။

ရေချိုးခန်းသုံး တဘက်ကို ခါးမှာပတ်ထားပြီး အပေါ်ပိုင်းဗလာကျင်းကိုနှင့်ကိုယ်သည် သူမမြင်နေကျအချိုးအဆစ်ထက် ပိုမိုဆူဖြိုးဝတုတ်ကာ အသားအရောင်မည်းပြောင်နေသည်မှာ ဘာကြောင့်များပါလိမ့်။ ကိုသည် ကိုနှင့်မတူတော့ပါလား။

သူမအံ့သြထိတ်လန့်စွာ ထရပ်ရန်ကြိုးစားသည်။

သို့သော် သူမခြေထောက်တွေ ထုံကျင်ကိုက်ခဲနေ၍ လုံးဝမတ်တတ်မရပ်နိုင်ပေ။

"ကို မဟုတ်ဘူး ဒါ ကိုမဟုတ်ဘူး"

သူမ ဖွတ်အတင်းအော်နေဆဲမှာပင် … 'ကို'ဟု သူမထင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



လျှကြီး သူမကိုကျောခိုင်းထားရာမှ ပြုံးခနဲ သူမဘက်မျက်နှာလှည့်၍ကြည့်လိုက်ရာ ...

သူမရင်ပြင်တစ်ခုလုံး ကြေမွမွန်းကျပ်သွားရသည်။

နီနီစူးစူးမျက်လုံးကြီးနှစ်လုံးက မီးတောက်တွေ ကဝုန်းဝုန်းတောက်လောင်နေသည့်အလား ပြူးကျယ်ဆူထွက်နေသည်။

ထူထဲကြီးမားသောနှုတ်ခမ်းကြီးများ ဖြဲဟထားသည့်အတွင်းမှ သွေးစွန်းရောင်မည်းချိတ်နေသော ... သွားကြီးများကိုအော်ဂလီဆန်ဖွယ် တွေ့လိုက်ရ၏။

သူမ သေလုမျောပါးကြောက်စိတ်ကြောင့် တစ်ကိုယ်လုံးတဆက်ဆက်တုန်ရင်လျှက်ရှိသည်။

ထိုအချိန်မှာပင် သရဲသဘက်ရုပ်ပေါက်နေသော ထိုလူကြီး၏ကြီးမားဝင်းလတ်သောရွှေရောင်နာရီ အကောင်းစားကြီးပတ်ထားသည့် လက်မည်းမည်းက သူမရဲ့နာကျင်ကိုက်ခဲနေသော လက်မောင်းကိုဖမ်းဆုပ်လိုက်ပါ၏။

“အား ... ”

သူမအသံဝင်အောင် အော်ဟစ်လျှက် ရှိသမျှအားကုန်ထုတ်ညှစ်ပြီး ထွက်ပြေးခဲ့သည်။

လှေကားထိပ်ရောက်သည်အထိ သူမလက်မောင်းကိုဆုပ်ကိုင်ထားသောလက်မည်းကြီးကမလွှတ်၍ ကြောက်ဒူးတုန်စွာကြည့်လိုက်ရာ –

သူမမျက်လုံးကျွတ်ထွက်မတတ် ကြောက်လန့်သွားရသည်။

သူမကိုသာဖမ်းကိုင်ထားသည်။ သရဲသဘက်အသွင် လူကြီးကမူ သူမအနီးမှာမရှိပေ။ အိပ်ခန်းတံခါးအနီးမှာ စောစောကအနေအထား အတိုင်းညို့မှိုင်ရပ်လျှက် သူမထံပြုံးပြုံးကြီးငေးနေ၏။ သူမလက်မောင်းကိုဆုပ်ကိုင်ထားသည့်





လက်မည်းကြီး၏ လက်တံကြီးသည်သာ ကြောက်မက်ဖွယ်ရှည်လျားလွန်းနေတော့သည်။

“အား”

သူမ လည်ချောင်းတစ်ခုလုံး ကွဲအက်သွားမတတ်အသံနဲ့ အော်ချလိုက်ပါ၏။

“ဖယ် ... လွှတ် ... လွှတ် ပါ ငါ့လက်ကိုလွှတ်”

ပါးစပ်မှအဆက်မပြတ်ပြောသည့်တိုင်အောင် သူမလက်ကိုမလွှတ်သေးသောအခါ သူမ လက်မည်းကြီး၏လက်ခုံကို သွားနဲ့ငုံကိုက်ချလိုက်သည်။

တွန့်ခနဲဆုပ်ကိုင်သည့် လက်အတွန့်မှာ သူမအိမ်အောက်ထပ်သို့ ပြေးဆင်းခဲ့ပါတော့သည်။

သူမ လက်မောင်းတစ်ဖက်သည်ကား ယခုတိုင်နာကျင်နေဆဲဖြစ်သည်။

“ကို ... ရေ ... ကို ... နှင်း ကို ကယ် ပါဦး ... နှင်း ကို ကယ်ပါ ဦး၊ အီး ... ဟီး ... ဟီး ... အီး ... ”

“နှင်းနုထွေး ... ဟဲ့ ... နှင်းနုထွေး ...ဩော် ဒီကောင်မလေး အိပ်မက်ယောင်နေတာလား – မျက်ရည်တွေနဲ့ဟယ် ဘာလဲ ရည်းစားပစ်သွားတယ်လို့ အိပ်မက်မက်လို့လား၊ စိတ်မပူပါနဲ့ ဟယ် ... နင့် ချစ်ချစ်က အခုပဲ ဖုန်းဆက်နေပြီဟဲ့၊ ဖုန်းလာကိုင်ဦး”

မန်နေဂျာမစိုးသင်း၏ အော်သံကြောင့် အိပ်မက်ဆိုးထဲမှာလူးလိမ့်နေခဲ့သော နှင်းနုထွေးလန့်နိုးလာသည်။

အိပ်မက်ထဲကအတိုင်း သူမ၏ဘယ်ဘက်လက်မောင်း ထုံကျဉ်ကိုက်ခဲနေသည်မှာ ခေါင်းချပြီးအိပ်ခဲ့မိ၍ဖြစ်မည်။

နေ့လယ်နေ့ခင်း အိပ်ပျော်လေ့ အိပ်ငိုက်လေ့မရှိပါပဲ ဒီကနေ့သာ ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငိုက်လို့ ဘာလို့အိပ်မက်ဆိုးမက်ရသည်မသိ။

အိပ်မက်ထဲမှာ သူမရောက်ရှိသွားသော 'ကို' ဝယ်လိုက်သည့်အိမ်ကြီးသည် ၎င်း မည်းနက်ဝတုတ်သော သရဲသဘက် ဖုတ်ပြိတ္တာကောင်ကြီးကို၎င်း သူမအာရုံထဲမှာဖျောက်ဖျက်၍မရနိုင်အောင် စွဲထင်နေတော့သည်။

အခါတိုင်းဆိုလျှင် ကိုနှင့်ဖုန်းဆက်ရမည်ဆို လှုပ်လှုပ်ထမြူးနေသော သူမအခုတော့ မမြင်ရသော အန္တရာယ်အငွေ့အသက်ရရှိနေသူလို စိုးထိတ်နေမိသည်။ ကို ... နေလို့မှကောင်းရဲ့လား။

ဖုန်းကိုဆုပ်ကိုင်ထားသောလက်ချောင်းများ အေးစက်တုန်ရင်ချင်နေ၏။

"နှင်း ... "

ချိုရီမြူးကြွသော 'ကို့'အသံကိုကြားရလေမှ သူမစိတ်ပူမှုလျော့ကျသွားရသည်။

အိပ်မက်အကြောင်း 'ကို့'ကိုပြောပြလိုက်ရရင်ကောင်းမလားလို့ တွေးမိပေမယ့် 'ကို' စိတ်ဆင်းရဲသွားမှာပဲ စိတ်အနှောင့်အယှက်ဖြစ်သွားရမှာပဲတွေးမိတော့ ပြောလိုသည့်အိပ်မက်ကိုမပြောမိတော့ပါ။

"နှင်း ... 'ကို' ပြောနေတာကြားလား။ နှင်း ဘာတွေတွေးနေတာလဲ နှင်းရယ်"

'ကို' မချင့်မရဲပြောနေ၏။

'ကို' ဆိုတဲ့ ကိုသက်ဝေဆိုတာ အဲ့လိုလူ။ နှင်းမျက်နှာကိုမတွေ့ရဘဲ မိုင်လေးရာခရီးမှာရောက်နေပေမယ့် နှင်းမျက်နှာအပြောင်းအလဲ၊ နှင်းစိတ် အညိုအလန်းတို့ကို အပ်ကျမတ်ကျသိနိုင်သူ။

"ဆောရီး ကိုကို အဟီး ဆောရီး ကိုကို"





"ဟာ ဒီကလေး နောက်မနေနဲ့ကွာ 'ကို' ကအရမ်းအရေးကြီးတဲ့စကားပြောမလို့ကွ"

"တကယ်လား မမ"

ကြော်ငြာထဲမှ ကလေးသံအတိုင်းနှင်းပြောတော့ ...

"ဒီကောင်မလေး ... ဘယ်လိုဖြစ်"

ဆိုပြီး 'ကို' ရယ်ပါသည်။ သဘောထားကြီးမြတ်သူတစ်ဦး၏ စိတ်အရောင်အသွေးတွေ ပေါ်လွင်ထင်ရှားသည့် ရယ်သံနဲ့ 'ကို'ရယ်ပါသည်။ အဲဒါတွေကြောင့် 'ကို့' ကို နှင်းစွဲစွဲနစ်နစ် မြတ်နိုးခြင်းဖြစ်မည်။

နှင်းအပေါ်စိတ်မဆိုးရက်အောင် ချစ်သော 'ကို့' ကိုသူမချစ်ပါသည်။

"ပေါက်တောတောလုပ်မနေနဲ့နှင်းရေ ... နှင်းကမကြာခင် အိမ်ထောင်ရှင်မဖြစ်ရတော့မယ်ကွ 'ကို့'ဘက်က အရာရာအဆင်သင့်ပြင်ဆင်ပြီးပြီ"

"မဟုတ်တာနဲ့လျှောက်ပြောမနေနဲ့"

"ဟုတ်တာပဲပြောနေတာပါနှင်း။ လာမယ့်အပတ်ထဲ နှင်းခွင့်တစ်လယူပြီး ရန်ကုန်ဆင်းခဲ့တော့ကလေးရေ ... တရားရုံးမှာလက်ထပ်မယ်၊ မင်္ဂလာဆောင်ကိုယ်တိုင်စာသင်တိုက်မှာ မင်္ဂလာဆွမ်းကျွေးမယ်၊ အိမ်သစ်မှာ Dinner လုပ်မယ်"

"ဟယ် ဖြုန်းစားကြီးပါလား။ ဘယ်လိုဖြစ်လို့ ဒီလောက်လောနေရတာလဲ ပြီးတော့ အိမ်သစ်ဆိုတာဘာလဲ 'ကို' အရင်ငှားတဲ့အိမ်ကနေပြောင်းသွားပြီလား"

"ဟုတ်တယ်ကလေးရေ ... နှင်းနဲ့ကိုအတွက် အဆင်သင့် အဆင့်မြင့်ပြင်ဆင်ပြီးသား အာရ်စီနှစ်ထပ် နှင်းအရမ်းကြိုက်သွားမယ်၊ ကိုယ်ဝယ်လိုက်ပြီ"

"ဘယ်လို ဘယ်လို ... 'ကို' ဘာပြောတယ်"

"ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်သူဗိမ္မာန်တစ်လုံး ကိုယ်အခုပဲငွေအကြေချေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝယ်ပြီးပြီနှင်း ... ''

'' ... ''

သူမထိတ်ခနဲဖြစ်ကာ ရင်တွေတလှပ်လှပ်တုန်လာသည်။

ဟောဒီ 'ကို' စကားကို အိပ်မက်မမက်ခင်ကသာဆိုလျှင် သူမကြား ကြားခြင်းထကမိမလားမဆိုနိုင်။

အခုတော့ ... ရင်ထဲမှာ နင်ဆို့ဆို့ကြီးမွန်းကြပ်လွန်း ...

''ခြံကလည်းကျယ်တယ်နှင်း၊ ပတ်ချာလည်အုတ်တံတိုင်းကလည်း အမြင့်ကြီးပဲကွ၊ အိမ်ရှေ့မှာ မြတ်ခင်းအကျယ်ကြီးကို ကျူးဘားအုန်းနဲ့ အာသောကပင်တွေနဲ့ အနားသတ်ထားပြီး ဂငယ်ပုံအဝင်အထွက်ကားလမ်းနဲ့ ပေါ်တီကိုအမြင့်ကြီးနဲ့ နှင်းသိပ်ကြိုက်မှာ''

ရွှန်းရွှန်းဝေနေသောပြောနေသော ကို့စကားသံတွေကိုကြားရသည်နှင့် သူမရင်တစ်ပြင်လုံး ယိမ်းတိုးလှုပ်ခါနေတော့သည်။ သူမ အိပ်မက်ထဲမှ အိမ်နှင့် 'ကို' ပြောသမျှတို့ ထပ်တူညီမှုကကြောက်မက်ဖွယ် ကံဆိုးခြင်းလေလားမဆိုသာပေ။

''နှင်း ... ဟာကွာ ပြောရတာအားမရလိုက်တာကွာ ... အင်းမလှုပ် အဲမလှုပ်နဲ့ နှင်းနေမကောင်းလို့လား''

'ကို' စိုးရိမ်ပူပန်သွားမှာကိုတော့ နှင်းစိုးထိတ်ပါ၏။

''မဟုတ်ပါဘူး 'ကို'ရယ် ... ဟိုလေ ... နှင်းတို့နှစ်ယောက်တည်း အတွက် အိမ်ကြီးကသိပ်များကြီးနေမလားလို့ ... ''

''နှစ်ယောက်တည်းမှမဟုတ်တာပဲနှင်းရာ ... မကြာမီ ကိုယ်တို့နှစ် ယောက်ဆီကို ကြွရောက်ချီးမြှင့်ပေးမယ့် သားသားနဲ့မီးမီး၊ ပြီးရင် မြေးနဲ့သား မြေးနဲ့မီး၊ ပြီးရင် ... မြစ်သားနဲ့မြစ်မီး ... အားလုံးကိုစဉ်းစားထားရတာကွ''





တတ်ကြွရှင်လန်းနေရှာသော 'ကို့'ကို သူမအိပ်မက်ဆိုးရဲ့ အရိပ်တွေ မထင်ကျန်စေလိုပါ။

'ကို' စိတ်ပျော်ရွှင်ဖို့သည်သာ နှင်းအတွက်အရေးကြီးဆုံး ဆန္ဒဖြစ် သည်လေ။

'ကို'စိတ်ပျော်ဖို့ ဆိုတာကလည်း နှင်းကိုယ်တိုင်ပျော်မှုဖြစ်မည်။

ဒီတော့ ...

သူမစိတ်ပင်ပန်းမှုတွေ အားလုံးအဝေးဆုံးသို့ မောင်းထုတ်လိုက်ပါ ၏။

''ကမ္ဘာသစ်တည်မယ့် အာဒမ်၊ ဧဝ လက်သစ်ပေါ့ ဟုတ်လား၊ ကို စိတ်ချ မကြာခင် နှင်း 'ကို့' ဆီအရောက်လာခဲ့မှာပါရှင်''

ဆိုတော့ ...

''ကျေးဇူးပါပဲ ကလေးရယ်''

တဲ့လေ ...

'ကို' အရမ်းပျော်သွားပုံပါပဲ။

'ကို' နဲ့ထပ်တူ သူမလည်းပျော်လိုပါသည်။ သို့သော် ... ထူးဆန်းသော အိပ်မက်ကြီးကိုတော့ နှင်းမေ့မပျောက်နိုင်အောင် ထိတ်လန့်မိပါ၏။

ကြက်သီးမြန်း၊ ဖြန်းထ, ကြောက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃။ အလှူပွဲလာ သရဲပြဿနာ

"မလုပ်ပါနဲ့ နှင်းနုထွေးရယ် _ အစ်မသားလေးရဲ့ရှင်ပွဲ(ရှင်ပြုအလှူ) ကိုတော့ မငြင်းလိုက်ပါနဲ့ဟယ်၊ နင်ပဲလိုက်မယ်လို့ပြောပြီးသားပဲ၊ အခု အလှူ ရက်နားနီးမှ ဖြုန်းခနဲ အစီအစဉ်ဖျက်ပစ်လိုက်တာတော့ မကောင်းဘူးဟာ၊ တစ်ရုံးလုံးလိုက်ကြမှာကို ငါအခေါင်ဆုံး နင်က မလိုက်ဘူးဆိုတာတော့ လုံးဝ မဖြစ်သင့်ဘူး။ မလိုက်ဘဲနေချင်နေကြည့်ပေါ့ ငါနင့်ကိုတစ်သက်လုံးစကားမပြော တော့ဘူး ... "

နှင်းနုထွေး စိတ်ရှုပ်ထွေးလွန်းလှတော့သည်။

ဘဏ်မှူမန်နေဂျာ မအေးချမ်း၏အလှူပွဲ (ပြင်ဦးလွင်) ကိုလိုက်ပါမည့် အကြောင်း ပြီးခဲ့သည့်လကတည်းက သူမခေါင်းညိတ်ခဲ့သည်မှာမှန်သည်။ ထိုအချိန်တုန်းက သူမနှင့်ကို့ အစီစဉ်မှမရှိခဲ့သေးပဲကိုး။ ဟော ... အခုတ သူမနှင့်ကို့ရဲ့တွေ့ဆုံမှုက အထူးအရေးကြီးနေပေပြီ။ ဘဝနဲ့ယှဉ်ပြီးတော့ကို အလွန် အမင်းအရေးကြီးနေလေပြီ။

သို့မို့ကြောင့် အခုလိုက္လုန်မ မလိုက်နိုင်တော့ဘူး၊ အစ်မရယ်ဟုလည်း





ငြင်းရော မစိုးသင်း ထပေါက်ကွဲခြင်းဖြစ်၏။

"စိတ်ညစ်ပါတယ် အစ်မရယ် _ 'ကို' ကလည်း ကျွန်မကို ခွင့်တစ် လယူပြီး ရန်ကုန်အမြန်ဆင်းခဲ့ဖို့ပြောနေတာ _ ကျွန်မတို့နှစ်ယောက် လက်ထပ် ကြတော့မှာမို့ပါ။ မဟုတ်ရင် ကျွန်မ မငြင်းပါဘူး"

သူမ မအေးချမ်းအားလေပြည်ထိုးတော့ မအေးချမ်းမျက်နှာ တစ်ချက် ပြန်ရွှင်လာ၏။

"အို _ အေ _ ခွင့်တစ်လလုံးလုံးထဲ ငါ့အလှူအတွက်တစ်ညအိပ် လေးတောင် တွန့်တိုတာတော့ နင်တို့ကပိုသွားပြီ၊ ငါတို့လင်မယားဖြင့် တစ်လ လုံးနေမှ တစ်ညပဲတွေ့ရတယ်၊ ဒါတောင် လေးဆယ့်နှစ်မိုင်ပဲဝေးတဲ့ ပြင်ဦးလွင် နဲ့ မန္တလေးခရီးပါအေ ... "

"နီးနေတော့ ဖြေသာသေးတာပေါ့ အစ်မရယ်"

"အမယ် _ ဖြစ်နေလိုက်တာ _ မသိဘူး မရဘူး။ တစ်ညအိပ်တော့ လိုက်ခဲ့ရမယ်၊ သက်ဝေဆီ ငါကိုယ်တိုင်ဖုန်းဆက်ပြီး ခွင့်တောင်းပေးမယ်၊ တကယ် တဲတော် _ ချစ်နေကြပုံများ ကမ္ဘာလောကကြီးထဲ သူတို့နှစ်ယောက်တည်းပဲ ရည်းစားဖြစ်ဖူးသလိုလို ... "

"အစ်မဖုန်းဆက်ပေးမယ်ဆိုရင်တော့ ဖြစ်ရင်ဖြစ်မှာပေါ့"

"အခုကတည်းကကြောက်နေရပြီလား နှင်းနုထွေးရယ်"

"ချစ်တာပါ မအေးချမ်းရဲ့"

"ချစ်နိုင်သူတွေ ချစ်ကြပါ၊ ချစ်ပိုင်ကြီးမရှိတော့လွမ်းရတယ် ခွေးရ တယ်"

"မအေးချမ်းကလည်း ဘာထူးသေးလဲ၊ ကြိုတုန်းအစ်မယောက်ျား ကိုချစ်ပိုင်ကြီးကိုလေ ဖမ်းလွမ်းနေတာပဲမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ― နှင်းနုထွေး ― ပျင်းနေပြီဟယ် ― ခဏလေးသည်းခံပေး ပါဟာ ― မနက်လင်းရင် ချစ်သူရှိရာရွှေမြို့တော်ကြီးဆီ သွားရတော့မှာပါဟဲ့ အင်းလေ ― ပျင်းမယ်ဆိုရင်လည်း ပျင်းလောက်တာပေါ့၊ နင်က ညေ့သည် ကြီးလိုနေနေတာကို ... "

"မပျင်းပါဘူး အစ်မရယ်၊ မန္တလေးမှာ အစ်မဆိုပြနေကျ ချစ်ပိုင်ကြီး မရှိတော့ လွမ်းရတယ်၊ ဆွေးရတယ် ဆိုတဲ့သီချင်းပြန်ကြားယောင်ပြီး လျှောက် တွေးနေမိလို့ပါ၊ နင်းဘာကူလုပ်ပေးရမလဲ"

"လုပ်စရာရှိလို့တော့မဟုတ်ပါဘူး၊ နင်ပျင်းနေမှာစိုးလို့ ― လာလာ ငါ့ညီမ ပူစူးကိုလက်ဘက်ပွဲပြင်တဲ့ ဗိုင်းမှာသွားထိုင်နေလိုက်"

"ရပါတယ် အစ်မရယ် ... နင်းနေတတ်ပါတယ်"

"လာပါဆိုဟယ် ... နင်ကလည်း အနေမကျူ့စမ်းပါနဲ့"

မအေးချမ်းသည် သူမကိုယ်တိုင်ဖွတ်အတင်းခေါ်ခဲ့ရ၍ နှင်းနုထွေးအား အားတုံ့အားနာဖြစ်နေဟန်တူသည်။ သူမ၏ညီမ ပူစူးတို့ရှိရာခြံထဲရှိ စားပွဲဝိုင်းဆီ သို့ ဆွဲခေါ်လာ၏။

"ငါက နင့်ကိုချစ်လို့ခေါ်တာပါဟယ်၊ နှိပ်စက်ချင်လို့မဟုတ်ပါဘူး"

"ဟာ ... အစ်မ စိတ်ဓာတ်ကို ကျွန်မရော ကိုရောသိပြီးသားပါရှင်"

"ဟွန်း ... သူ့ကိုကိုမပါရင် စကားမပြောတတ်ဘူး၊ ပူစူးရေ ― "

"ရှင် ... မမ"

"နှင်းနုထွေးတစ်ယောက်တည်းပျင်းနေမှာစိုးလို့ နင်တို့ဆီခေါ်ထားလိုက်"

"ဟုတ် မမ ... လာ မနှင်းနုထွေးပျင်းနေရင်ပြောနော်၊ ကျွန်မ သူငယ်ချင်းတွေတစ်ယောက်တစ်လှည့်စီ ကပြလိမ့်မယ်၊ဟုတ်တယ်နော် အစန်း ဟုတ်တယ်နော် ဝင်းကြည် ... "





"ဟုတ်တယ် ... ဒါပေမဲ့ ကျွန်မတို့အဖွဲ့မှာစည်းကမ်းချက်တစ်ခု ရှိတယ်၊ အဲဒါကတော့ ― ညေ့သည်ရောက်လာရင် အဲဒီညေ့သည်က အရင် ဆုံးကပြရတာပဲ ... နော ... ဝင်းကြည်ရယ် ... "

"ဟုတ်တယ်လေ ― ညေ့သည်ပြီးရင်တော့ နင့်အလှည့်"

"နင့်အလှည့်ပါ ဘာမေ့ချင်ယောင်ဆောင်နေတာလဲ"

"နင့်အလှည့်"

"မဟုတ်ဘူး နင့်အလှည့်"

"နင့် အလှည့်ပါဆို"

"ဟာ တော်ကြစမ်းပါဟာ ... နားတွေပူလွန်းလို့၊ အဲဒါသာကြည့် တော့ မနှင်းနုထွေးရေ ... ကျွန်တို့အုပ်စုက ဒီလိုဗရုတ်သုတ်ခတွေပဲ၊ စိတ်ညစ် သွားလား အားနာဖို့ကောင်းလိုက်တာ"

"မညစ်ပါဘူး ― ပျော်ဖို့တောင်ကောင်းသေးတယ်"

"တကယ်ပြောတာလား မနှင်းနုထွေး"

"တကယ်ပါ"

အစန်းဆိုသည့် ရုပ်ဆိုးဆိုး၊နှုတ်သွက်သွက်ကောင်မလေးကလည်း ခင်ဖို့တော့ကောင်းပါသည်။

"တကယ်ဆိုရင် အစ်မလည်းမဲလိပ်နှိုက်ရမယ်"

"ဟဲ့ ... အစန်း ညေ့သည်ကို ... "

ဟု ပူစူးတားသံကို အစန်းကဂရုမစိုက်ပါ။

"မဲလိပ်နှိုက်ရမယ် ဟုတ်လား"

"ဟုတ် အစ်မ"

ကောင်မလေးပုံစံက ချောက်တွန်းသည့်အသွင်မျိုးလုံးဝမပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာအဓိပ္ပါယ်လည်းဆိုတာကိုတော့ နှင်းနုတွေးမခန့်မှန်းတတ်ပါချေ။

"ဘာအတွက်လဲဟင်"

"လက်ဖက်ပွဲချပေးဖို့ အပျော်မဲနှိုက်ကြတာပါ အစ်မရယ်၊ ခြင်းထဲမှာ ရှိတဲ့ စားပွဲနံပါတ်တွေ မဲလိပ်တွေထဲမှာရေးထည့်ပြီးပြီ"

"အဲဒီတော့ ... "

"ကိုယ်နှိုက်တဲ့ မဲလိပ်နံပါတ်အတိုင်း စားပွဲထိုးဖို့ တာဝန်ယူရမယ်လေ အစ်မ မနှိုက်ချင်ရင်လည်းမနှိုက်ပါနဲ့၊ အစ်မက ဧည့်သည်ပဲဥစ္စာ"

"ဟင့်အင်း ... အစ်မလည်း စားပွဲထိုးလုပ်ကြည့်ချင်တယ်"

"ဒါဆို အစ်မက စနှိုက်ပေတော့"

မဲလိပ်ခွက်လေး တလှုပ်လှုပ်လှုပ်လှုပ်ကျက်ပြောသော ကောင်မလေးလက်ထဲမှ မဲလိပ်လေးတစ်လိပ်နှိုက်ယူလိုက်တော့သည်။ ပြီးတော့ အစန်းလက်ထဲ ထည့်ကာ ဖောက်ခိုင်းလိုက်၏။

"ရှစ်"

အစန်းအော်လိုက်သည့် ရှစ်ဆိုသည့်စကားကို သူမဘာကြောင့်အလန့် တကြားကျော်တွန့်မိပါလိမ့်။

သူမအဖို့ "၈" ဂဏန်းနှင့် အကျိုးမပေးတတ်တာကို သူမကိုယ်တိုင် သိနေ၍ဖြစ်မည်။

"အစ်မကတော့ ကံဆိုးပြီ"

"ဟင်"

"ဟုပ်တယ် စားပွဲနံပါတ်ရှစ်က အဝေးဆုံးမှာမို့ပါ၊ နောက်ထပ် တစ်လိပ်နှိုက်ကြည့်ဦးမလား၊ ဒီနံပါတ်ရှစ်ကို အစန်းယူလိုက်မယ်လေ"

ကောင်မလေးက ရုပ်ဆိုးပေမယ့် စိတ်ကောင်းရှိပုံတော့ရသည်။





"ရပါတယ် ညီမလေးရယ်၊ ကံပေးတဲ့ နံပါတ်ပဲယူပါ့မယ်"

"ဒါပေမဲ့ စိတ်တော့သိပ်မပူပါနဲ့ ဘာလို့လဲဆိုတော့ ဒီစားပွဲကအိမ် နဲ့လည်းဝေး သရဲရှိတဲ့ညောင်ပင်ကြီးနဲ့လည်းနီး၊ မီးရောင်ကလည်းသိပ်မရောက် လရောင်က ညောင်ရိပ်နဲ့ပိတ်နေတော့ ဘယ်သူမှထိုင်မှာမဟုတ်ပါဘူး။ တွေ့တယ် မဟုတ်လား၊ ကျန်တဲ့စားပွဲတွေသာဧည့်သည်တွေ တစ်သုတ်ပြီးတစ်သုတ်ရောက် နေကြတာ အဲဒီနံပါတ်ရှစ်စားပွဲကို တစ်ယောက်မှမသွားကြဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့ ညီမလေးရယ် ... ကံကြမ္မာကခိုင်းစေရင် ငြင်းလို့မရ ဘူး၊ ကြုံသမျှ ပြဿနာကိုရဲရဲရင်ဆိုင်ဖို့သာ အမှန်ကန်ဆုံးလုပ်ရပ်ပေါ့"

"ပုရှူး ... နံပါတ် သုံး ... "

"ပေတူး ... နံပါတ် ငါး ... "

"ဝင့်ဝါ ... နံပါတ် ခြောက်"

"ဝင်းကြည် ... နံပါတ်လေး ... "

"အစန်း ... နံပါတ် တစ် ... "

ကျန်သူအားလုံး မဲနှိုက်ပြီးသည်နှင့် လက်ဖက်ပွဲ၊ ရေနွေး ကွမ်းခွက်၊ ဆေးလိပ်ခွက်တို့ကိုယူပြီး ပျော်ရွှင်စွာစားပွဲထိုးနေကြသည်။

သူမမှာသာငုတ်တုတ်မေ့နေသူတစ်ဦးလို ဟိုမေး၊ ဒီငေါ်၊ ခပ်ကြောင်ကြောင်။

ခြင်းထဲမှာ ဧည့်သည်တွေများသထက်များလာ၏။

သူမတာဝန်ကျသည့် နံပါတ်ရှစ် စားပွဲဝိုင်းကတော့ အထီးတည်းသွေ့ခြောက်ခြောက်သွေ့နေပါသည်။

ထိုစဉ် ...

"အူး ...



www.burmeseclassic.com

www.burmeseclassic.com



အီ

အီ

အူး ... ''

ရှည်လျားတွန့်ကွေးသော ခွေးအူသံထွက်ပေါ်လာရာ ခြံတံခါးဝဆီသို့ လှမ်းကြည့်လိုက်တော့ လူနှစ်ယောက်ခြံထဲလှမ်းဝင်လာတာတွေ့လိုက်ရသည်။

''ဟာ ... မီးပြတ်သွားပြီဟေ့''

''မီးစက်မောင်းပါဟ၊ ဝင်းလှိုင်ရေ ... မီးစက်ဆရာဝင်းလှိုင်ရေ ဘယ်ရောက်နေလဲ၊ မီးစက်အမြန်နှိုးပါတော့ ... ''

''ဝင်းလှိုင်ရေ ... ဝင်းလှိုင်''

''ရှိတယ်ဗျို့ ... ကျုပ်မီးစက်နားမှာရှိတယ်ဗျို့''

မှောင်ခါမှ အလင်းရောင်၏တန်ဖိုးကို ပိုမိုပြတ်နိုးမိစမြဲဆိုသည့်အတိုင်း လူတိုင်းမီးအလင်းရောင် တစ်ညီတညာတည်းတောင့်တခိုက်မှာပင် မီးချောင်းများ တဖျပ်ဖျပ်လင်းလာ၏။

''ရေခွေးပေးပါဦး''

''ဒီဝိုင်းကို လက်ဖက်ပွဲလေးချပေးပါဦး''

''ကွမ်းဗန်းဟေ့''

''ဆေးလိပ်ခွက် ... ''

ဟိုမှ သည်မှအော်သံနှင့်အတူ စားပွဲထိုးပေးရသည့် မိန်းကလေးများ သက်ဆိုင်ရာ စားပွဲအသီးသီးသို့ရောက်ရှိသွားကြသည်။ နှင်းနုထွေးတစ်ယောက် တည်းသာကျန်ရစ်၏။

တစ်ယောက်တည်းငုတ်တုတ်ထိုင်လေရလေမှ အလုပ်မလုပ်ရ ပျင်းခြောက်ခြောက်အရသာက ဆိုးဝါးမှန်းသိလာရသည်။





တာဝန်ကျရာ စားပွဲဆီဝဲတွက်ရားအရလှမ်းကြည့်မိတော့ ...

''ဟယ် ... ''

နှင်းနုထွေး တအံ့တသြ အာမေဋိတ်ပြုမိသည်။ အမှတ် (၈) စားပွဲမှာ ညှိသည်စုံတွဲတစ်တွဲ ရောက်နေပြီ။

နှင်းနုထွေးပျော်သွားကာ လက်ဖက်ပွဲ၊ ရေနွေးဗန်း၊ ဆေးလိပ်ခွက် ကွမ်းအစ်တို့သယ်ယူကာ စားပွဲ နံပါတ် (၈) ရှိရာ ခြံထောင့်သို့ခပ်သွက်သွက် လျှောက်လာခဲ့သည်။

ဒီအချိန်မှာတော့ ... သူမသည် သရဲခြောက်သည်ဆိုသော ညောင်ပင် ကြီးကိုလည်း မကြောက်တော့သလို မီးအလင်းရောင်ထိန်ထိန်မလင်းသည့် ထို စားပွဲကို သွားရမှာကိုကြောက်သည့်စိတ်လည်း မဖြစ်ပေါ်မိတော့ပါ။

သူများတကာတွေလို တက်တက်ကြွကြွ အလုပ်လုပ်ခွင့်ရသည်ကိုသာ ပျော်နေမိပါ၏။

တကယ်တော့လည်း မအေးချမ်းတို့ခြံကြီးက တော်တော်ကြီးကိုကျယ် သည်။

သူမ မှောင်ရိပ်ခပ်ကျကျခြံထောင့်ကို ရောက်လာတော့ ကျောထဲမှာ အေးသိသာသာချမ်းစိမ့်တတ်လာ၏။

အနွေးထည်ဝတ်ထားပေမယ့် ပြင်ဦးလွင်ညချမ်းနှင့် မန္တလေးညသည် ခြားနားချင်းတိုင်းကွာ၏။

သူမ စားပွဲနံပါတ် (၈) သို့ရောက်သည့်အချိန်မှာ သူမ နားရွက်ဖျားလေး များအေးစက်နေလေပြီ။

''ကျေးဇူးရှင်ပဲနော် ... ညီမလေး ... မမတို့ ခြေရင်းခြံကြီးကပါ ချစ်ပိုင်တို့ မစိုးသင်းတို့နဲ့ အရမ်းရင်းနှီးပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ညှို့သည့်အမျိုးသမီးကပဲ စတင်၍ပဋိသန္ဓာရစကားဆိုဏ်း။

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်မနှင်းနုတွေ
မစိုးသင်းနဲ့ ဘဏ်မှာအလုပ်တူတူလုပ်ပါတယ်"

"ဪ ... မန္တလေးကလာတာပဲကိုး၊ အခုလိုလက်ဖက်ပွဲတွေလာ
ပေးတာ အားနာလိုက်တာ"

"ရပါတယ် အစ်မရယ် ... ထိုင်နေရတာပျင်းလို့ လုပ်ပေးတာ
အဟင်း"

"ညီမလေးကချစ်စရာလေးပဲကွယ် ... မမနာမည်ဆွေဆွေရီ
မနက်ကျအိမ်လာလည်ဦးပေါ့။ မိတ်ဆက်ပေးရဦးမယ်၊ ဒါ မမအမျိုးသား ဦးကံပိုင်
တဲ့ ... "

"ဟုတ်ကဲ့ ... တွေ့ရတာဝမ်းသာပါတယ်ရှင်၊ နှင်းအတွက်မိတ်
အပေါင်းအသင်းတိုးတာ မင်္ဂလာတစ်ပါးပေါ့ရှင်"

ဒေါ်ဆွေဆွေရီနှင့်လက်ဆွဲနှုတ်ဆက်အပြီး ခေါင်းငုံ့လက်ကမ်းပေးသော
ဒေါ်ဆွေဆွေရီ၏ အမျိုးသားဦးကံပိုင်နှင့် ဆက်လက်ပြီးလက်ဆွဲနှုတ်ဆက်လိုက်
၏။

ဦးကံပိုင်၏လက်ကြီးကိုငုံ့ကြည့်မိတော့ သူမတစ်ကိုယ်လုံးကြက်သီး
မွေးညှင်းတွေ တဖြန်းဖြန်းထသွားသည်။

ကြီးမားမည်းနက်သောလက်ကြီးမှ အဖိုးတန်ရွှေရောင်နာရီကြီး ...
ဒါ ... အိပ်မက်ထဲမှလက်ကြီးနှင့်တစ်ပုံစံတည်း ...

အပျက်ပျက်အယွင်းယွင်းမျက်နှာကို ဟန်ဆောင်ဖုံးဖိပြီး ... သူမ
ကို အနိုင်နိုင်ပြန်ထိန်းရင်း မော့လာသော ဦးကံပိုင်၏မျက်နှာတွေ့လိုက်ရသည်

"ဟင် ... အမေ့"





ဦးကံပိုင်၏မျက်နှာကြီးသည် သူမအိပ်မက်ထဲမှ သရဲကြီးမျက်နှာကြီးနှင့်
တစ်ထေရာတည်းတူနေတော့သည်။

"ဘာဖြစ်လို့လဲ ညီမလေး"

သူမကတုန်ကရီနဲ့ ဘာစကားမှမဖြေနိုင်။ ဦးကံပိုင်မျက်နှာကြီးကိုသာ
ကြောက်လန့်ကြည့်နေမိချိန် ဦးကံပိုင်၏ကြီးမားထူပိန်းသော နှုတ်ခမ်းမည်း
ည်းကြီးတွေ လှုပ်ခနဲပြုံးထွက်သွား၏။

ကွမ်းစားများထား၍ မန်ကျည်းစေ့ရောင်အနက်ကြီးများ ... သည်
သူမသိခဲ့သော အိပ်မက်ခဲ့သောသရဲမှသရဲအစစ် ...

သူမအလန့်တကြားရုန်းပေမယ့် ရုန်းလို့မလွတ်အောင် ဦးကံပိုင်က
သူမလက်လေးကို ဆုပ်ညှစ်ထားလိုက်သည်။

သူတစ်ကိုယ်လုံး သွေးညှစ်ခံရသလို တွန့်ခနဲတစ်ချက်ဖြစ်သွားတာသာ
နောက်ဆုံးသိလိုက်သည်။ ပြီးတော့ တလောကလုံးသည် အမှောင်အတိကျသွား
၏။

"ညီမလေး ... ညီမလေး ... လာပါဦးလာကြပါဦး ... ဒီမှာမူးလဲ
သွားလို့ ... "

သူမနားထဲမှ ပျားအကောင်တစ်သန်းလောက် အုပ်စုဖွဲ့ပျံသန်းလာ
ကဲ့သို့ တဝီဝီဆူညံနေပါတော့သည်။

စိတ်ထဲမှာတော့ စကားလုံးတစ်မျိုးတည်းကိုပင် အကြိမ်ကြိမ်ကျယ်
လောင်စွာအော်ဟစ်နေပါ၏။

"သ ရဲ ကြီး လက် မည်း သ ရဲ ကြီး"



www.burmeseclassic.com

www.burmeseclassic.com

## ၄။ သရဲပုံတူပန်းချီကား

"ဟော့ကောင်တွေ ... သေချာဂရုတစိုက်တင်ကြပါဟ၊ ငါ့နာရီသာ ကျကွဲလို့ကတော့ မင်းတို့အားလုံးသေဒဏ်ပဲ"

"အောင်မာဗျာ _ လာသေးတယ်၊ စေတနာနဲ့လည်း ပိုင်းကူလုပ် ရသေးတယ်"

"စေတနာပါတာမို့လား _ ဒင်နာသေချာတာမို့လား ရှင်းအောင်ပြော ဖိုးဆိတ်ရာ _ မင်းဆိုတဲ့ကောင်က နာမည်နဲ့လိုက်အောင် အစားအသောက် ဟော့ဆိုလိုက်ရင် ထိပ်ဆုံးကနေ နှုတ်သီးမပြတ်လှုပ်ချင်တဲ့ကောင်"

"တကယ့်ဆိတ်ထက်ပိုတာ အရက်သံကြားရင် နားလေးကိုထောင် ဗျာ၊ အခုလည်း ငါ့ကိုချစ်လွန်းလို့ အိမ်ပြောင်းတာကို လိုက်ကူတယ်များ မှတ် လား၊ မဟုတ်ဘူး ကျော်စွာရေ BLUE LABEL မျက်နှာကြောင့်မို့အေ _ BLUE LABEL တိုက်မယ်ပြောထားလို့ဟ"

"ဟော့ကောင် သက်ဝေ၊ ကြီးကျယ်ရာရှာပြောထားပြီး အပြောနဲ့အလု မညီလို့ကတော့ကွာ ... "





"အောင်မာ ဟိန်လားဟောက်လားနဲ့ ... အလုပ်ပေးဘူးဆိုရောကော ုးဆိတ်"

"မင်း ငါ့အကြောင်း သိသွားမှာပေါ့"

"ဘာလုပ်မှာလဲ ... ငါ့ကိုများဆွဲထိုးချင်လို့လား။ ထိုးစမ်းပါ မင်းလို ူဖလံလေးလောက်ကတော့ စာမဖွဲ့သေးဘူး"

"ဘာကိစ္စလက်အနာခံပြီး လက်သီးသုံးနေမှာလဲ၊ ဟောဒီမတ်တတ် ာရီကြီးကိုပဲ အသာလေးတွန်းလှဲလိုက်မှာပေါ့"

"ဟာ ... ဟေ့ ... ဟော့ကောင် ဖိုး ဖိုးဆိတ်မယုတ်မာနဲ့နော်"

"စကားပြောဆင်ခြင်စမ်း သက်ဝေ ... "

"အေးပေါ့ကွာ ... နာရီကိုသာရန်မရှာပါနဲ့ ချစ်သူ့အမြတ်တနိုး ဆက်ဆောင်မို့ပါနော် သူငယ်ချင်း"

"ပုံမှန်ဆက်ဆံစမ်းကွာ ... ဖားဖားရားရား စကားတွေနားခါးလွန်းလို့ ဓိက,က ကိုယ့်တာဝန်ကိုယ်ကျေဖို့ပဲလိုတယ်၊ ပတ်တရောင်ရဲက မီးကင်းစောင့် ို ရစ်မယ်၊ မီးကင်းစောင့်က မိုးချုပ်မှအိမ်ပြန်လာတဲ့ အရက်မူးကိုရစ်မယ်၊ ရက်မူးကပိုက်ဆံလက်ဖြန့်တောင်းတဲ့ သူမိန်းမကိုရစ်မယ် ... သူမိန်းမက ာလို့ငိုနေတဲ့ သူ့ကလေးကိုရစ်မယ် ဘယ်သူမဆို အထူအပါးနားမလည်ရင် ာ့ အရစ်ခံရစမြဲပဲ၊ အရစ်မခံချင်ရင် ... သက်ဝေ ... သင်သိသားပဲ"

"သိပါတယ်ကွာ ... မင်းတို့နှစ်ကောင်ရေချိုးမယ်မဟုတ်လား"

"မချိုးတော့ဘူး ... ဘာချွေးမှ,မှမထွက်တာ"

"ဒါဆိုလည်း အမိုးပေါ်တက်နှင့်ကြတော့ ဦးကြည်ဝင်းရေ _ ဒေါ်ဝါ ွန်တော့်သူငယ်ချင်းအတွက် အမြန်ဆုံး အမြန်စီစဉ်ပြီး အမြန်ချပေးပါဗျာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ခြံစောင့်နှင့် ထမင်းချက်အိမ်ရှင်အတွက် လိုအပ်၍ ခေါ်ထားသော ဦးကြည်ဝင်းနှင့်ဒေါ်ဝါဝါတို့လင်မယားနှစ်ယောက်ကလည်း အိမ်သစ် အိမ်ရှင် သစ်နှင့် အသစ်အဆန်းဖြစ်ကာ သွက်လက်တတ်ကြွနေကြ၏။ သူတို့လင်မယား နှစ်ယောက်အတွက် အိပ်အောက်ထပ်မှအိပ်ခန်းကိုပေးထားသည်။ မာယာ အိမ်ဖော်အဖြစ်ခေါ်ထားသော်လည်း အနေအထိုင် အစားအသောက် ဘာကို သီးခြားခွဲမထားပါ။

ဖိုးဆိတ်နှင့်ကျော်စွာ သူငယ်ချင်းနှစ်ယောက်ကတော့ အောင်စာရင်း သေချာခဲ့သော ကျောင်းသားလေးနှစ်ယောက်လို မြူးကြွစွာပင်အိမ်ပေါ်ပြေး တက်သွားကြသည်။

မဆုံဖြစ်ခဲ့ကြတာကြာပြီကိုး ...

နှင်းမရောက်မချင်း ဒီနှစ်ကောင်ကို အိမ်မှာပဲစောင့်အိပ်ပေး တောင်းဆိုကြည့်ရဦးမည်။

ဒီညတစ်ညပါပဲ ...

ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်ဆို နှင်းရောက်ပြီ။

သူငယ်ချင်းတွေ အများကြီးသောက်လိုရင် သောက်ကြပါစေ။

ကိုယ်ကတော့ သူတို့တူပြီးလိုက်သောက်လို့မဖြစ်ပေ။

မနက်ဖြန် နှင်းရောက်လာချိန်မှာ ကြည်ကြည်လင်လင်ဖြစ်နေဖို့လို သည်။

ချစ်သူစိတ်ချမ်းသာစေချင်သည်။

ဥသြ ...

ဥ ... သြ

ဥ သြ ...





ချစ်သူကိုလွမ်းနေရင်းမှာပင် ချစ်သူ၏ချစ်သက်လက်ဆောင် နာရီ ထမြည်သည်။

"ကို့ကို နာရီနှင့်အမျှ နှင်းလွမ်းနေတာသိဖို့ ... နှင်းကို နာရီနှင့်အမျှ ကိုလွမ်းနေအောင်လို့ အလွမ်းငှက်က သတိပေးနေလိမ့်မယ်"

နှင်းရဲ့စွဲမက်ဖွယ်အပြောလေးကို နာရီဥသြတွန်တိုင်း လွမ်းဆွတ်ကြား ယောင်ရပါသည်။

မကြာမီမှာလွမ်းခဲ့ရသမျှကာလတွေ အဆုံးသတ်တော့မည်ကို တွေးမိ တော့ သူ့ရင်ခုန်သံနည်းနည်းမြန်လာ၏။

ဟုတ်သည်။ သူနှင့် နှင်းမခွဲအတူနေရတော့မည်။ လက်ထပ်ကြတော့ မည်လေ။

အတွေးနှင့်ပျော်ကာ နှစ်နှစ်ကာကာပြုံးရင်း ချစ်သူ့နာရီကြီးကိုကြည့်မိ ပြန်ရာ ...

"ဟင် ... "

နာရီရဲ့အထက်ဘက်ခပ်ကျကျ နံရံထက်မှာ လူတစ်ဦး၏ ပုံတူပန်းချီ ကားကြီးကို တွေ့လိုက်ရသည်။

သူမှင်တက်မိကာ ကြည့်နေမိသည်။

စိတ်ထဲမှာ နည်းနည်းလည်းထူးဆန်းနေ၏။

ဟို အရင်တစ်ခေါက်ရောက်စဉ်က ဒီပန်းချီကားရှိတာကို သတိမပြုမိခဲ့ ပါ။

ပန်းချီကားထဲမှ ပုဂ္ဂိုလ်ကြီးကလည်း ဥပဓိရုပ်တော်တော်ကြီး ကြမ်းတမ်း သည်။

အသားမည်းမည်းနှုတ်ခမ်းတွဲတွဲ ပိတ္တာကြီးတစ်ကောင်လို ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုက ကြက်သီးထချင်စရာကြီးဖြစ်၏။

သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသောမျက်လုံးကြီးများကလည်း မီးဝင်းဝင်းတောက်လုမတတ်ဖြစ်သည်။

"ဆရာ ဆရာ့သူငယ်ချင်းတွေက ဆရာရေအမြန်ချိုးပြီးတက်ခဲ့ဖို့ မှာလိုက်ပါတယ်"

"ဩော် ဟုတ်ကဲ့ ဦးကြည်ဝင်း တော်ဖါထက် ဦးကြည်ဝင်းတို့လင်မယား ကျွန်တော့်ကို ထမင်းစားစောင့်မနေနဲ့နော် စားနှင့်လိုက်ကြသိလား"

"ဟုတ် ဟုတ်ကဲ့ဆရာ"

သူ့ကို အရိုအသေပြုပြီး ဦးကြည်ဝင်းထွက်သွားတော့ သူလည်းရေချိုးရန်အတွက် ရေချိုးခန်းထဲမှထွက်ရန်ခြေလှမ်းပြင်လိုက်၏။

ထိုအချိန်မှာ သူ့စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်စေမည့် ပုံတူပန်းချီကားကြီးကို ဖြုတ်ပြီးလွှင့်ပစ်ဖို့ ဦးကြည်ဝင်းကိုခိုင်းရန်စိတ်ကူးရ၏။

စိတ်ကူးနှင့်အတူ ပန်းချီကားဆီမျက်စိပြန်ရောက်သောအခါ ...

"ဟာမရှိတော့ဘူး ပန်းချီကားမရှိတော့ဘူး"

သူ့မျက်စိ သူ မယုံနိုင်အောင်ပွတ်သပ်ကြည့်၏။

ပန်းချီကား မရှိတော့တာသေချာသည်။

သူ့စိတ်တွေ ကတိမ်းကပါး ကတုန်ကယင်ဖြစ်နေတော့သည်။

"ဦးကြည်ဝင်း ... ဒေါ်ဝါဝါ ... "

သက်ဝေ အသံကုန်ဟစ်အော်ခေါ်သည်နှင့် မရှေးမနှောင်းမှာ ဦးကြည်ဝင်း ... ဒေါ်ဝါဝါလင်မယား ရေကြီးသုတ်ပျာရောက်ချလာကြသည်။

"ဆ ... ဆရာ ... ဘာခိုင်းစရာရှိလို့လဲ ... "

သူ့အမောတကော အသက်ရှူပြီး ...





"ခိုင်းစရာမရှိဘူး မေးစရာရှိလို့ပါ"

"မေးပါဆရာ"

"ဒီအခန်းထဲမှာ ပန်းချီကားတစ်ချပ်တွေ့မိကြလား၊ နာရီရဲ့အထက်ဟောဒီနေရာမှာ ပန်းချီကား (ပုံတူပန်းချီကား) တစ်ချပ်တွေ့မိကြသလားသိချင်လို့ဗျာ"

လင်မယားနှစ်ယောက် သူပြသည့်နံရံဘက်သို့ ဝေဝေဝါးဝါး ဝါးတားတားကြည့်၏။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။ ပြီးတော့ သူ့ကိုမရဲတရဲ ပြိုင်တူမော့ကြည့်ကြပြီး ...

"မတွေ့မိဘူး ဆရာ ... လုံးဝမတွေ့ဖူးဘူးဆရာ"

သူလည်း လုံးဝလုံးဝစဉ်းစားလို့မရနိုင်ပါ။

ဦးကြည်ဝင်းလည်း သူပြသည့်နေရာကို သေသေချာချာကြည့်၏။

"ဆရာ ... တွေ့ပြီ"

ဦးကြည်ဝင်းပြော၍သူကြည့်၏။

ဦးကြည်ဝင်းကသာ တွေ့ပြီပြောပေမယ့် သူမတွေ့ရပေ။

"ဘယ်မှာလဲ ကျွန်တော်မတွေ့ဘူး"

"မဟုတ်ဘူးဆရာ ပန်းချီကားကိုတွေ့တာတော့မဟုတ်ဘူး၊ ပန်းချီကားချိတ်လို့ရတဲ့ သံမှိုနှစ်ချောင်းတွေ့တာပါ၊ ဟိုးအထက်နားမှာလေ"

ဦးကြည်ဝင်းညွှန်ပြရာသို့ သူကြည့်၏။

ဖြစ်နိုင်သည်။ ပန်းချီကားကြီးတစ်ကား (သို့) ဓာတ်ပုံကြီးတစ်ပုံ ကပ်၍ ရနိုင်သောသံချက်နှစ်ချက်ကိုတွေ့ရသည်။

သို့သော် ... ပန်းချီကားနှင့်တူတာဆိုလို့ လုံးဝရှာမတွေ့ရပါ။

"ဟုတ်ပြီ ... ဟုတ်ပြီ ဦးကြည်ဝင်းရော၊ ဒေါ်ဝါဝါရော ကျေးဇူးပဲချို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလုပ်ကိုသွားလုပ်ကြတော့ ရပြီ''

ဦးကြည်ဝင်းတို့ လင်မယားမရှိတော့လေမှ သက်ဝေတစ်ယောက် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်လေသည်။

''ဟူး ... ''

ဘာတွေလဲကွာ ... ဒီအိမ်ကပဲ ထူးဆန်းမှုတွေရှိနေတာလား ... ငါကပဲ နှင်းနဲ့မတွေ့ရတာကြာလို့ဂေါက်နေတာလား ... ရှုပ်နေတာပဲ။

ဟူး ... နှင်းရေ ... နှင်း ... ကို့ဆီ အမြန် လာတော့ဟေ့ ...

''ဟိတ်ကောင် သက်ဝေရှူးနေတာလား ... မင်းစောင့်နေရတာ ဘယ်လောက်ကြာနေပြီလဲ ... ဖိုးဆိတ်ကမစောင့်နိုင်လို့ စားမယ်တကဲကဲလုပ်နေတာ၊ ငါတော်တော်တားထားရတာ၊ ရေချိုးမယ်ဆိုပြီး ရေလည်းမချိုးဘူး။ ဘာကောင်လဲ မသိဘူး၊ ထားကွာ ညမုပဲချိုးတော့ ဟိုကောင်ဖင်ဆောင့်လှပြီ''

ကျော်စွာက သူ့ကိုအတင်းဆွဲခေါ်နေ၏။

''အေးပါလိုက်ပါ့မယ် ... ဒါပေမဲ့ ငါ့ကိုတစ်ခုလောက်တော့ပြောပြပါ''

''ဘာလဲ ... မေးမှာ မြန်မြန်မေး ... စကားပလ္လင်ခံမနေနဲ့ ... ဘာလဲ''

''ဒီနေရာမှာ ပန်းချီကားရှိလား''

''ဘာပြောတယ် ... မင်းမေးတာ ငါမရှင်းဘူး''

ကျော်စွာ နားမလည်စွာထပ်မေး၏။

သူ စောစောကပုံတူပန်းချီကားရှိသည်ဟု စိတ်ထဲမှာထင်ယောင်မြင်ယောင်မိသောနေရာသို့ လက်ညှိုးညွှန်ပြကာ ထပ်မေးလိုက်၏။

''ဒီနေရာမှာ အရုပ်ဆိုးဆိုးအသားမည်းမည်း နှုတ်ခမ်းတွဲတွဲယောက်ျား





ကြီးတစ်ယောက်ရဲ့ ပုံတူပန်းချီကား တစ်ချပ်မင်းတွေ့မိသလားလို့မေးနေတာ''

''လာကြောင်မနေနဲ့ ဘာပန်းချီကားမှမရှိဟေ့ကောင်၊ ဒီနာရီငါကိုယ်တိုင်မလာပြီး ဒီနေရာမှာပန်းချီကားမပြောနဲ့ ပတ်စပို့ ပုံလေးတစ်ပုံတောင်မရှိဘူး ဟေ့ကောင်ရေ ... ငါ့ကိုဖောက်မနေနဲ့၊ ဖောက်ချင်ရင် မင်းနှင်းလာမှဖောက်''

''ငါဖောက်တာမဟုတ်ဘူး၊ ငါ့အမှန်အတိုင်းပြောပြရင် မင်းယုံမှာမဟုတ်ဘူး''

''ဘာမို့လဲ ... ပြောစမ်းပါဦး၊ မင်းပုံစံနည်းနည်းတော့ထူးနေပါတယ်၊ ဘာလဲ သက်ဝေ ... ပန်းချီကားဆိုတာ ဘာလဲ ... ''

ကျော်စွာကပါ စိတ်ပါလက်ပါစိတ်ဝင်စားလာ၏။

သူအတည်ကြည်ဆုံးလေသံနဲ့ တစ်လုံးချင်းပြောပြလိုက်ပါသည်။

''ဒီနေရာလေးမှာ ... မင်းမရောက်ခင်လေးကတင် ... အရုပ်ဆိုးဆိုးအသားမည်းမည်း လူကြီးတစ်ယောက်ရဲ့ ပုံတူပန်းချီကားကြီးရှိခဲ့တယ်''

''ဟုတ်လို့လား ... ငါတော့မတွေ့မိပါဘူး၊ အခု အဲဒီပန်းချီကားကြီး ဘယ်ရောက်သွားပြီလဲ သက်ဝေ ... ''

''မသိဘူး ... ဘယ်သူမှမထိဘဲပျောက်သွားတယ် ကျော်စွာ ... တကယ်တော့ ငါလည်းဒီပန်းချီကားကို စောစောလေးကမှ မြင်လိုက်ရတာပဲ မြင်ပြီးခဏနေတော့ ပြန်ပျောက်သွားခဲ့တာပဲ ကျော်စွာ''

''ဟာ ... ဒါဆို မင်းအိမ်ကြီးမှာ ... မင်းအိမ်ကြီးထဲမှာ ... ''

ကျော်စွာ မျက်လုံးပြူးပြူး ပိုပြီးပြူးကျယ်ထွက်လာသည်။

ဥသြ ...

ဥ ... သြ

ဥသြ ...



www.burmeseclassic.com

www.burmeseclassic.com



နာရီထဲမှ ချစ်သူနှင်းနုထွေး၏ အလွမ်းငှက်ကလေး နောက်တစ်ကြိမ် သွေ့နိုင်းကျနေလေပြီ။

ဥညသံတစ်ကြိမ်ကြားရလေတိုင်း ချစ်သူကိုသတိရမိသောစိတ်သည် အခုတစ်ကြိမ်မှာတော့ အသက်ရှူမဝသလို မောပန်းမွန်းကျပ်နေရသည်။

နားဝင်ချိုခဲ့သော ဥညသံသည်ပင် အခုတော့လည်း ငှက်ပုတ်ငှက်ဆိုး အသံလို ကြောက်စရာလန့်စရာတွေ ပျော်ဝင်နေသည်ထင်မိပါတော့သည်။

"ခွင့်လွှတ်ပါနှင်းရယ် ခွင့်လွှတ်ပါ"

သူ့ပါးစပ်ထဲမှာပြောလိုရာပြောရင်း ကျော်စွာဆွဲခေါ်ရာ အပေါ်ထပ်သို့ တက်ခဲ့ပါတော့သည်။



## ၅။ ရေချိုးခန်းထဲမှ ခြေသံများ

"ဆရာ … အိမ်ပေါ်တက်တော့မှာလား"

"ရတယ် _ ကျွန်တော်အောက်မှာ ခဏနေလိုက်ဦးမယ်၊ ဦးကြည်ဝင်း တို့ပဲတက်တော့"

ကျော်စွာနှင့်ဖိုးဆိတ် အားလုံးလိုက်ပို့ပြီး ဦးကြည်ဝင်းတွန့်ဆုတ်စွာ ပြန်သွား၏။

ပန်းချီကားကြောင့် လေးပင်နေသောစိတ်တို့ကြောင့် မြောက်မြားစွာ မသောက်ခဲ့သော်လည်း လူတစ်ကိုယ်လုံး ထုံထိုင်းလေးလံလွန်းလှ၏။

ပန်းချီကားသည် တကယ်ရှိခဲ့သည်လော … ။

ထိုပန်းချီကားထဲက ပုဂ္ဂိုလ်သည်သရဲတစ်ကောင်နှင့် တူလောက်အောင် အရုပ်ဆိုးခဲ့သည်လော။

သူ့စိတ်ရဲ့ထင်ယောင်ထင်မှားမှုတို့ ဝေဝါးလွန်းခဲ့သည်လော … ။

မြင်မြင်ကရာ နှုတ်ခမ်းတွဲတွဲအသားမည်းမည်း ပုံရိပ်ကြီးက ဖျောက် ဖျက်၍မရ။ မျက်စိရှေ့မှာ ဘွားခနဲပေါ်လာလေမလား။ နောက်ကျောဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲရောက်လာလေမလား။ အတွေးတို့ဖြင့် ဇောချွေးပြန်နေလေသည်။

ရာသီဥတုကတော့ သာသာယာယာ။

လရိပ်ဖွေးဖွေး လေပြည်အေးအောက်မှာ ချစ်သူနှင့်သာဆို ခံစားချက်တို့ ရွှင်ချိုမြူးကြွနေလေမည်။

အခုတော့သူ့မှာ မရှူနိုင်မကယ်နိုင်။

လေပြည်အေးအေးမှာ အသက်ရှူကြပ်နေ၏။

လရောင်လင်းလင်းမှာ ခိုလှုံရင်းစိတ်တို့မှောင်မိုက်နေ၏။

သူ့ကိုယ်သူရော ဒီအိမ်ကြီးကိုရောပြန်လည်သုံးသပ်ဖို့တော့ လိုအပ်နေချေပြီ။ ပထမဆုံး ဤအိမ်ကြီးကိုရောက်သည့်နေ့ 'ဒုန်း' ခနဲပြုတ်ကျသံကြီးနှင့် 'အား' ခနဲအော်လိုက်သံကြီးသည် Actual ဖြစ်မဖြစ်။

နံပါတ်နှစ်– နံရံမှာ မည်သူမှမတွေ့ရသည့်ပန်းချီကားကို သူတစ်ယောက်တည်း ဘာကြောင့်တွေ့ရသနည်း။ ဒါတွေသူအဖို့တော့ ဆက်စပ်၍မရသောကွင်းဆက်များသာဖြစ်သည်။

စိတ်ရှုပ်ရှုပ်နှင့်မြေသင်းနံ့ပါသော လေပြည်အေးအေးကို တစ်ဝကြီးရှိုက်သွင်းလိုက်၏။

"ထွီ"

ပုပ်အဲ့နံဟောင်နေသော လူသေပုပ်ကောင်နံ့ကြီးက နှာခေါင်းထဲ ရှူးရှူးရဲရဲတိုးဝင်လာသည်။

တစ်ကျောလုံး ကြက်သီးတွေ အပ်ဖျားချစရာမရှိလောက်အောင် တဖျင်းဖျင်းထသွား၏။ သူအကြောက်ကြီးစွာ ဝုန်းခနဲမတ်တတ်ရပ်လိုက်သည်။

ပုဆိုးတိုတိုပြင်ဝတ်လျက် အိမ်ထဲသို့ခပ်သွက်သွက်လှမ်းဝင်ရန် ခြေလှမ်းအရွေ့။





သူ့လက်မောင်းတစ်ဖက် တင်းခနဲဖြစ်သွားသည်။

"ဘယ်သူလဲ"

သူ့အလန့်တကြားနှင့် အော်လျက်လှည့်ကြည့်လိုက်သည့်တွင် ...

ပြုံးကျယ်ရွှစွက်သော မျက်လုံးအစုံ၌ ဆံပင်ဖျားလျားချမိန်းမကြီးက သူ့လက်ကိုမလွှတ်တမ်း ဆုပ်ကိုင်ထားတော့သည်။

"လွှတ် ... လွှတ် ... လွှတ်"

သူငယ်သံပါအောင်အော်လိုက်တော့ ထိုဆံပင်ဖျားလျားချမိန်းမကြီးက ယဲ့ယဲ့တစ်ချက်ပြုံးပြသည်။

"ငါ သရဲပေါ့ဟဲ့ ... သရဲကြောက်ခဲ့လို့ ငါ့ကိုသရဲထင်ကြမှတော့ သရဲပေါ့"

ခပ်ရှုပ်ရှုပ်ဖြေရှင်းစကားနှင့် သူ့ကိုယ်သူသရဲဟုပြောနေသော မိန်းမကြီးသည် တကယ်တန်းကျ သရဲမဟုတ်ဘူးဟု ခံစားမိနေသည်။

လူတစ်ယောက်၏ အတွေ့အထိ၊ လူတစ်ယောက်၏စကားသံ၊ လူတစ်ယောက်၏အကြောင်းပြန်ပန်တွေနှင့် ထိုမိန်းမကြီးသည် သရဲမဖြစ်နိုင်။

"ခင်ဗျားဘယ်သူလဲ ... ကျွန်တော်ကိုအမှန်အတိုင်း ပြောပြပါ၊ ခင်ဗျား သရဲမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်"

"ဟီး ဟီး ဟီး သဘောပေါက်လွယ်သားပဲ၊ ဒါပေမဲ့ နင်မှတ်ဉာဏ်နည်းလွန်းပါတယ်၊ ပထမ ဒီအိမ်ကိုနင်စရောက်တုန်းက အိမ်ခေါင်မိုးပေါ်ကနေ ငါ့ကိုလှမ်းကြည့်ခဲ့သေးတယ်လေ၊ အခု ဒုတိယအကြိမ်မြင်တော့ နင်မမှတ်မိဘူးဆိုတော့ နင်မှတ်ဉာဏ်နည်းလို့ပေါ့"

"ဩော် ... ဒါဆို ခင်ဗျားကခြေရင်းအိမ်က အဘွားကြီးလား"

"တည့်တည့်ပြောမှ သိတော့တာပဲကိုး၊ ငါလည်းနင့်ကိုတည့်တည့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မေးပါရစေ''

''ဟုတ်ကဲ့ ... မေးပါ အဒေါ်ကြီး''

''နင်သေချင်လို့ ဒီအိမ်ဝယ်လိုက်တာလား၊ ငါ့မျက်စိအောက်မှာ တစ်ခါကနှစ်ခါ သေချင်းဆိုးနဲ့သေတာမမြင်ပါရစေနဲ့''

သူ့ကိုခြိမ်းခြောက်သံနှင့်ပြောနေသည်ဟုထင်ရသော်လည်း ထိုအဒေါ်ကြီး ကိုယ်တိုင် ဝတ်စုံဝတ်ရာများကို အကြီးအကျယ်ကြောက်လန့်နေဟန်က ပို၍ သနားစရာကောင်းလှသည်။ သူမသိသေးသော သေချာတိကျသည့်အကြောင်း အရာတစ်ခု ရှိကောင်းရှိနေလိမ့်မည်။

ထိုတိမ်မြုပ်နေသော အကြောင်းအချက်သည် ဘာဖြစ်မည်နည်း။

''ဘာတွေလဲဗျာ၊ ကျွန်တော် နားမလည်တော့ဘူး''

''နင် နားလည်အောင် ပြောပြချင်ပေမဲ့ မပြောပြနိုင်တာ ငါ့ကိုယ်ငါ နားမလည်တော့ဘူး၊ ငါပြောနိုင်တာကတော့ နင် ဒီအိမ်ကို မဝယ်သင့်ဘူး''

အဘွားကြီး၏မျက်လုံးများ၌ သူ့အပေါ် စိုးရိမ်ခြင်းအငွေ့အသက်နှင့် ယှက်ဖြာသော မျက်ဝန်းနုနုများ၏အရိပ်ကို တွေ့ရ၏။

''ဒီအိမ်ပိုင်ရှင် မောင်ကံပိုင်ဆိုတာ အရုပ်ဆိုးသလောက် သနားစရာ လည်းကောင်းတယ်ကွယ်''

''ဗျာ ... ဘယ်လိုသနားစရာကောင်းတာလဲ''

အဘွားကြီးသည် လျှို့ဝှက်ချက်တစ်စုံတစ်ရာကို ဖွင့်ဟပြောလုပြော မှာပဲ စကားကို ချက်ချင်းရပ်လိုက်၏။

''ဘာပဲဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ ကိုယ်နှင့်မဆိုင်ခွင့်မပိုင် စွက်ဖက်မနေ နဲ့၊ တူ့နယ့်တယ်နယ် ... တုနယ့်တယ် ... တူနယ်တူနယ်တဲ့ ...''

ပါးစပ်ဆိုင်းတီးပြီး ကဆုန်ပေါက်ကာထွက်သွားသော အဘွားကြီး





ဒေးကာ နားလည်ခြင်းတွေ ပိုမိုရှုပ်ထွေးလာလေသည်။

သူရှူးတစ်ယောက်၏ မျက်လုံးများနှင့်အဒေါ်ကြီးသည် ကျူဘား အုန်းပင်နှင့်အာသောကပင်တန်းတို့အကြား မြွေလိမ်မြွေကောက် ခုန်ပေါက်လျှောက် ခြံအပြင်သို့ ရောက်သွားလေပြီ။

''ဒေါ်ကြီး ... ဒေါ်ကြီး ... နေပါဦး''

သူ အသံတင်အော်ခေါ်ပေမဲ့ ထိုအဒေါ်ကြီးသည် ဝဲစောင်းလို့မျှ မကြည့် တော့ပေ။

သူ့မြင်ကွင်းမှ ပျောက်သွား၏။ သူ့စိတ်တွေ မွှန်းသိပ်ကျပ်ညပ်နေသည်။ လေးပင်သောဦးခေါင်းကို ငိုက်စိုက်ချကာ တရွတ်ဆွဲခြေလှမ်းများဖြင့် ပေါ်တီကို အောက်ရောက်လာခဲ့သည်။

''ဦးကြည်ဝင်း ... ဦးကြည်ဝင်း''

သူ ကသောကမျောခေါ်တော့ ဦးကြည်ဝင်း ဒရောသောပါးရောက်ချ လာသည်။

''ဆ ဆရာ ပုပ်စော်နံလွန်းလို့ ကျွန်တော် ကြွက်သေကောင်ပုပ် လိုက် ရှာနေတာ၊ ဆရာ ဘာခိုင်းစရာရှိလို့လဲ''

ဦးကြည်ဝင်းလည်းပုပ်စော်နံသည်ဆိုတော့မှ သူ့စိတ်သူ မှုမှန်အတိုင်း ရှိသေးတာသိပြီး စိတ်အေးသွားရ၏။

''ခိုင်းစရာမရှိပါဘူးဗျာ ... အဲဒီကြွက်သေကောင်ပုပ်ကိုသာ အမြန် ဆုံး ပျောက်ဖျက်ပစ်လိုက်ပါ၊ ခြံကို ဂရုစိုက်ပါဦးဗျာ၊ ခြံတံခါးကြီးပွင့်နေတယ်''

ဟုပြောပြီး အိမ်ပေါ်တက်ခဲ့သည်။

နှာခေါင်းထဲတွင်စွဲထင်ကျန်နေဆဲ နံဟောင်ဟောင်အပုပ်နံ့၊ မသတီ စရာအရက်ချွေးနံ့တို့ကို သန့်စင်ရန် လိုအပ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



Bath tub ထဲမှာ တစ်ကိုယ်လုံးနှစ်ချလိုက်၏။ မျက်လုံးတွေ ဖွင့်မှိတ်ချထားပေမဲ့ စောစောက အဘွားကြီးကို မြင်ယောင်နေသည်။ ပြီးတော့ အသားမည်းမည်းနှုတ်ခမ်းတွဲတွဲ ပုံဆိုးပန်းဆိုးကြီးလည်း အာရုံထဲမှာ ဖျောက်ဖျက်၍ မရချေ။

"ငါ ဒီအိမ်ကြီးဝယ်မိတာမှားပြီလား"

ဟု အတွေးဝင်မိပေမဲ့ ချစ်သူစိတ်တိုင်းကျစေမည့် Decoration တွေ ခြံကျယ်ကျယ်အခန်းဖွဲ့စည်းမှုတို့ကြောင့် ဒီအိမ်ကြီးကိုဝယ်မိတာ မမှားဘူးဟု လည်း အသေအချာခံယူထားသည်။

ဖလပ်

လပ် လပ်

ဖလပ် လပ်

ခြေသံကြောင့် ...

သက်ဝေ ဝုန်းခနဲ ရေကန်ထဲမှ ထထိုင်လိုက်၏။

ဦးကြည်ဝင်းတို့လင်မယားများ ရေချိုးခန်းသန့်ရှင်းရေးလုပ်ရန် ရောက်လာလေလားဟုထင်ကာ လန့်သွား၏။

သို့သော် သူ့အထင်မှားယွင်းနေသည်။

အခန်းထဲမှာ သူမှတစ်ပါး အခြားတစ်စုံတစ်ယောက်မှ ရှိမနေ၏ သို့ပေမဲ့ ခြေသံကတော့ ကြားမြဲကြားနေဆဲပင်ရှိသေး၏။

ဖလပ်

လပ် လပ်

ဖလပ်

အသံက အပြင်မှမဟုတ်။ ရေချိုးခန်းထဲမှ ဖြစ်၏။





သက်ဝေ မျက်စိဝေ့ဝဲရှာကြည့်သည်။

"ဟင်း ဟင်း ဟင်း ... ဟား ဟား ဟား"

သူ့ကိုယ်သူ ဟားတိုက်ရယ်မောချလိုက်၏။ တကယ်တော့ ထိုအသံသည် သူထင်သလို ခြေသံမဟုတ်ပါ။ Exhaust Fan ထဲမှ တိုးဝင်ကာ သေဆုံးနေသော စာကလေးတစ်ကောင်ဖြစ်၏။ သူ ပန်ကာခလုတ်ပိတ်လိုက်သည်။ ပြီးတော့ သေဆုံးနေသော စာကလေးကိုနှိုက်ယူကာ ရေချိုးခန်းမှန်တံခါးကို တွန်းဖွင့်ပြီး ခြံပြင်သို့ လွှင့်ပစ်လိုက်သည့်တွင် သူ့လက်တစ်ဖက်မှာ စူးခနဲ နာကျင်ခြင်းနှင့်အတူ လက်မှသွေးတောက်တောက်ကျသွားသည်။

သူ့မျက်စိထဲမှာတော့ ပန်းချီကားထဲမှ ပုံဆိုးပန်းဆိုးလူကြီးသည် ဓားတစ်လက်ကို တင်းတင်းဆုပ်လျက် သူ့လက်ကို လှီးဖြတ်လိုက်သလို ခံစားရသည်။

"သွား ... ထွက်သွား"

သူ စိတ်ရှိသလောက် အသံကုန်အော်ဟစ်လိုက်၏။

"ဒုန်း ... ဒုန်း ... ဒုန်း ... ဝုန်း"

ဗလောင်းဗလဲခြေသံတွေကြောင်း သက်ဝေတစ်ယောက် ထိတ်လန့်ခြင်းကြီးစွာ မျက်စိမှိတ်ချလိုက်လေသည်။

"ဆရာ ဆရာ တံခါးဖွင့်ပါဦး၊ ဘာဖြစ်လို့ ဆရာဘာဖြစ်လို့လဲ"

အခန်းတံခါးကို တဒုန်းဒုန်းထုလျက် အတွင်တွင်အော်ခေါ်နေသော ဦးကြည်ဝင်းတို့လင်မယား၏အသံ။

သူ့စိတ်တွေ ဘာကြောင့်များ အခုလောက်ထိ ကဘိမ်းကပါး ဖြစ်နေရပါလိမ့်။ တကယ်တော့ သူ့လက်မှသွေးတွေသည် ပြတင်းတံခါးမှန်စွန်းနဲ့ ထိရှမိခြင်းသာ ဖြစ်သည်။

ရေလဲအဝတ်တွေ လဲလှယ်ပြီး တံခါးဖွင့်ပေးလိုက်တော့ စိုးရိမ်ခြင်းကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်ဝင်းတို့လင်မယားကိုတွေ့ရ၏။

''ဟာ ဆရာ့လက်မှာ သွေးတွေ''

''ဟုတ်တယ် မှန်ကွဲစရှတာပါ''

ဦးကြည်ဝင်းတို့ ကပျာကယာပင် ဆေးသေတ္တာယူကာ ဆေးထည့်ပေး၏။

''ဟူး ...''

သက်ပြင်းပူကြီး မှုတ်ထုတ်မိသည်။

သူ ယခု တွေ့ကြုံခံစားရမှုအားလုံးသည် ယိုင်နဲ့လွဲချော်သော စိတ်ခံစားချက်များသာ ဖြစ်သည်ဟု ဖွတ်မိုတ်တွေးနေပေမဲ့ ...

သူ့အတွေးထဲမှာတော့ဖြင့် ကြောက်မက်ဖွယ်အသွင်သဏ္ဍာန်၊ အနံ့အသက်တွေနှင့် အသံများသည် တိုက်ဆိုင်လွန်းနိုင်စွာ သူ့အားချောက်ချားစေသည်ပင်။

သူ့စိတ်နှင့် ဒီအိမ်ကြီးအသားကျဖို့ ဘယ်လောက်တောင် အချိန်ယူရဦးမည်ကိုမူ သက်ဝေတစ်ယောက် မတွေးဆနိုင်သေးပါ။



# ၆။ နာရီတွန်တဲ့ ငှက်ဆိုးသံ

''ကိုရေ ... ကို ... နှင်းရောက်လာပြီဟေ့''

တီ တီ တီ ...

ကားဟွန်းလည်းအဆက်မပြတ်တီးနေသလို ပါးစပ်ကလည်းအဆက်မပြတ်ခေါ်နေသော နှင်းအားသူ့အပေါ်ထပ်ဝရံတာမှ လှမ်းမြင်လိုက်ရသည်။

ဝမ်းသာအားရနှင့် အိမ်အောက်သို့ပြေးဆင်းလာကာ ခြံတံခါးဝသို့ မည်သို့သောအမြန်နှုန်းနှင့် ရောက်သွားခဲ့သည်မသိ။

''အစ်ကို ... ပေါ်တီကိုရှေ့ထိမောင်းလိုက်''

''ဩော်ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ''

တက္ကစီသမားအားညွှန်ကြားပြီး သူနှင့်နှင်းနုတွေ့တို့ တစ်ယောက်လက်တစ်ယောက်တွဲကာ အိမ်ဆီလျှောက်ဝင်လာသည်။ ဦးကြည်ဝင်းတို့လင်မယားက ကားထဲမှအထုပ်အပိုးတွေ အိမ်ထဲသယ်နေ၏။

''နှင်းကလည်း ကားဝင်းရောက်ရင်ဖုန်းလှမ်းဆက်လိုက်လို့ အတန်တန်မှာထားလျှက်နဲ့ ဘာလို့ကားငှားလာရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မြန်းခနဲဆိုတော့ ကိုကို ချက်ချင်းဝမ်းသာစေချင်လို့ပါ"

"နှင်းရောက်လာပြီဆိုမှတော့ ... ဘယ်လိုပုံစံနဲ့ဘယ်အချိန်မှာပဲ ရောက်ရောက် ကိုယ် ပျော်မှာပါနှင်းရယ်၊ အလကားအပင်ပန်းခံနေဖို့မလိုပါဘူး ကွာ ... "

"မပြောပါနဲ့'ကို'ရာ ... အခုလိုမှတ်တမ်တွေ့လိုက်ရတာ ပိုပျော်တယ် လို့ပဲကြားချင်တယ်၊ နှင်းတမင်တကာကြိုးစားထားရတဲ့ဟာကို ... 'ကို' က ဒီလိုပြောနေရင်မဟုတ်သေးဘူး"

နှင်းရဲ့မူနွဲ့နွဲ့စိတ်ကောက်ဟန်လေးကိုမြင်တော့ ညကစိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်ခဲ့သမျှ ပြေလျော့သွားတော့သည်။

"မကောက်ပါနဲ့ နှင်းရယ် ... နှင်းကောက်ရင် ကိုယ်မနေတတ်လို့ပါ အော် နှင်း ... ဒီနေ့ အေးအေးဆေးဆေး နားချင်ရင်နားလိုက်ဦးလေ ... မနက်ဖြန်ကျ နှင်းပင်ပန်းမှာ ... မနက်ဖြန် မင်္ဂလာဆွမ်းအတွက် မကွေးပရိယတ္တိ စာသင်တိုက်မှာ စီစဉ်ထားတယ်၊ မနက်ဖြန်ညနေ အိမ်မှာဒင်နာလုပ်မယ် ... မန္တလေးကအဖွဲ့ကို ညှော်ခံပွဲလုပ်ပေးဖို့ ဘယ်နေ့ပြောထားလဲနှင်း"

"ရက်အတိအကျတော့မပြောခဲ့သေးပါဘူး၊ ရန်ကုန်မှာလုပ်စရာတွေ အားလုံးလုပ်ပြီးမှ လုပ်ပေးမယ်လို့ပြောထားတယ်"

ပြောရင်းက အိမ်တံခါးဝအရောက်မှာ နှင်းကသူ့လက်မောင်းကိုဖမ်းဆုပ် ကာ ခြေအစုံတို့တုန့်ခနဲရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ နှင်းရဲ့ ... လာလေ ... အိမ်ထဲဝင်မယ် နှင်းခရီးပန်းလာ တာ 'ကို' ကိုယ်တိုင်သီးစုံဖျော်ရည်ဖျော်တိုက်မယ်"

"နေပါဦး 'ကို' ရယ် ... နှင်းအိမ်ထဲဝင်ရမှာ ကြောက်နေသေးလို့ ပါ"

တုန်တုန်ယင်ယင်လေးဆိုရှာသည့်နှင်းကို အထိတ်တလန့်ငုံ့ကြည့်လိုက်





မိသည်။

"ဘယ်လိုနှင်း ... ဘယ်လိုဘယ်လို ... ကြောက်တယ်၊ ဟုတ်လား၊ ဘာကိုကြောက်တာလဲ ... "

သူ ဂမူးရှူးထိုးမေးခွန်းနှင့် ပြူးတူးပြတဲအမူအရာကြောင့် နှင်းခန္ဓာကိုယ် လေးသိမ့်ခနဲတုန်သွားသည်။

ပြီးတော့ ချက်ချင်းပင် အပျက်ပျက်အယွင်းယွင်းမျက်နှာကို ပြုပြင်ကာ ကြိုးကြိုးစားစား ပြုံးလိုက်၏။

နောက်တော့ ခေါင်းလေးအသာငုံ့လျက် ...

"ကြောက်တာပေါ့ ... နှင်းက အပျိုစင်စစ်စစ်ပဲကိုး ... "

မော့ကြည့်ထားသောမျက်နှာတစ်ပြင်လုံး ရွှတ်ရွှတ်နီနေအောင် အရှက် ပိုသူလေးခမျာ အသံများပင်တုန်ခါလို့နေ၏။

"ဖြစ်မှဖြစ်ရလေနှင်းရယ် ... စိုးရိမ်တတ်ရန်ကောကွယ် ... လက်မထပ်ရသေးမချင်း နှင်း ကိုယ့်ကိုယ့်စမ်းပါကွာ ... နှင်းအတွက် အိပ်ခန်း သီးသန့်စီစဉ်ပေးထားပါတယ်"

"ကိုက အဲလိုလိမ္မာတာ ... အဲဒါကြောင့်နှင်းအရမ်းချစ်နေတာ"

နှင်းကသူ့ကိုကလေးသူငယ်တစ်ယောက်အလား ကျေသပ်ပြီးစနေ နောက်နေသည်။

"ဒါထက် ... တစ်ယောက်တည်းတော့ အိပ်ရဲပါတယ်နော် ... နှင်း အိပ်ရဲတယ်မလား"

"ဟယ် ... နှင်းတစ်ယောက်တည်း အခန်းထဲမှာ နှင်းတစ်ယောက်တည်း အိပ်ရမှာ ... မအိပ်ဘူး ... မအိပ်ဘူး ... နှင်းမအိပ်ရဲဘူး၊ ကြောက်တယ် 'ကို' အခန်းထဲမှာ နှင်းလာအိပ်မယ်"

ခေါင်းတခါခါလည်တယမ်းယမ်းငြင်းနေသော နှင်းနုထွေးမျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝုံတစ်ခုကို အသည်းအသန်ကြောက်နေသူတစ်ယောက်လို မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူလျော်နေရှာသည်။

"နှင်းပဲ ... ကိုကိုကြောက်တယ်ဆို"

"ဟင့်အင်း ... 'ကို' မရှိတဲ့အခန်းထဲမှာနေရမှာပိုကြောက်တယ် ကို ... နှင်းတစ်ယောက်တည်း ခွဲမသိပ်ပါနဲ့နော် ... နော်လို့ ... "

"အော် ... ဒီကောင်မလေး ဘယ်လိုဖြစ်နေ"

"နှင်းတစ်ယောက်တည်းကြောက်လို့ပါ"

"ဘယ်သူကနှင်းကိုတစ်ယောက်တည်း သိပ်မယ်ပြောလို့လဲ"

"ကိုပဲနှင်းကို အခန်းခွဲပြီး သိပ်ဖို့စီစဉ်ထားတာမဟုတ်လား"

"ဟုတ်ပါတယ် ... ဒါပေမဲ့ နှင်းတစ်ယောက်တည်းမဟုတ်ဘူး နှင်းအတွက် မိန်းကလေးအဖော်နဲ့သိပ်ပေးမှာပါ။ ဒေါ်ဝါဝါတဲ့ ကိုယ်တို့ရဲ့တောမှူးပေါ့။ ဒါပေမယ့် နှင်းနဲ့တစ်ရက်ပဲအိပ်ပေးနိုင်မှာနော် ... သူ့ခမျာလည်း သူ့ယောကျ်ားနဲ့ ကြာကြာခွဲနိုင်မှာမဟုတ်ဘူး။ အေးပေါ့လေ ... တကယ်လည်း တစ်ရက်တည်းပဲဥစ္စာ၊ မနက်ဖြန်ဆိုရင် နှင်းကကိုယ့်ရည်းစားဆိုတဲ့ ဂုဏ်ပုဒ်ကနေ ကိုယ့်မယားဆိုတဲ့ ဂုဏ်ပုဒ်ကိုပြောင်းတော့မှာပဲ ... အင်း ... သက်သေ တကယ်မိန်းမရတော့မှာပါလားနော်"

"အဟဲ အဲလို စနစ်တကျ တွေးခေါ်စီစဉ်တတ်လို့ ကိုကိုနှင်း"

"ချစ်နေရတာပေါ့ ဟုတ်လား နှင်း"

"လေးစားနေရတာလို့ ပြောမလို့ပါဗျာ ... ကိုယ်လိုရာဆွဲမတွေး ပါနဲ့ ... "

မချင့်မရဲနဲ့ နှင်းရဲ့ဆံပင်တွေကိုဆွဲဖွနေသည်တွင် နှင်းရယ်သံလွင်လွင် လေးများက ရင်ထဲအထိ ငြိမ့်ငြိမ့်ညောင်းညောင်းလှုပ်ခတ် ချိုရွှင်လို့နေတော့သည်။

"နှင်း ... ပျော်လား"

---

**ရဲရင့်အောင်စာပေ**



"နှင်းက နေ့ပူမှပျော်တာ"

"ချစ်ခြင်းမေတ္တာကနေရောင်ခြည် လိုလည်းအသုံးဝင်ပါတယ်"

"ဒါပေမယ့် သိပ်မချစ်ပါနဲ့ကိုရယ်၊ နေရောင်ခြည်လို အသုံးဝင်တဲ့ ချစ်ခြင်းမေတ္တာကြောင့် နှင်းဟာအပျော်လွန်ပြီး ရေဘဝရောက်သွားမှာပေါ့ရှင်၊ မေတ္တာအအေးကိုတော့ ချစ်ပေမယ့် ချစ်ခြင်းအပူကိုတော့ မေတ္တာထားလို့မရဘူး။ နှင်းဆိုတာကိုက အပူကိုကြောက်ရလို့ပါ 'ကို' တကယ်တော့ နှင်းဘဝလေးဟာ သမမျှတမှုယာယီအခြေအနေလေးမှာပဲ အခိုက်အတန့်တည်မြဲရတာပါ၊ ရန်ကုန်တစ်ဝက်၊ မန္တလေးတစ်ဝက်နှင်း အပျော်တစ်ဝက်၊ အမာတစ်ဝက်နှင်း အပူလိုလားမှုတစ်ဝက်၊ အအေးလိုလားမှုတစ်ဝက် ဝေဟင်တစ်ဝက်၊ မြေပြင်တစ်ဝက်နှင်း၊ ချစ်ခြင်းတစ်ဝက်၊ မေတ္တာတစ်ဝက်နှင်း ဒါပေမယ့်နှင်းကိုတော့ ယုံပါ 'ကို' ... နှင်းဟာ နှင်းဆိုတဲ့ ဘဝလေးအတိုင်းပဲ အပူနဲ့ကြာကြာတွေ့ရင် နှင်းဘဝကရေဘဝပြောင်းရတယ်၊ သိပ်ကိုတိုတောင်းတဲ့ ကာလတခဏလေးမှာသာ နှင်းဟာနှင်းလို့ပြောနိုင်တာပါရှင်၊ ဘာပဲဖြစ်ဖြစ် စိတ်ချပါ 'ကို' နှင်းဘဝလေး တည်မြဲနေသေးသရွေ့ ကာလပတ်လုံးမှာ ကိုယ့်ရဲ့နှင်းဟာ နူးညံ့အေးမြ ဖြူစင်နေမှာပါ"

အလေးအနက်မျက်နှာအနေအထား အသံအတိုးအညက်နှင့် နှင်းနွေး လက်ခုံလေးကို သက်ဝေတစ်ချက်ငုံ့နမ်းလိုက်၏။ မြတ်မြတ်နိုးနိုး။

"ဘယ်လိုဖြစ်လို့ ချက်ချင်းကြီးလေးနက်သွားရတာလဲ နှင်းရဲ့"

အိမ်ထဲမဝင်လိုသေးသောချစ်သူကို ခြံထဲလမ်းလျှောက်ရန်ဆွဲခေါ်ရင်း သူစမိသည်။ နှင်းနှုတ်ခမ်းမှာ အပြုံးမတွေ့ရသေးပေ။ နှင်းရဲ့မျက်ဝန်းတည်တည် လေးမှာသာ အပြုံးအနည်းငယ်သမ်းသွားသည်။

"မအံ့ဩပါနဲ့ 'ကို'ရယ် ... ဖြူပြီးပေါ့တဲ့ နှင်းဆီမှာလည်း လေးနက်တဲ့ အတွေးအခေါ်တွေရှိနေနိုင်ပါတယ်ရှင် ... "

---

**ရဲရင့်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှန်တာပေါ့ လေးစားသွားပြီချစ်သူ ... ကိုယ်တကယ်လေးစားပါတယ်နှင်းရယ်၊ သိပ်တန်ဖိုးရှိတဲ့ စကားတွေပြောတတ်တဲ့ ချစ်သူလေးကိုအပိုင်ရလိုက်တဲ့ ကိုယ်ဟာ ဒီကမ္ဘာမှာ ကံအကောင်းဆုံးပါပဲ"

"နှင်းကိုတစ်သက်လုံး အခုလိုဖေးဖေးမမ ချစ်တတ်တဲ့ 'ကို'ကမှ နှင်းရဲ့အစွမ်းထက်မြတ်တဲ့ လူသားပါရှင် ... 'ကို့'ကိုချစ်မိတဲ့အတွက် နှင်းနှလုံးသားကိုနှင်းကျေးဇူးတင်လို့မဆုံးပါဘူး 'ကို'ရယ် ... သိလား၊ နှင်း 'ကို့'ကိုသိပ်ချစ်တာပါ"

"ယုံပါတယ်နှင်းရယ် ... "

မျက်ဝန်းတွေစိုစွတ်နွေးထွေးလာသည်အထိ ကြည်နူးဝမ်းသာနေရှာသောနှင်း၏ ကိုယ်လုံးသွဲ့သွဲ့လေးကို တင်းတင်းဖက်ရင်း ဆံနွယ်နုနုလေးကို တရှိုက်မက်မက် နမ်းလိုက်မိသည်။

"နှင်း ... အိမ်ထဲမှာ ခဏဝင်နားရအောင်နော်"

နှင်းခန္ဓာကိုယ်လေး တွန့်ခနဲတစ်ချက်ဖြစ်သွား၏။

ပြီးမှ သူ့ရင်ခွင်တစ်ခြမ်းပေါ်ခေါင်းမှီလျှက် ခေါင်းညိတ်ပြ၏။

"နှင်းက 'ကို့'ကိုမြင်လိုက်ကတည်းက ပင်ပန်းတာမှန်သမျှ ပျောက်ကုန်ပြီကိုရဲ့ သိရဲ့လား"

"ကိုယ်ချင်းစာစိတ်နဲ့ယုံပါတယ်နှင်းရယ် ... ကဲ ဧည့်ခန်းထဲရောက်ပြီ ကြည့်လိုက်ပါဦးနှင်းရဲ့ ဧည့်ခန်းထဲမှာစွဲဆောင်မှုအရှိဆုံးက ဘာလဲဆိုတာ"

နှင်း သူ့ရင်ထဲမှ ခေါင်းထူထပြီး ဧည့်ခန်းမကိုမဝံ့မရဲကြည့်၏။

"ဟယ် ... နှင်းနာရီလေးတော့"

"ကိုက နှင်းကိုအချိန်နှင့်အမျှ တန်ဖိုးထားတယ်ဆိုတာ ယုံပြီလား"

"ဒီနာရီလေးက နှင်းတို့နှစ်ယောက်ရဲ့အမှတ်တရ ချစ်သက်လက်ဆောင်လေ ... ကို ... အမြဲတမ်းတယုတယ တရိုတသေထားရမယ်နော်"





"စိတ်ချ ဒီနာရီဟာ ကိုယ့်သက်မဲ့ပစ္စည်းထဲက ကိုယ်အမြတ်နိုးဆုံးပဲ"

သူတို့နှစ်ယောက်၏ နာရီလေးကိုရင်မှဖြစ်သော သားသမီးရတနာအလား တမြတ်တနိုးပွတ်သပ်နေစဉ် နာရီထဲမှ နက်ခြောက်သော ငှက်ဆိုးထိုးသံကြီးတစ်ခု ...

ဂီး ...

ဂစ် ဂစ် ဂစ်

ဂီး ...

"အမေ့ ... "

နှင်းအလန့်တကြားနဲ့ သူ့ရင်ခွင်ထဲဖက်ရက်တိုးဝှေ့ဝင်လိုက်သည်။

သူလည်းရုတ်တရက် ကြောက်အားကြီးသွားကာ ချစ်သူနှင်းနုထွေးကို လွှတ်တမ်းဖက်ထားမိသည်။

အတန်ကြာအောင် တုန်လှုပ်ပြီးလေမှ ... နှင်းသည် နာရီကြီးကို ကြောက်လန့်စွာကြည့်လျှက် ...

"ကို ... "

"နှင်း ... "

"ကျွန်မတို့ နာရီထဲက ... "

"ဟုတ်တယ် နှင်း ... "

သူတို့နှစ်ယောက် နာရီကြီးကို မကောင်းဆိုးဝါးလက်ဆောင်တော်တစ်ခုလို ငေးရိုငေးမောကြည့်ကာမှင်တတ်နေမိကြသည်။

အတော်ကြီးကြာလေမှ ...

သက်ပြင်းပူပူရှည်ရှည်ကြီးတွေ ပြိုင်တူချမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၇။ သာဓုခေါ်ချင်လို့ ခေါက်တာလား

မင်္ဂလာဆောင်ပြီးတစ်ပတ်မပြည့်သေး ကို့ ကုမ္ပဏီက ကိုယ့်ကိုလှမ်း ခေါ်တော့သည်။

"ကို အရင်စီးခဲ့တဲ့ သင်္ဘောပဲနှင်း _ နောက်လထဲမှာ ကုန်းချုပ် (CHIEF OFFICER) အပြောင်းအလဲရှိတယ်၊ အခုလက်ရှိစီးနေတဲ့ ကိုနီယား ကုန်ချုပ်ဆင်းတဲ့အချိန် ကို့ကိုတက်စေချင်တယ်၊ စက်ချုပ် (C.E) ရော၊ သင်္ဘောမှူးကြီး (Captain) ရောက 'ကို' နဲ့နှစ်ရှည်လများအလုပ်တွဲလုပ်ဖူးတဲ့ လူတွေချည်း ကွ၊ သူတို့တွေကလည်း ကို့ကိုလာစေချင်ကြတယ်"

" 'ကို' ရယ် ... မြန်လိုက်တာ _ နောက်ထပ်နှစ်လလောက်ဖြစ် ဖြစ်နေဖို့ကောင်းပါသေးတယ်၊ လက်ထပ်ပြီးလို့မှ ဘာမှမကြာသေးဘူး 'ကို' က သင်္ဘောပြန်တက်ချင်နေပြီဆိုတော့ သိဘူး ကိုရာ ဖြစ်နိုင်ရင် နှင်းကိုနဲ့အတူ သင်္ဘောပေါ်ထိလိုက်ခဲ့ချင်တယ်"

"ကိုယ်လည်း နှင်းနဲ့ခွဲပြီးဘယ်နေချင်ပါ့မလဲ၊ ဒါပေမဲ့ စီးပွားရေး တာ _ အခြေအနေပေးတုန်းကြိုးစားရှာရတာပဲ နှင်းရဲ့စိတ်ချပါ၊ ဒီအကြောင်း





ပြီးလို့ရှိရင် ... ကိုယ်ပြန်မတက်တော့ဘူး မြန်မာပြည်မှာပဲ စီးပွားရေး တစ်ခု ခုဖောက်ချလုပ်တော့မယ်"

"အခုတော့ ဘယ်သွားမလို့လဲ ... "

"ရုံးကို ကိုယ့်ရဲ့ Documents တွေ ပို့စရာရှိတယ်၊ Nauticalလည်း ဝင်ရဦးမယ်၊ S.E.C.D မှာလည်း MARINA လိုင်းက သူငယ်ချင်းနဲ့တွေ့ဖို့ အပွိုင့် မန့်လုပ်ထားတယ် နှင်းလိုက်ခဲ့လေ ... "

"အိုး _ မလိုက်ပါဘူး၊ ကိုတို့သင်္ဘောစကားတွေ နားထောင်ရတာ ပျင်းတယ်"

"လိုက်ခဲ့လိုက်ပြီးရော နှင်းရာ _ ဖိုးဆိတ်တို့လင်မယားနဲ့လည်းတွေ့ ရဦးမှာ ... "

"လုပ်ပါ ကိုယ့်အလုပ်ကိုယ်လုပ်ပါ နှင်းလည်းမအေးချမ်းနဲ့ဖုန်းချိန်းထား တာစောင့်ရဦးမှာ ... "

"ကို့ ကိုကောက်တာလား ကောင်မလေး"

BURMESE CLASSIC .com

"မကောက်ပါဘူးရှင် ... မကောက်ပါဘူးတဲ့"

မကောက်ပါဘူးဆိုပြီး ကောက်နေသော နှင်းနုထွေးချစ်လင်ရဲ့ အနမ်း ကိုရမှ စိတ်ပြေသွား၏။

"သက်စွန့်ဆံဖျား ပင်ပင်ပန်းပန်းစီးပွားရှာရတဲ့ ကို့ကိုသနားလို့ပါ၊ သင်္ဘောသားအလုပ် ယောက်ျားဆန်တယ်၊ သမ္မာအာဇီဝကျတယ်လို့ ဘယ် လောက်ပဲပြောကြပါစေ _ နှင်းသာဆိုရင်တော့ သင်္ဘောသားလုံးဝလုပ်ခွင့်မပြု ဘူး၊ တမျှော်တခေါ် မျှော်ခေါ်ကြည့်လို့တောင် မျှော်မဆုံး၊ ခေါ်မဆုံးတဲ့ပင်လယ် ထဲမှာ အသက်ရဲ့ကိုးဆယ်ရာခိုင်နှုန်းမြှုပ်နှံထားရတာ ဘာများကောင်းသေးလို့ လဲ ... အဲဒီလိုရှာထားရတဲ့ပိုက်ဆံလည်း မသုံးရက်ပါဘူး၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



သဘောသားဆိုတာ လူ့အခွင့်အရေးဆုံးရှုံးနေတဲ့ လူတွေပဲကိုရဲ့ ... လူဖြစ်ကျိုးမနပ်ပါဘူး။ လူဖြစ်ပြီးမြေမာတ်ပျောက်ဆုံးနေရရှာတာ ရေကြည်မြင့်ပြီးရေချိုရှာမယ်တဲ့ ဝဋ်ကြွေးအမြဲခံရရှာတာ။ အဆုံးအစမဲ့ကျယ်ပြောတဲ့ လူလောကသားဖြစ်နေပါလျက် လူနှစ်ဆယ်အစိတ်ဝန်းကျင် ကျဉ်းကျဉ်းလေးနဲ့ပဲ အမြဲအသက်ရှင်ရှတည်ဆက်ဆံနေရရှာတာ အမှန်တော့သိပ်ကို ဝဋ်ကြွေးကြီးရှာတဲ့လူတန်းစားပါပဲကိုး။ ကုန်းပေါ်မှာငွေမရှာတတ်တော့လို့လား ... မရှာတတ်ရင်လည်း နှင်းပဲရှာကျွေးပါ့မယ် ... ''

''ကဲပါနှင်းရယ် ... နှင်းသဘောတူတဲ့အလုပ်ကို 'ကို' နောက်မလုပ်တော့ပါဘူး။ ဒီတစ်ခေါက်တော့ ကတိတွေပေးထားခဲ့လို့ပေါ့နော်၊ ည နှင်းဘာစားချင်လဲ ... ဒင်းမ်ဆမ်းလား ဟော့ပေါ့လား၊ ငါးကင်လား၊ ဘဲပေါင်းလား 'ကို' ဝယ်ခဲ့မယ်လေ''

''လာမဖားနဲ့ ... အရေးကြီးတာက အပြင်ကနေအရက်မသောက်ခဲ့နဲ့၊ အိမ်ကိုစောစောပြန်လာခဲ့ ဒါပဲသွားတော့''

'ကို'က သူမနဖူးလေးကို လက်ညှိုးလက်သည်းနဲ့ချစ်စနိုးတစ်ချက်တောက်သွားပြီး ထွက်သွားသည်ကို သူမလိုက်ကာအကွယ်ကနေ၍ငေးကြည့်နေသည်။

ကို့ကို သူမအရမ်းချစ်ပါသည်။

ခဏလေးလောက်တောင်မခွဲနိုင်လောက်အောင်ချစ်မိပါသည်။

ကို့ကားမြင်ကွင်းမှပျောက်သွားမှ လိုက်ကာကိုချ ဆက်တီခုံပေါ် ထိုင်လဲချလိုက်တော့သည်။

ဥသြ ...

ဥ ... သြ





ဥသြ ...

ဟော ... အခုလို လှမ်းကောင်းတဲ့အချိန်ရောက်တော့ နာရီထဲမှ အလွမ်းငှက်လေးက အလွမ်းသီချင်းကို ပီပီသသ တွန်ကျူးနိုင်လေ၏။

ဟို ... နှင်းရောက်ခဲ့သည့်ရက်ကတော့ ကြောက်စရာငှက်ဆိုးထိုးသံကြီး ထွက်လာခဲ့ဖူးသည်။

သူမရော ... သူရော သွေးပျက်မတတ်ထိတ်လန့်ခဲ့ရသည်။

နာရီပြင်ဆိုင်တွေမှာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်ပြင်ခဲ့ပေမယ့် ဘယ်ဆိုင်ကမဆို ဒီနာရီကြီးက ဘာမှမပျက်ပါဘူးဟု ပြောခဲ့သည်။

ဂီး ...

ဂစ် ဂစ် ဂစ်

ဂီး

လို့ မြည်ခဲ့သည်ဆိုသည့်တိုင် မည်သည့်နာရီပြင်ဆရာကမှ မယုံကြည်ခဲ့ပေ ... ဥသြတွန်သံမှတစ်ပါး ငှက်ဆိုးထိုးသံနှင့်တူတာကို ဒီနာရီရဲ့ Alamn အသံစနစ်ထဲမှာ မပါရှိဟုဆိုကြသည်။

ဟုတ်လည်းဟုတ်သည်။ အဲဒီတုန်းက တစ်ချိန်သာကြားခဲ့ရပြီး ငှက်ဆိုးသံကြီးပျောက်သွားခဲ့သည်။

အခုလည်း သူမချစ်သက်လက်ဆောင်နာရီကြီးထဲမှာ သူမချစ်သော အလွမ်းငှက်သံသာလေးသာရှိနေ ကြားနေရပါ၏။

သူမနာရီကိုငေးကြည့်ရင်း မျက်လုံးတွေမှေးစင်း၊ မျက်ခွံတွေလေးလံလို့လာသည်။

အိပ်ခန်းထဲသွားအိပ်မည်ဟု စိတ်ကူးမိသော်လည်း သူမ စိတ်ကူးအကောင်အထည်မပေါ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူမခေါင်းတွေ ဝေးပင်ထူထဲလွန်းလှ၏။

အိပ်မွေ့ချခံရသူတစ်ယောက်နှယ် ဆိုဖာဆက်တီပေါ်မှာပဲ မှေးနေမိသည်။

သူမမျက်ခွံတွေပိတ်ချထားသည်ဆိုသော်လည်း သူမသည် သူမ၏ နာရီကြီးကို အထင်အရှားမြင်နေရသည်။

သူမနှင့်အရပ်အမြင့်အတူတူ သပြေညှိရောင် ကျွန်းပွတ်လုံးပန်းကနုတ်များနဲ့ နာရီကြီးကတင့်တင့်တယ်တယ်နဲ့ ကြည့်မဝနိုင်စရာ။

မြတ်နိုးစိတ်နဲ့ကြည့်နေဆဲမှာ

"ဟင် ... "

သူမနာရီရှေ့သို့ခုန်ဝင်လာသော လူရိပ်တစ်ရိပ်ကိုတွေ့လိုက်ရသည်။

ထိုလူသည်နာရီထဲမှာ ခုန်ထွက်လာသည်လား ...

နာရီရဲ့အထက်မှ ခုန်ဆင်းလာသည်အလား ...

အခန်းအပြင်မှခုန်ထွက်လာသည်အလား ...

မသေချာ ...

သေချာတာကတော့ ထိုလူသည် နှင်းနုထွေးကိုကျောပေးရပ်တန့်နေခြင်းဖြစ်သည်။

"ဘယ်သူလဲ ... ရှင်ဘယ်သူလဲ ... ကျွန်မအိမ်ထဲ ဘာကိစ္စဝင်လာတာလဲ"

နှင်းနုထွေး အဆက်မပြတ်ကြောက်လန့်တုန်ယင်စွာ အော်ပြောလိုက်သည်၏အဆုံး ...

ကျောပေးထားသော ... ထိုလူသူမဘက်သို့ မျက်နှာလှည့်လာတော့သည်။





"အ

မေ့ ... မေ့ ... "

သူမနှလုံးသားတစ်ခုလုံးကို ဆွဲနှုတ်ကာလေဟာနယ်ထဲ ပစ်တင်လိုက်သည့်အလား ရင်ပြင်သည် ... ဟာလာဟင်းလင်းဖြစ်သွား၏။

သူမ ဒီအိမ်ကိုမရောက်ဖူးခင်ကတည်းက ဒီအိမ်ကိုအိပ်မက်ထဲမှာတွေ့ခဲ့စဉ်ကတည်းက သူမနှင့်ကို ယခုအိပ်နေသည့် အိပ်ခန်းထဲမှထွက်လာသော သရဲကောင်ကြီးဖြစ်သည်။

သူမ အလွန်အမင်းကြောက်ရွံ့နေမိသည်။

"ရှင် ထွက်သွား"

သူမ ငယ်သံပါအောင် အော်ပေမယ့်ထိုသရဲကြီးက နားမဝင်ပါချေ။

သူမထံသို့ တစ်လှမ်းချင်းတိုးဝင်လာနေ၏။ ပါးစပ်ထဲမှာ ခေါင်းထဲမှာ ရွက်ဆိုနေကျ မှတ်မိနေကျ ဘုရားစာတွေလည်း ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံးမေ့လျော့သွားတော့သည်။

သူမအနေနှင့် ဘာမှမတတ်နိုင်တော့ပေ။ ကိုယ်လွတ်ရုန်းပြေးရုံမှအပ အခြားမတတ်နိုင်တော့ပေ။

စိတ်ကူးနှင့်အတူ သူမဆိုဖာပေါ်မှ ကုန်းရုန်းထပြီးထွက်ပြေးမည်ကြံစည်ပေမယ့် သူမခြေထောက်တွေအေးခဲတောင့်တင်းလို့နေ၏။

ပြေးရန်ဝေးလာဝေး ... တစ်ဖဝါးစာမျှပင် မရွေ့နိုင်၊ မရွေ့နိုင်၊ မလှုပ်နိုင်ပါ၊ မလှုပ်နိုင်တော့ပါ။

"သွား ... ထွက်သွားပါရှင်"

သူမနောက်တစ်ကြိမ် ထပ်မံအော်ဟစ်တောင်းပန်သော်လည်း သရဲကြီးကမနာခံပေ။



www.burmeseclassic.com

www.burmeseclassic.com



''ငါ … နင့်ကို ဒုက္ခမပေးပါဘူး ကောင်မလေး၊ ငါ ဒုက္ခသည်တစ်ယောက်ပါ။ ငါ့ကိုအကူအညီပေးပါ၊ ငါ့ဘဝက ကိုယ်တိုင်ကြိုးစားလို့မရတော့တဲ့ဘဝမို့ပါ။ ငါ့ကိုကူညီပေးပါ''

အသနားခံမျက်နှာလေးနဲ့ သူမထံတိုးလျှိုးတောင်းပန်နေသော သရဲကြီးသည် မအေးချမ်းတို့အလှူမှာဆုံခဲ့သော ဦးကံပိုင်ဆိုသည့် လူမိုက်ကြီးနှင့် တစ်သွေမတိမ်းတူညီလို့နေသည်။

''ရှင်က ဘယ်သူလဲ''

''ဦးကံပိုင်''

''ရှင် … တူလိုက်တာ''

''ဘာကိုတူတာလဲ … ကောင်မလေး''

''ဟင့်အင်း … လူ လူမှားလို့ပါ၊ပြောပါ ကျွန်မရှင့်အတွက် ဘာလုပ်ပေးရမှာလဲ''

''အလှူအတန်းလုပ်ပေးပါ၊ ဦးကံပိုင်ရေ … အမျှ အမျှ အမျှ ဆိုပြီးအမျှအတမ်းပေးဝေပေးပါ၊ ငါ့ကုသိုလ်ရဲ့အဖိုးဘာဂကို အမျှယူ သာဓုအနုမောဒနာခေါ်ချင်လို့ပါ၊ အဲဒါကြောင့် … အကူအညီပေးပါလို့ ငါတောင်းဆိုချင်လို့ နင်တို့လင်မယားကို အမျိုးမျိုးချဉ်းကပ်နေရတာပါ ကောင်မလေးရယ်၊ ငါဒီမကျွတ်မလွတ်ဘဝကြီးထဲမှာ တစ်နှစ်တိတိရှိနေပြီ။ ဒုက္ခအမျိုးမျိုးခံနေရတာပါ၊ ငါလွတ်ချင်ပြီ၊ ကျွတ်ချင်ပြီ၊ ကောင်မလေး ငါ့ကိုကတိပေးနိုင်မလား … ''

''ဩော် … ဟုတ်ကဲ့ ပေးနိုင်ပါတယ်၊ ကျွန်မရှင့်အတွက် အလှူလုပ်ပြီး အမျှပေးဝေပါမယ်''

''ကတိနော်''

''ကတိပါရှင် … ကတိပါ စိတ်ချပါ''

ရှုရင့်အောင်စာပေ



''အေး … မြန်နိုင်သမျှမြန်မြန်ကြိုးစားပေးပါဟာ၊ ငါမျှော်နေမယ်နော်''

သရဲကောင်ကြီး ရိပ်ခနဲပျောက်ကွယ်သွားသည်နှင့် …

ဥသြ …

ဥ … သြ

ဥသြ …

နာရီထဲမှ ဥသြသံလေးထပ်မံကြားလိုက်ရ၏။

သူမ ဝုန်းခနဲထထိုင်လိုက်၏။

သူမတစ်ကိုယ်လုံး ချွေးစေးတွေအိုင်ထွန်းကာ အသားတွေ တဆက်ဆက်တုန်လှုပ်လျက်ရှိသည်။

''ဒေါ် ဝါ ဝါ''

''သူမ အားကုန်ကျုံးအော်ခေါ်လိုက်၏။

''လာပြီ … ဆရာကတော်''

ဆိုပြီး ဒေါ်ဝါဝါနှင့်အတူ ဦးကြည်ဝင်းပါ ပါလာသည်။

''ဆ ဆရာကတော် … ဘာဖြစ်လို့လဲ … ''

''ဘာမှမဖြစ်ဘူး … ဒေါ်ဝါဝါ … ဒီနေ့ ကိုပြန်မလာမချင်း ကျွန်မနားမှာပဲနေပေးပါရှင် … ဘာဟင်းမှလည်းမချက်ပါနဲ့တော့''

''ဟုတ် … ဟုတ်ကဲ့ ဆရာကတော်''

''ဦးကြည်ဝင်း ကျေးဇူးပြုပြီးရေတစ်ခွက်လောက်ယူပေးပါရှင် … ကျွန်မ အိပ်မက်ဆိုးတွေမက်နေလို့ပါ … ''

ဦးကြည်ဝင်း အလျင်အမြန်ယူခပ်ပေးသည့်သောက်ရေအေးအေးလေးကို သူမအလောတကြီးမော့ချလိုက်မိသည်။

ရှုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ချင်းထဲမှာတော့တုန်တုန်ခါခါကြီး လှိုက်မောနေပါ၏။
[illegible] ဒီအကြောင်းကို ကိုနဲ့ဆွေးနွေးညှိနှိုင်းတိုင်ပင်ဖို့တော့
[illegible]

"ဆရာ့ကို ဖုန်းဆက်ခေါ်ပေးရမလား ဆရာကတော်"

ဦးကြည်ဝင်းက အလိုက်တသိမေးပေမယ့် သူမခေါင်းရမ်းမိသည်။

ကို အလုပ်များနေချိန်မှာ စိတ်မညစ်စေလိုပါ။

ဒီအိမ်ကြီးက သရဲရှိနေတာသေချာပြီ။



## ၈။ ဓားတန်းလန်းနဲ့တစ္ဆေ

"ဘာ ... အိမ်နံပါတ် လေးရာ့လေး (၄၀၄) ကိုဝယ်လိုက်တယ်၊ ဟုတ်လား သက်ဝေ ... "

MARINA SHIPPING LINE မှ ကပ္ပတိန်ဦးအောင်စိုး၏ အော်သံကြောင့် လက်ထဲမှဒိတ်ခနဲလွတ်ကျသွားသည်အထိ ... ကိုသက်ဝေတစ်ယောက် ထိတ်လန့်သွားရ၏။

"လန့် တာ ကိုကြီးရာ ... ဖြည်းဖြည်းပြောပါ"

"အင်းလေ ... ကိုအောင်စိုးကြီးကလည်း ... အလန့်တကြားနဲ့များ ဖြည်းဖြည်းပြောလည်း ကိုးကကိုးပါ၊ ပြောင်းမသွားပါဘူးဗျာ ... အစွပ် ဟွပ် ဘီယာတောင်သီးတယ်"

ဘီယာသောက် အရက်သောက်နေချိန်မျိုးမှာ ဆင်အော်လျှင်တောင် သတိမမူနိုင်သည့် ဖိုးဆိတ်ပင်လျှင် ဘီယာသီးအောင်လန့်ဆိုမှတော့ ကိုအောင်စိုးအော်သံက ဘယ်လောက်တောင်အလန့်တကြားနိုင်သလဲ ဆိုတာ တွေးဆရနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စိုးကတော့ သက်ဝေအားစိုးရိမ်တကြီးအကြည့်တွေနဲ့ စူးစိုက်ကြည့်ရင်း ဦးခေါင်းကိုဖြေးညင်းစွာ အဆက်မပြတ်ရမ်းခါနေပါ၏။

"ငါ — မြန်မြန်ပြောလို့ မင်းဘာမှဖြစ်မသွားဘူး၊ ငါအပြောနောက်ကျလို့ မင်းသေသွားရရင် ငါ့တစ်သက်လုံး ငါ့ကိုငါခွင့်လွှတ်နိုင်မှာ မဟုတ်လို့ပါ သက်ဝေ …"

ကိုအောင်စိုးမျက်နှာထက်မှ ပူပန်မှုမျက်ဝန်းထဲမှ နာကျင်မှုတွေကို သက်ဝေထူးဆန်း စိမ်းသက်စွာငေးနေမိသည်။

"ဘယ်လို … ဘယ်လို … ကိုကြီး … ကျွန်တော်နားလည်အောင် ပြောပြပါ …"

"ငါ့ညီ တင်စိုးပျောက်သွားတာနဲ့ ပတ်သတ်ပြီး သံသယရှိနေတဲ့အိမ်ကြီးကို ဝယ်လိုတဲ့မင်း ဒုက္ခရောက်မှာကိုကျိန်းသေပေါက် ငါသိနေလို့ပါ သက်ဝေ"

"ကိုကြီး ညီက ကျွန်တော်ဝယ်လိုက်တဲ့ အိမ်ကြီးနဲ့ ပတ်သတ်နေတယ် ဟုတ်လား"

"လေးရော့လေး ပိုင်ရှင် ဆွေဆွေရီနဲ့ ငါ့ညီတင်စိုးဟာ သိပ်ချစ်ခဲ့ကြတဲ့ ငယ်ရည်းစားတွေပဲ …"

"ဩော် …"

"တင်စိုး ဂျပန်မှာကျောင်းသွားတက်နေတဲ့ချိန် ဆွေဆွေရီဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်၊ မျှော်လင့်ချက်တွေတစ်တန်ကြီးနဲ့ မြန်မာပြည်ပြန်ရောက်လာတဲ့ ငါ့ညီလေးဟာ ဆွေဆွေရီသတင်းကိုလည်းကြားရော အရူးတစ်ပိုင်းဖြစ်မတတ် ခံစားရရှာတယ်ကွာ — ဒါကိုမမြင်ရက်တဲ့ ငါတို့ညီအစ်ကိုမောင်နှမတွေအားလုံးက တင်စိုးကိုမိန်းမ မယူဖို့ နိုင်ငံခြားပြန်ထွက်သွားဖို့ အတင်းအကြပ်တိုက်တွန်း ခဲ့ကြပေမယ့် တင်စိုးကခေါင်းမာခဲ့တယ်





သိပ်မကြာလိုက်ပါဘူး၊ တင်စိုးနဲ့ ဆွေဆွေရီပြန်တွဲနေတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်၊ အဲဒီသတင်းက ငါတို့အဖို့ ငယ်ထိပ်ကိုမြွေဟောက်အပေါက်ခံရသလိုကို ထိတ်လန့်စရာကောင်းတဲ့ သတင်းပါ၊ တစ်ဆွေလုံးတစ်မျိုးလုံးက ပိုင်းတားတဲ့ကြားက ဖွတ်တိုးမိုက်ရင်းနဲ့ ဒီကောင်ဟာ တစ်ခါတစ်လေမှာ ဆွေဆွေရီယောကျ်ားနဲ့ ဆွေဆွေရီတို့အိမ်မှာ ဝိုင်းဖွဲ့စားသောက်ဖြစ်လာတယ်၊ သိပ်အမူးလွန်တဲ့ညတွေဆို အဲဒီအိမ်မှာပဲ ညအိပ်ခဲ့တယ်၊ ဒီလိုနဲ့ပဲ … ငါ့ညီလေးတင်စိုး အိမ်ပြန်မလာနိုင်တော့ဘူး၊ သတင်းလည်းပျောက်၊ လူလည်းအခုထိအခုချိန်ထိ အစအနရှာမတွေ့တော့အောင်ပျောက်သွားခဲ့တာပဲ၊ သေသလား ရှင်သလားကို မသိရတော့ဘူး၊ အလောင်းကိုတွေ့ခဲ့ရရင်မှဖြေသာဦးမယ်၊ အခုဟာက လုံးဝ လက်စပျောက်တာကွာ"

"ရဲစခန်း လူပျောက်မတိုင်ဘူးလား"

"တိုင်တယ် — ရဲတွေကလည်း သူသွားတတ်တဲ့နေရာဝိုင်းကိုလိုက်ရှာပြီးပြီ အဲဒီအိမ်နံပါတ်လေးရော့လေးဆိုရင် ရေထွက်မတတ်ရှာခဲ့တယ် ဒါပေမယ့် ခုချိန်ထိဘာမှထူးခြားမလာဘူး"

"အဲဒီကိစ္စကြီးက လေးရော့လေးနဲ့ပတ်သတ်နေသလား ကိုကြီးအောင်စိုးရာ တခြားနေရာတွေစဉ်းစားပါဦး"

ဖိုးဆိတ်ကပါ စိတ်ဝင်တစားအကြံဝင်ပြု၏။

"ဘယ်လိုပဲ စဉ်းစားစဉ်းစား ငါ့စိတ်ထဲမှာတော့ ငါ့ညီလေးကို အဲဒီအိမ်ကြီးလေးရော့လေးမှာပဲ ကိစ္စအတုံးခံလိုက်ပြီလို့ထင်နေတယ်၊သိနေတယ်ကွာ မိစ္ဆာအိမ်ကြီးကွ"

"ဟာဗျာ — ကိုအောင်စိုးကလည်း — ထင်တာတွေချည်းလျှောက်ပြောနေလို့မရဘူး၊ လက်တွေ့ မျက်တွေ့ဘာမှမပြနိုင်ဘဲနဲ့ တစ်ဖက်သားကို



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်စိုးကတော့ သက်ဝေအားစိုးရိမ်တကြီးအကြည့်တွေနဲ့ စူးစိုက်ကြည့်ရင်း ဦးခေါင်းကိုဖြေးညင်းစွာ အဆက်မပြတ်ရမ်းခါနေပါ၏။

"ငါ ‗ မြန်မြန်ပြောလို့ မင်းဘာမှဖြစ်မသွားဘူး၊ ငါအပြောနောက်ကျလို့ မင်းသေသွားရရင် ငါ့တစ်သက်လုံး ငါ့ကိုငါခွင့်လွှတ်နိုင်မှာ မဟုတ်လို့ပါ သက်ဝေ ... "

ကိုအောင်စိုးမျက်နှာထက်မှ ပူပန်မှုမျက်ဝန်းထဲမှ နာကျင်မှုတွေကို သက်ဝေထူးဆန်း စိမ်းသက်စွာငေးနေမိသည်။

"ဘယ်လို ... ဘယ်လို ... ကိုကြီး ... ကျွန်တော်နားလည်အောင် ပြောပြပါ ... "

"ငါ့ညီ တင်စိုးပျောက်သွားတာနဲ့ ပတ်သတ်ပြီး သံသယရှိနေတဲ့အိမ်ကြီးကို ဝယ်လိုတဲ့မင်း ဒုက္ခရောက်မှာကိုကျိုးသေပေါက် ငါသိနေလို့ပါ သက်ဝေ"

"ကိုကြီး ညီက ကျွန်တော်ဝယ်လိုက်တဲ့ အိမ်ကြီးနဲ့ ပတ်သတ်နေတယ်ဟုတ်လား"

"လေးရာ့လေး ပိုင်ရှင် ဆွေဆွေရီနဲ့ ငါ့ညီတင်စိုးဟာ သိပ်ချစ်ခဲ့ကြတဲ့ ငယ်ရည်းစားတွေပဲ ... "

"ဗြော် ... "

"တင်စိုး ဂျပန်မှာကျောင်းသွားတက်နေတဲ့ချိန် ဆွေဆွေရီဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်၊ မျှော်လင့်ချက်တွေတစ်တမ်းကြီးနဲ့ မြန်မာပြည်ပြန်ရောက်လာတဲ့ ငါ့ညီလေးဟာ ဆွေဆွေရီသတင်းကိုလည်းကြားရော အရူးတစ်ပိုင်းဖြစ်မတတ် ခံစားရရှာတယ်ကွာ ‗ ဒါကိုမြင်ရက်တဲ့ ငါတို့ညီအစ်ကိုမောင်နှမတွေအားလုံးက တင်စိုးကိုမိန်းမ မယူဖို့ နိုင်ငံခြားပြန်ထွက်သွားဖို့ အတင်းအကြပ်တိုက်တွန်း ခဲ့ကြပေမယ့် တင်စိုးကခေါင်းမာခဲ့တယ်





သိပ်မကြာလိုက်ပါဘူး၊ တင်စိုးနဲ့ ဆွေဆွေရီပြန်တွဲနေတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်၊ အဲဒီသတင်းက ငါတို့အဖို့ ငယ်ထိပ်ကိုမြွေပေါက်အပေါက်ခံရသလိုကို ထိတ်လန့်စရာကောင်းတဲ့ သတင်းပါ၊ တစ်ဆွေလုံးတစ်မျိုးလုံးက ဝိုင်းတားတဲ့ကြားက ဖွတ်တိုးမိုက်ရင်းနဲ့ ဒီကောင်ဟာ တစ်ခါတစ်လေမှာ ဆွေဆွေရီယောကျ်ားနဲ့ ဆွေဆွေရီတို့အိမ်မှာ ဝိုင်းဖွဲ့စားသောက်ဖြစ်လာတယ်၊ သိပ်အမူးလွန်တဲ့ညတွေဆို အဲဒီအိမ်မှာပဲ ညအိပ်ခဲ့တယ်၊ ဒီလိုနဲ့ပဲ ... ငါ့ညီလေးတင်စိုး အိမ်ပြန်မလာနိုင်တော့ဘူး၊ သတင်းလည်းပျောက်၊ လူလည်းအခုထိအခုချိန်ထိ အစအနရှာမတွေ့တော့အောင်ပျောက်သွားခဲ့တာပဲ၊ သေသလား ရှင်သလားကို မသိရတော့ဘူး၊ အလောင်းကိုတွေ့ခဲ့ရရင်မှဖြေသာဦးမယ်၊ အခုဟာက လုံးဝလက်စဖျောက်တာကွာ"

"ရဲစခန်း လူပျောက်မတိုင်ဘူးလား"

"တိုင်တယ် ‗ ရဲတွေကလည်း သူသွားတတ်တဲ့နေရာဝိုင်းကိုလိုက်ရှာပြီးပြီ အဲဒီအိမ်နံပါတ်လေးရာ့လေးဆိုရင် ရေထွက်မတတ်ရှာခဲ့တယ် ဒါပေမယ့် ခုချိန်ထိဘာမှထူးခြားမလာဘူး"

"အဲဒီကိစ္စကြီးက လေးရာ့လေးနဲ့ပတ်သတ်နေသလား ကိုကြီးအောင်စိုးရာ တခြားနေရာတွေစဉ်းစားပါဦး"

ဖိုးဆိတ်ကပါ စိတ်ဝင်တစားအကြံဝင်ပြု၏။

"ဘယ်လိုပဲ စဉ်းစားစဉ်းစား ငါ့စိတ်ထဲမှာတော့ ငါ့ညီလေးကို အဲဒီအိမ်ကြီးလေးရာ့လေးမှာပဲ ကိစ္စအတုံးခံလိုက်ရပြီလို့ထင်နေတယ်၊သိနေတယ်ကွာ မိစ္ဆာအိမ်ကြီးကွ"

"ဟာဗျာ ‗ ကိုအောင်စိုးကလည်း ‗ ထင်တာတွေချည်းလျှောက်ပြောနေလို့မရဘူး၊ လက်တွေ့ မျက်တွေ့ဘာမှမပြနိုင်ဘဲနဲ့ တစ်ဖက်သားကို



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ … သူ့မှာအချစ်ရဆုံးဇနီးလည်းရှိနေပါလျက် ချစ်သူနှင့်အတူ ကြည်နူး မမွေ့ပျော်နိုင်လောက်အောင် ပူလောင်နေရတာဘာကြောင့်ထဲ။

ဒီအိမ်ကြီးကို ဝယ်လိုက်မိလို့လား။

ဒီအိမ်ကြီးကို ဝယ်လိုက်တာဟာ ရှောင်လွှဲလို့မရတဲ့ကံဆိုးခြင်းထောင်ချောက်ထဲ တိုးဝင်မိခြင်းလား …

ဒီအိမ်ကြီးကို ဝယ်လိုက်တာဟာ ပြုပြင်ပြောင်းလဲလို့မရတော့တဲ့ အမှားအယွင်းတစ်ခုဖြစ်နေပြီလား …

အမှန်ကတော့ … အကောင်းဆုံးရွေးချယ်မှုအဖြစ် ဒီအိမ်ကြီးကို သူဝယ်ယူခဲ့တာပါ။

ရံဖန်ရံခါမှာ အကောင်းဆုံးဆိုတာတွေသည် အဆိုးဆုံးဖြစ်တတ်ပါ၏လော …

အကောင်း၏အဆုံးစွန် အကောင်းဆုံးနှင့်အဆိုး၏ အဆုံးစွန်းအဆိုးဆုံးတို့သည် ခြစည်းပင်မခြားသော အိမ်နီးချင်းတွေဖြစ်ကောင်းဖြစ်မည်။

လောက၏ လျှို့ဝှက်ချက် လှည့်ကွက်တို့သည် လောကကို ဆေးသွင်းစေစားလိုက်သည့်အခါ လောကသားတို့ မျက်စိတွေချာချာလည်ရသည်။

အကောင်းဆုံးဟူသော အရေခွံရဲ့အောက်မှာ အဆိုးဆုံးအတွင်းသားရှိနေခြင်းသည် တကယ်တော့လည်း အထူးအဆန်းမဟုတ်ပေ။ ဖြစ်လေ့ ဖြစ်ထအစဉ်အလာတစ်ခုသာလျှင်ဖြစ်၏။

ဒါဆို ဒီအိမ်ကြီးကိုပြန်ရောင်းလိုက်ရမလား။

ဟင့်အင်း …

ဒီလိုတော့ အခက်အခဲတစ်ခုကို လွယ်လွယ်ကူကူနဲ့ လက်လျှော့အရှုံးမပေးလိုပါ။ ရင်ဆိုင်ဖြေရှင်းရန် နည်းလမ်းရှာကြံလိုသေးသည်။





"ဆရာ … ကော်ဖီရပါပြီ၊ Dream Bed ကိုမြတ်ခင်းမှာပဲ ခင်းလိုက်ရမလား … "

သူအတွေးနယ်ချဲ့နေစဉ် ဦးကြည်ဝင်းကော်ဖီခွက်တစ်ခွက်နဲ့ Dream Bed ကို လက်တစ်ဖက်ကိုင်ကာ ရောက်လာ၏။

သူ Dream Bed ကို လှမ်းယူပြီး မြတ်ခင်းထိပ် Stand Lamp အောက်မှာ ခင်းလိုက်၏။

"ကျေးဇူးပဲ ဦးကြည်ဝင်း ခြံတံခါးပိတ်ပြီးပြီ မဟုတ်လား၊ အိပ်ချေတော့လေ … "

ဦးကြည်ဝင်းက ခေါင်းညိတ်ဦးညွှတ်ကာ ဂိတ်တဲဆီခြေလှမ်းနေသည်မို့

"ဒီည အိမ်ထဲမှာပဲ အေးအေးဆေးဆေးအိပ်လိုက်ပါဗျာ"

ဦးကြည်ဝင်း နာခံတတ်သူပီပီ ဘာစကားမှ အကွန့်အညှန့်မတတ်တော့ဘဲ အိမ်ထဲသို့ ရိုးရိုးကုပ်ကုပ်ဝင်သွား၏။

ကော်ဖီကို တစ်စုပ်စုပ်လိုက်၏။

ချိုချဉ်ခါးဆိမ့် အရသာလေးက တစ်ခေါင်းလုံးကြည်လက် လတ်ဆတ်သွားရသည်။

နိုင်ငံခြားသင်္ဘောမှာ CHIFF COOK လုပ်ခဲ့ဖူးသော ဦးကြည်ဝင်း၏ လက်ရာက ချီးကျူးဖို့ကောင်းလှ၏။ လောင်းကစားကြောင့် ဘဝပျက်ခဲ့ရသည်ကတော့ စိတ်မကောင်းဖွယ်ရာကောင်းလှသည်။

လုပ်ဖော်ကိုင်ဖက် သင်္ဘောသားအချင်းချင်းမို့ သူ့ကိုနိုင်ငံခြားသင်္ဘောပေါ် ပြန်တင်ပေးလိုပေမယ့် အသက်အရွယ်ကြီးရင့်သွားပြီမို့ မဖြစ်နိုင်တော့ပါ။ အခုလိုပဲ … ထောက်ပံ့လိုသူတွေက အိမ်မှာ ဒရဝမ်၊ မာလီ၊ ထမင်းချက်၊ တောက်တိုမယ်ရလေးတွေခိုင်းရင်း ကြည့်ရှုထောင်ပံ့ပေးနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်းက _ စိတ်ပြေပျောက်လာလို လာခြား ဘာရယ်မဟုတ် ကော်ဖီတစ်ငုံ ငုံလိုက်၏။

"ဝေါ့ ... "

"ထွီ ... "

"နံလိုက်တာ ... "

သူသောက်လိုက်မိသော ခွက်ထဲမှလက်ကျန်ကော်ဖီတွေသည် အသေ ကောင်အပုပ်ကောင် တစ်ကောင်၏ခန္ဓာကိုယ်မှထွက်သော သွေးပုပ် ပြည်ပုပ် အပုပ်ရည်တွေလို အော်ဂလီဆန်နံ့ဟောင်လွန်းလှသည်။

"ထွီ ... "

တံတွေးအဆက်မပြတ်ထွေးထုတ်နေသည့်တိုင်အောင် အပုပ်နံ့ကြီးက ပျောက်ပျက်မသွားပေ။

လက်ထဲမှ ကော်ဖီခွက်ကို အဆိပ်ခွက်အလား ထိတ်လန့်စိတ်နဲ့ လွှင့်ပစ် လိုက်၏။

"ခွမ်း ... "

Stand Lamp မီးတိုင် အုပ်မြစ်အုပ်တိုင်လေးကို ထိမှန်ကာ အစိပ်စိပ် အမွှာမွှာကွဲကြေသွားသည်။

အပုပ်နံ့ကြီးကတော့ ပိုလို့ပင်စူးစူးဝါးဝါး ပုပ်ဟောင်လို့နေသည်။

ကျုပ်အပုပ်နံ့ကြီးကို ဆက်လက်ရှူရှိုက်နေပါက မကြာမီသူမူးမိုက်လဲကျ သွားလိမ့်မည်။

ကော်ဖီလက်ကျန်တွေ Stand Lamp အုတ်ခုံလေးထက်မှာ ဖိတ်စဉ်၍ ကျလျှက်ရှိ၏။

သူမှင်တတ်မိကြည့်နေဆဲမှာပင် ကော်ဖီစက်မည်းမည်းများသည်





သက်ရှိ သတ္တဝါတစ်ကောင်လို တွန့်လိမ်လူးလိမ့်နေတာကို အံ့ဩဖွယ်တွေ့လိုက် ရ၏။

သူအကြောက်လွန်ပြီး မှောက်မှောက်မှားမှား မြင်ယောင်မိခြင်းများလား ဟု မျက်စိနှစ်လုံးကို လက်ခုံနဲ့အကြိမ်ကြိမ်ပွတ်သပ်ကာ ကြည့်သည်။

သူအမြင်မမှားပါ။

သူအမြင်မမှားဘူးထင်သည့် သူ့အထင်လုံးဝမမှားပါ။

သူ့မျက်စိရှေ့မှာ တွန့်ကွေးကွေးကော်ဖီစီးကြောင်းများသည် သတ္တဝါ တစ်ကောင်ဖြစ်လာသည်။

ထိုသတ္တဝါသည် လူတစ်ယောင်ဖြစ်၏။

ထိုလူသည် ယောကျ်ားပျိုတစ်ယောက်ဖြစ်၏။

ထိုယောကျ်ားပျိုရင်ဘတ်မှာ ဓါးတစ်စင်းစိုက်နေ၏။ ထိုစိုက်ရာနေရာမှ သွေးတွေပန်းထွက်နေ၏။

မကြာမီသေရတော့မည့် ထိုလူသည် သူ့ကိုအားကိုးတကြီးမျက်ဝန်းတို့ ဖြင့်ကြည့်ကာ ပါးစပ်မှတလှုပ်လှုပ် အဆက်မပြတ်ရွတ်လျှက် အကူအညီတောင်း နေပုံရသည်။

သို့ပေမယ့် သူမကူညီရဲပါ။

ကူညီဖို့နေနေသာသာ ထိုဓါးတန်းလန်းနဲ့လူ သူ့ကိုစိုက်ကြည့်နေတာကို ပင် ကြက်သီး တဖျန်းဖျန်းထ ထိတ်လန့်နေမိသည်။

ထိုလူကတော့ အကူအညီတောင်းခံလိုဇောနှင့် သူ့ထံသို့ဒယီးဒယိုင် လှမ်းလာခဲ့၏။

သူ ထိတ်လန့်စွာနောက်ဆုပ်လိုက်တော့ Dream Bed နှင့်တိုက်မိကာ Dream Bed ပေါ်ပိုးလိုးပက်လက် လန်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်းက _ စိတ်ပြေပျောက်လာလို လာပြား ဘာရယ်မဟုတ် ကော်ဖီတစ်ငုံ ငုံလိုက်၏။

"ဝေါ့ ..."

"ထွီ ..."

"နံလိုက်တာ ..."

သူသောက်လိုက်မိသော ခွက်ထဲမှလက်ကျန်ကော်ဖီတွေသည် အသေကောင်အပုပ်ကောင် တစ်ကောင်၏ခန္ဓာကိုယ်မှထွက်သော သွေးပုပ် ပြည်ပုပ် အပုပ်ရည်တွေလို အော်ဂလီဆန်နံဟောင်လွန်းလှသည်။

"ထွီ ..."

တံတွေးအဆက်မပြတ်ထွေးထုတ်နေသည့်တိုင်အောင် အပုပ်နံ့ကြီးက ပျောက်ပျက်မသွားပေ။

လက်ထဲမှ ကော်ဖီခွက်ကို အဆိပ်ခွက်အလား ထိတ်လန့်စိတ်နဲ့ လွှင့်ပစ်လိုက်၏။

"ခွမ်း ..."

Stand Lamp မီးတိုင် အုပ်မြစ်အုပ်တိုင်လေးကို ထိမှန်ကာ အစိပ်စိပ် အမွှာမွှာကွဲကြေသွားသည်။

အပုပ်နံ့ကြီးကတော့ ပိုလို့ပင်စူးစူးဝါးဝါး ပုပ်ဟောင်လို့နေသည်။

ကျူပ်အပုပ်နံ့ကြီးကို ဆက်လက်ရှူရှိုက်နေပါက မကြာမီသူမူးမိုက်လဲကျသွားလိမ့်မည်။

ကော်ဖီလက်ကျန်တွေ Stand Lamp အုတ်ခုံလေးထက်မှာ ဖိတ်စဉ်၍ ကျလျှက်ရှိ၏။

သူမှင်တတ်မိကြည့်နေဆဲမှာပင် ကော်ဖီစက်မည်းမည်းများသည်





သက်ရှိ သတ္တဝါတစ်ကောင်လို တွန့်လိန်လူးလိန့်နေတာကို အံ့ဩဖွယ်တွေ့လိုက်ရ၏။

သူအကြောက်လွန်ပြီး မှောက်မှောက်မှားမှား မြင်ယောင်မိခြင်းများလားဟု မျက်စိနှစ်လုံးကို လက်ခုံနဲ့အကြိမ်ကြိမ်ပွတ်သပ်ကာ ကြည့်သည်။

သူအမြင်မမှားပါ။

သူအမြင်မမှားဘူးထင်သည့် သူ့အထင်လုံးဝမမှားပါ။

သူ့မျက်စိရှေ့မှာ တွန့်ကွေးကွေးကော်ဖီစီးကြောင်းများသည် သတ္တဝါတစ်ကောင်ဖြစ်လာသည်။

ထိုသတ္တဝါသည် လူတစ်ယောင်ဖြစ်၏။

ထိုလူသည် ယောကျ်ားပျိုတစ်ယောက်ဖြစ်၏။

ထိုယောကျ်ားပျိုရင်ဘတ်မှာ ဓါးတစ်စင်းစိုက်နေ၏။ ထိုစိုက်ရာနေရာမှ သွေးတွေပန်းထွက်နေ၏။

မကြာမီသေရတော့မည့် ထိုလူသည် သူ့ကိုအားကိုးတကြီးမျက်ဝန်းတို့ ဖြင့်ကြည့်ကာ ပါးစပ်မှတလှုပ်လှုပ် အဆက်မပြတ်ရွတ်လျှက် အကူအညီတောင်းနေပုံရသည်။

သို့ပေမယ့် သူမကူညီရဲပါ။

ကူညီဖို့နေနေသာသာ ထိုဓါးတန်းလန်းနဲ့လူ သူ့ကိုစိုက်ကြည့်နေတာကိုပင် ကြက်သီး တဖျန်းဖျန်းထ ထိတ်လန့်နေမိသည်။

ထိုလူကတော့ အကူအညီတောင်းခံလိုဇောနှင့် သူ့ထံသို့ဒယီးဒယိုင်လှမ်းလာခဲ့၏။

သူ ထိတ်လန့်စွာနောက်ဆုပ်လိုက်တော့ Dream Bed နှင့်တိုက်မိကာ Dream Bed ပေါ်ပိုးလိုးပက်လက် လှန်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထပ်ကြီးစားသဲမှာပင် ခါးအထိရာမှသွေးတစ်စက်စက်ထွက်နေသော ဒဏ်ရာသည် သူ့အနီးရောက်လာကာ သွေးအလိမ်းလိမ်းလက်ကြီးဖြင့် သူ့ပခုံးကိုလှုပ်ခနဲဝမ်းကိုင်လိုက်တော့သည်။

သူလိပ်ပြာလွင့်မတတ်ထိတ်လန့်စိတ်နဲ့ ငယ်သံပါအောင်အော်ချလိုက်ပါ၏။ မျက်စိစုံမှိတ်အော်ချလိုက်ပါ၏။

"အား ..."

"ကို ... ကို ... ဘာဖြစ်လို့လဲ ... နှင်းပါ ...! နှင်းလေ"

သူစိတ်ဆွဲလမ်းလို့ပဲလားမသိ။ နှင်းအသံကိုကြားယောင်နေမိသည်။ သို့သော် မျက်စိဖွင့်မကြည့်ရဲသေးပေ။

"ကို ... ကို ... အိပ်မက် မက်နေတာလား။ ကြည့်စမ်း ... အိမ်ထဲမဝင်ဘဲ ဒီမှာအိပ်နေတယ်ပေါ့ ဟုတ်လား"

သေချာပြီ စိတ်ထင်တာမဟုတ်ပါ။ ဒါ သူ့ဇနီးနှင်းမှ နှင်းအစစ်ဖြစ်မည်။ နှင်းနုထွေးအစစ်ဖြစ်သည်။

မျက်စိကိုဖျတ်ခနဲဖွင့်ကြည့်တော့ နှင်းသည် သူ့ပခုံးကိုဆုပ်ကိုင်ကာ လှုပ်နိုးနေပါ၏။

"နှင်း ..."

"ဘာနှင်းလဲ ... ကို ... အကျင့်မပျက်နဲ့နော်၊ အရက်သောက်ပြီး အိပ်ချင်တဲ့နေရာအိပ်တာ လူကြီးလူကောင်းမပီသတာပဲ _ ဖြစ်နိုင်ရင် အရက်မသောက်ပါနဲ့တော့ ကိုရာ ... နှင်းမကြိုက်မှန်းသိသားနဲ့ ... ခုကြည့်စမ်း နှင်းသာတွက်မလာမိရင် ခြင်ဇောတာထဲမှာ မူးရူးပြီး တစ်ညလုံးအိပ်တော့မှာ"

"ကို ... မအိပ်ပါဘူး နှင်းရဲ့"

"ဘာ မအိပ်ဘူး ဟုတ်လား၊ အင်း _ အိပ်မက်တောင်ယောင်နေတဲ့





လူက မအိပ်ဘူးဆိုတော့လည်း မအိပ်ဘူးပေါ့နော်လ ... ဘာပဲဖြစ်ဖြစ် အခုထ အိမ်ထဲဝင်မယ်"

နှင်းဆွဲခေါ်ရာသို့ သူလိုက်ခဲ့သည်။

ဘာကိုမှ ပြန်လည်ရှင်းမပြတော့ပါ။

သူအိပ်မပျော်သည့် အကြောင်းအရာကိုရော ...

ရင်ဝမှာ ဓါးတန်းလန်းနဲ့ တစ္ဆေတစ်ကောင်အကြောင်းကိုရော ...

ဘာဆိုဘာကိုမှ ပြန်မရှင်းပြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ၉။ ညောင်ပင်ကြီးနှင့်ခွေးအူသံ

"ပုစုးမရေ ... နင်ပြန်ရင် ဂျီသားအစပ်ဟင်းချက်ထားတာလေး ယူသွားပါအေ၊ နင့်အစ်မ မအေးချမ်း စားချင်တယ်လို့ ငါ့ကိုပြောထားလို့"

မုဆိုးကြီး ဦးခင်သော်၏ဇနီးဖြစ်သူ ဒေါ်ဝင်းရွှေစကားကြောင့် ပုစုးမ ခေါင်းကုတ်ကာ ပြန်ထိုင်လိုက်ရသည်။

"ဒေါ်လေးကလည်း သမီးမယူချင်ဘူး၊ သူစားချင်ရင် သူလာယူလိမ့်မယ်ပေါ့၊ ညကြီးမင်းကြီး ဟင်းချိုင့်ဆွဲပြီး အိမ်မပြန်ရဲပါဘူး"

ပုစုးမ၏ ပေတီပေကပ်စကားကို ဒေါ်ဝင်းရွှေ ဂရုမစိုက်ပါ။ ဟင်းထည့်ထားသော စတီးလ်ချိုင့်လေးကိုသာ ပုစုးမလက်ထဲ ဇွတ်ထိုးထည့်ပေးရင်း—

"ဒီကလေးမ ငယ်ငယ်ကအကျင့်ကိုမဖျောက်ဘူး၊ ခိုင်းလိုက်ရင် ဘယ်တော့မှ ဖြောင့်ဖြောင့်တန်းတန်း လျှောလျှောလျူလျူမရဘူး၊ ကလန်ကဆန်ကောင်မလေး"

ဗျစ်တောက်ဗျစ်တောက်ပြောနေသော ဒေါ်ဝင်းရွှေကြီးက အဲလိုပါပဲ။ သူဖြစ်ချင်တာပဲ သူသိသည်။ ကျန်တဲ့တစ်ဖက်သားကို ထည့်မတွက်တတ်။





ပြောလည်း မထူးခြားမည်ကိုသိ၍ ပုစုးမ ဟင်းချိုင့်ယူကာ ပြန်ခဲ့သည်။

ဒီမိန်းမကြီးအိမ်သို့ ညဘက်အချိန်မတော် အဖော်မပါဘဲ အကြွေးတောင်းခိုင်းသည့် အစ်မဖြစ်သူ မအေးချမ်းကိုသာ ဒေါသဖြစ်နေမိ၏။

ဆောင့်ဆောင့်အောင့်အောင့် ထွက်လာခဲ့မိသည်မို့ အိမ်မှအထွက် ဓာတ်မီးယူရန် မေ့လာခဲ့သည်ကို အခုမှ နောင်တရတော့သည်။

ဒေါ်ဝင်းရွှေကြီး အိမ်ပြန်လှည့်ပြီး ဓာတ်မီးငှားလျှင်ဖြစ်သော်လည်း ပွစိပွစိအဒေါ်ကြီး၏ပါးစပ်ကိုကြောက်လို့ အမှောင်ထဲသို့ စမ်းတဝါးဝါးတိုးလျှောက်လာခဲ့လေသည်။ စိတ်ထဲမှာတော့ ကြောက်စိတ်ကြောင့် ကြက်သီးထမိသည်။ ကက်သည့်က ကြောက်လို့လည်း မပြန်လို့မဖြစ်ပေ။

သူမကြောက်တာ တခြားမဟုတ်။ တစ်လမ်းလျှောက်လုံး မကြောက်ပါ။ သူမတို့အိမ်နှင့် အန်တီဒေါ်ဆွေဆွေရီတို့အိမ်အကြားရှိ ညောင်ညိုပင်ကြီးအောက်ဖြတ်ရမှာ ကြောက်ခြင်းဖြစ်သည်။

ထိုညောင်ညိုပင်ကြီးအောက်ကို အခုလို အဖော်မပါတစ်ယောက်တည်း ညဘက်အချိန်မတော်မှာ သူမ သွားလာဖြတ်သန်းလေ့မရှိပေ။

သရဲခြောက်သည်ဟု နာမည်ကြီး၍ ကလေးကတည်းက ကြောက်ခဲ့ရသည်။

နေ့လယ်နေ့ခင်း အချိန်မျိုးမှာပင်လျှင် ခပ်သုတ်သုတ်ဖြတ်ခဲ့ရသည်။ ထိုညောင်ညိုပင်ကြီးကို စေ့စေ့မကြည့်ဖူးခဲ့ပါ။

အခုတော့ ...

ခပ်လှမ်းလှမ်းအမှောင်ဝိုးတဝါးအောက်မှာ ပို၍ပြီးမည်းနက်သော အမှောင်ရိပ်ဖြင့် ညောင်ညိုပင်ကြီး၏သဏ္ဍာန်သည် သူမခြေလှမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ဘန်းဘားနေသည်နယ်။ ရှေ့မတိုးရဲအောင် ဖြစ်နေသည်။ ဖြစ်နိုင်လျှင် အိမ်ပြန်ရောက်ချင်တော့သည်။

ကြောက်ရွံ့တွန့်ဆုတ်ခြေလှမ်းများဖြင့် ပုရွးမ သတိကြီးစွာလှမ်းလာ၏။

ထိုစဉ် ...

ရှပ်

ရှပ်

ရှပ်

အန်တီဒေါ်ခွေခွေရီတို့ခြံဝင်းအကျော်မှာ ကြားလိုက်ရသောခြေသံကြောင့် သူမ ခြေလှမ်းတွေ တုံ့ခနဲရပ်သွား၏။

ရင်တစ်ပြင်လုံးသည် ပရမ်းပတာ သွေးခုန်နှုန်းဖြင့် တထိတ်ထိတ်ခုန်နေသည်။

မျက်လုံးတွေဖြာဝေကာ အမှောင်ထုကြီးသည် ပိုရှုံကြီးမားလာ၏။

မည်းနက်နက်ညောင်ညိုပင်ကြီးက သူမထံပြေးလာသယောင် ထိတ်လန့်မှုက တစ်ကိုယ်လုံးကို နတ်ပူးသလို တုန်ယင်လိုက်မောစေသည်။

ခြေသံက သူမအနီးသို့ ပို၍ နီးကပ်လာပြီ။

ရှပ်

ရှပ်

ရှပ်

နောက်သို့လည်း လှည့်မကြည့်ရဲပေ။

လှည့်ကြည့်လိုက်မိလို့ ရုပ်ပျက်ဆင်းပျက်အသွင်ကြီးကိုများ တွေ့လိုက်ရလျှင်ဟူသော အတွေးက ဆက်မတွေးရဲလောက်အောင် ပူလောင်လှ၏။

ခြေသံသာကြားနေရပေမဲ့ သူမ ဘာကိုမှမမြင်ရပေ။

---

**ရဲရင့်အောင်စာပေ**



သူမကိုယ်တိုင်မကြည့်ရဲ၍လော။

ကြည့်ပေမဲ့ မမြင်သာ၍လော။

သို့တည်းမဟုတ် ... တစ်ခုခုလော။

မသိပါ။

တရှပ်ရှပ်ခြေသံက သူမကိုကျော်တက်သွား၏။ ညောင်ညိုပင်ကြီးအောက်မှာ ခြေသံတိခနဲရပ်သွားသည်။

သူမ သေချင်စော်နံအောင် စိတ်ညစ်သွားသည်။

သူမ ကြောက်လှပါသည်ဆိုသော ညောင်ညိုပင်ကြီးအောက် ဘယ်လို သတ္တိမျိုးနဲ့ ဖြတ်ရမည်မသိတော့ပေ။

ကြောက်နေလို့မပြီး။ သွားမှရောက်မည်။

နောက်ဘက်မှာ လူကြုံ လမ်းသွားလမ်းလာတစ်စုံတစ်ယောက်များ ရောက်လာလေမလားဟု မျှော်လင့်တောင့်တမိသည်။ ဒါပေမဲ့ လူမပြောနဲ့ လမ်းကြုံမည့်ခွေးကြောင်တစ်ကောင်တစ်မြီးမျှပင်မတွေ့ပါ။ ဒီတော့ ကိုယ့်အား ကိုယ်ကိုးပြီး ပုရွးမပြေးတော့မည်။ အမြန်ဆုံးအလျင်နဲ့ ညောင်ညိုပင်ရိပ်ကြီး အောက်ကိုဖြတ်တော့မည် ဆုံးဖြတ်လိုက်၏။

ဆုံးဖြတ်ချက်အတိုင်း အသက်ကို တစ်ဝရှူသွင်းကာ ပုရွးမ ခြေကုန် သုတ်ပြေးချလိုက်တော့သည်။

ဘုတ်

ဘုတ်

ဘုတ်

ဘုံး

"အမလေး ... "

---

**ရဲရင့်အောင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကံဆိုးမှုက ပူစူးမကို ရက်ရက်စက်စက်နှိပ်စက်လိုက်ချေပြီ။

ညောင်ညိုပင်ကြီးအောက်ရှိ ညောင်ညိုပင်သစ်ခေါင်းရှေ့တည့်တည့် ထွက်ကာမှ ခလုတ်တိုက်လဲကျရလေသည်။

ပူစူးမ သွေးကြောတွေ ပေါက်ထွက်မတတ် ထိတ်လန့်ခြင်းက ဆော သည်ထက်ပင် ဆိုးရွားလွန်းလှ၏။

သူမ အလန့်တကြားနဲ့ ကုန်းရုန်းထလိုက်တော့ ... သစ်ခေါင်းကြီး အတွင်းမှ အရိပ်အမည်းကြီးတစ်ရိပ် လှစ်ခနဲ သူမထံလျှောက်လာ၏။ ရောက်လာ သည်။

"ချွတ်"

သစ်ကိုင်းခြောက်ကျိုးသံနှင့်အတူ ထိုအရိပ်မည်းကြီးသည် သူမအား ငုံ့မိုးကာ စူး၍ကြည့်နေ၏။

"အမေ့ ..."

သရဲကြီးတစ်ကောင် သူမကို ပြူးပြဲကြည့်နေသည်ကိုတွေ့ရ၍ အသက် ပါမတတ် အာမေဋိတ်သံနဲ့ အော်မိသည်။

"ဘာဖြစ်တာလဲဟေ့"

အက်ကွဲနက်ခြောက်သောအသံကြီးက သူမနားထဲမှာ လျှံသွား၏။

သူမနှလုံးသားတစ်ခုလုံး လည်ချောင်းဝမှခုန်ထွက်မတတ် ထိတ်လန့် ရာမှ ဖြုန်းခနဲ ဝမ်းသာသွားရသည်။

"ဦး ... ဦးလေး ဦးကံပိုင်"

သူမ ကတုန်ကရီ အော်ခေါ်လိုက်တော့ အရိပ်မည်းကြီး တွန့်ခနဲ တုန်သွား၏။

တော်သေးသည်။ ဒါသည် သူမထင်သလို သရဲမဟုတ်ပါ။ သူမတို့နှင့်





ခြံချင်းကပ်လျက်ခြံမှ ဒေါ်ဒွေးဒွေးရီ၏ယောက်ျား ဦးကံပိုင်ဆိုသည့် အရုပ်ဆိုးဆိုး လူကြီး ဖြစ်နေပါ၏။

"ဘာဖြစ်တာလဲလို့မေးနေတယ်လေ"

"ဟို ဟို ဘာမှမဖြစ်ပါဘူး ဦးလေး။ သမီးခလုတ်တိုက်လဲတာပါ"

"နင်က ဘယ်သူတုန်း"

"ဒီဘက်ခြံက မအေးချမ်းညီမ ပူစူးမပါ"

"ထနိုင်လား"

"ဟုတ်"

ဦးကံပိုင်ကြီးက သူမကို ထူပေးရန်ဖြစ်၏။

ပူစူးမ ကမန်းကတန်း ထရပ်လိုက်သည်။

တကယ်တော့ ပူစူးမ ဒီလူကြီးကိုကြောက်လှသည်။ ကြောက်လောက် အောင်လည်း ရုပ်ဆိုးလွန်းလှသည်ကိုး။

ပူစူးမ နှုတ်ပင်မဆက်နိုင်ဘဲ ပြေးထွက်ခဲ့၏။

သူမ၏ကြောက်ရွံ့တကြီးခြေလှမ်းများသည် စူးစူးစိမ်းစိမ်းကြည့်ကာ ကျန်ရစ်ခဲ့သော ဦးကံပိုင်ကို ငဲ့စောင်း၍ မျှ လှည့်မကြည့်မိအောင် မြန်ဆန်လွန်း လှသည်။

"မမကြီးရေ မမကြီး"

ခြံတံခါးအရောက်မှာ သူမ အော်ခေါ်လိုက်သည်။

"ဟဲ့ ပူစူး အသံကြားတယ်၊ ပူစူး"

"မမကြီး"

ပူစူး ကြောက်ကြောက်နဲ့ အော်ဟစ်ကာ ပြေးသွား၏။ အိမ်ထဲမှ အရောသောပါးထွက်လာသော မမကြီး၏ရင်ခွင်ထဲ တိုးဝင်ပြေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပုရွား နှင့် ဘာဖြစ်လာတာလဲ၊ ဒေါ်ဝင်းရွှေအိမ်မရောက်ခဲ့ဘူးလား"

"ဒေါ်ဝင်းရွှေအိမ်ရောက်ခဲ့တယ်၊ ဂျိသားဟင်းချိုင့်ပေးလိုက်လို့ယူခဲ့တာ"

"ဟဲ့ ဘယ်မလဲ"

အစ်မဖြစ်သူ အရေးတယူမေးမှ သူမလက်ထဲမှ ဟင်းချိုင့် ညောင်ညို့ပင်ကြီးအောက်မှ ကျန်ခဲ့ကြောင်းသိတော့သည်။

"ဟဲ့ ... ငါမေးနေတယ်လေ"

"ညောင်ညိုပင်ကြီးအောက်မှာ"

"ဘာ"

"သမီးခလုတ်တိုက်လဲပြီးကျန်ခဲ့တယ်"

"ဟင် ... ဒီကောင်မလေး လုပ်လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ ... သွား အခုသွားယူ"

"သမီး မယူရဲဘူး"

"ဖြစ်ရပြန်ပြီ၊ ကဲလာ ငါလိုက်ခဲ့မယ်"

အစ်မဖြစ်သူနှင့်အတူ ညောင်ညိုပင်အောက်မှ ဟင်းချိုင့်ဆီရောက်တော့ ဟင်းချိုင့်ထဲမှ ဟင်းတွေ မှောက်ကျ၍ ကုန်သွားပြီ။

သို့သော် အနီးအနားမှာလည်း ဟင်းအစအနပင် မကျန်ရစ်တော့ပါ။

"ဒေါ်ဝင်းရွှေ ဟင်းထည့်ပေးလိုက်တာ ဟုတ်လို့လား၊ မှောက်ကျတယ်ဆိုလည်း ဒီနားမှာရှိရမှာပေါ့"

အစ်မပြောသလို သူမလည်းတွေးမိ၏။ ဟင်းတွေပျောက်သွားခြင်းကို သူမကိုယ်တိုင် နားမလည်နိုင်တော့ပါ။

"ခွေးစားသွားလို့ဖြစ်မှာပေါ့"





သူမစကားမှမဆုံးခင် ခွေးအူသံရှည်ကြီးတစ်ခု ထွက်ပေါ်လာ၏။

အူး ...

အု အု

အူး ...



www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ အသက်ဝင်ပန်းချီကားနဲ့ အသက်မဲ့ဇနီးမောင်နှံ

"ကို့ ကိုပြောစရာရှိတယ် ကို"

"ကိုပြောစရာရှိတယ် နှင်း"

သက်ဝေနှင့် နှင်းနုထွေးတို့ လင်မယားနှစ်ယောက် စကားတစ်ခွန်းကို တစ်ချိန်တည်းမှာ အလုအယက်ပြိုင်တူပြောမိကြသည်။

နှစ်ဦးသား ရှက်ရယ်ရယ်ကြ၏။

ပြီးမှ ...

"လင်နဲ့ မယားဆိုတာ အဲ့လိုညီလိုက်မှပေါ့ နှင်းရယ် ... စိတ်အ[illegible] အပြုအမူ၊ အပြောအဆို ဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ ... ကံသုံး[illegible] စလုံး တိုက်ဆိုင်ညီညွတ်တာဟာ သိပ်ကောင်းတဲ့စရိုက်လက္ခဏာပဲကွ သိ[illegible] ယောက်ျားဖြူလို့ မိန်းမကလိုက်ဖြူ မိန်းမဖြူလို့ယောက်ျားကလိုက်ဖြူရတဲ့ ကြ[illegible] အားထုတ်မှုမျိုးမဟုတ်ဘူး၊ အလိုအလျှောက်ပဲ စိတ်သဘောထားချင်း၊ အ[illegible] အဆိုချင်း၊ အပြုအမူချင်းထပ်တူညီကြတာဟာ မင်္ဂလာပဲပေါ့ မိန်းမရယ် ... ကဲပြောကြည့်ပါဦး နှင်းပြောမှာ သရဲအကြောင်းများဖြစ်နေမလားလို့ ..."





"ဟယ် ... ကို ... ကိုဘယ်လိုလုပ်ပြီး သိနေတာလဲ၊ နှင်းစိတ်ထဲမှာရှိနေတာ ဘယ်လိုလုပ်ပြီး ကိုကသိနေရတာလဲ 'ကို'က သိပ်အံ့ဩစရာကောင်းတာပဲ စိတ်ထဲက ကြံတဲ့အကြံကိုတောင် သိတာပဲ အရမ်းတော်တာပဲ"

နှင်းမျက်ဝန်းထဲမှာ သူ့အပေါ်အထင်ကြီးမှု အရိပ်တွေတဖျပ်ဖျပ်လင်းလက်ထနေတော့ သူရှက်မိသေး၏။

"ဘာမှ အံ့ဩမနေပါနဲ့ နှင်းရယ် ... လောကကြီးမှာ Visible communication မြင်နိုင်သော ဆက်နွှယ်မှုတွေရှိသလို Unseen communication မမြင်နိုင်သော ဆက်နွှယ်မှုတွေလည်း ရှိတယ်၊ ဒါကြောင့်လည်း Titanic သင်္ဘောကြီး နစ်မှာကြိုသိခဲ့သူတွေရှိခဲ့တယ်၊ ပန်းဘဲမောင်တင့်တယ်တူထုတဲ့ Vibration (တုန်ခါမှု)ကြောင့် နန်းရင်ပြင်ပက်ကြားအက်ခဲ့ရတယ်၊ ညောင်ဦးမှာပြိုတဲ့ ကမ်းပါးကြောင့် စမ္ဗန္ဓကိုကန္တားမကြီး ပေါင်ကျိုးခဲ့ရတယ်၊ ထန်းရည်လေးထွေလာရင် ရှုးတတ်တဲ့ ထန်းတက်သမား ငထွေရှူးစွမ်းရည်ထူးလို့ ကျန်စစ်သားနဲ့ Comerade ရဲဘော်ရဲဘက်ဖြစ်လာခဲ့တယ်၊ နောင်ကြိုးကိုပဲဖြတ်ခဲ့တဲ့ အရှိန္ဒမာလုံနဲ့ မြင်းမူမြို့နယ်ကရွာကြီးတစ်ရွာမှာ ကျန်စစ်သားဟာရေတစ်ခွက်တောင်းသောက်ပြီး ပဲကူကောက်ခဲ့ရတယ်၊ (မှတ်ချက် ကျန်စစ်သားပဲကူကောက်ပေးခဲ့ရသည်ကိုအကြောင်းပြု၍ ထိုရွာကြီးအမည်ကို ယခုထက်ထိတိုင် ပဲကူရွာဟုခေါ်တွင်ရစ်ခဲ့သည်။) အဲဒီပဲကူရွာဇာတိဖွားကောင်လေး မောင်သက်ဝေရဲ့ နဖူးစာက ရွာလည်မိလေတော့ မန္တလေးရိုးမဘဏ်က နှင်းနုထွေးနဲ့ချစ်ခင်ကြင်နာပေါင်းသင်းမိကြတာပါပဲနှင်းရယ် ... အဲလို လင်နဲ့မယားဖြစ်တဲ့ထိ သဘောထားကိုက်ညီကြပြီဆိုမှတော့ နှင်းဘာပြောချင်လဲ 'ကို' သိနေတာမဆန်းပါဘူး၊ တကယ်တော့ 'ကို' ကိုယ်တိုင်ကလည်း နှင်းနဲ့ထပ်တူ သရဲကြောင်းပြောပြချင်မိတာ ... 'ကို' ဒီသရဲအကြောင်းပြောပြချင်နေတဲ့ အချိန်မှာနှင်းလည်း ကိုနဲ့ထပ်တူဖြစ်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ တွေးမိပြီးမေးကြည့်တာပဲ ကဲရှင်းပြီလား''

သက်ဝေပြောသမျှကိုနားထောင်ပြီးလျှင် မျက်နှာနုနုလေး နယ့်မြီလန် ပန်းသီးဖြစ်အောင် နှင်းနုထွေးအရယ်သန်ပါ၏။ ထိုနှင်းနုထွေးရဲ့ အရယ်မျက်နှာသည် အလှဆုံးဖြစ်၏။

သက်ဝေအဖို့တော့ ချစ်ဇနီး၏အပြစ်ကင်းစင်အပျော်မျက်နှာလေးကို ငေး၍မဝနိုင်တော့ပေ။ သံသရာအဆုံးတိုင်တွယ်ငြိမည့် သစ္စာကြိုးအထပ်ထပ်နဲ့ ကိုယ့်ကိုယ်ကိုမညှာမတာ တုပ်ချည်နေမိတော့သည်။ နိဗ္ဗာန်ဝေးရင်ဝေးစေတော့ ဟူသော ရှုံးရဲသည့်စိတ်မျိုးနဲ့ပေါ့ ချစ်သူနဖူးလေးကိုလက်ညှိုးနဲ့ ခပ်ဖွဖွတောက်လို့ပေါ့။

နှင်းနုထွေးကတော့ မျက်ရည်ဥတွေစိုစိမ့်ထွက်လာသည်အထိ အားရအောင်ရယ်နေ၏။

''နှင်းကလည်း 'ကို' ကအတည်ပြောနေတာကို ဘာလို့ အရမ်းရယ်တာလဲ''

''မသိဘူး 'ကို' က 'နှင်း'ချစ်တယ်ပြောရင် ရယ်ချင်စိတ်ထိန်းလို့မရဘူး။ ပြီးတော့ ကိုယ့်အကျင့်အတိုင်း 'ကို' လိုချင်တာမရောက်ရောက်အောင် ဆွဲပြောတာကိုလည်း ရယ်ချင်တယ် ဟီး ဟီး ယုံချင်စရာကြီး''

''လျောင်တာပေါ့ ဟုတ်လား''

''ချစ်တာပါ ကိုရဲ့''

''နှင်းလည်းတော်တော်မျက်နှာပြောင်တတ်နေပြီ''

''ဒါက နှင်းရဲ့ပင်ကိုယ်အရည်အသွေးပါ 'ကို' မနာလိုမဖြစ်ပါနဲ့''

''ဒီလောက်ပြောင်လိမ့်မယ်လို့ မထင်ခဲ့ဘူး''

''ဘာအခုမှ တွန့်ရတာလဲ ... အစကတော့ 'ကို' ပဲပြောင်လေးတို့





ပဲ ကြိုက်တယ်ဆို''

''ပြောမိလို့လား နှင်းရာ ဘယ်တုန်းကလဲ''

''ကိုက သိပ်ဉာဏ်နည်းတာပဲ၊ မှတ်မှတ်ရရ အဲဒီနေ့က ကန်တော်ကြီးမှာတွေ့ကြတာ နှင်းနဲ့ 'ကို'စားဖို့ နှင်းကရွှေဂေါ်င်းပြောင်ဟင်းနဲ့ ထမင်းချိုင့် ထည့်လာခဲ့တာ၊ ဟင်းမကောင်းလို့ အားနာလိုက်တာ 'ကို'ရယ်လို့နှင်းပြောတော့ 'ကို'ပဲပြောခဲ့တယ်လေ၊ ဘာတဲ့ ... 'ကို'က ပြောင်လေးကိုကြိုက်ပါတယ် နှင်းရယ်ဆို ... ဘာလဲ အိမ်ထောင်သက်မှ တစ်လမပြည့်သေးဘူး ရည်းစားဘဝကအမှတ်တရတွေ မေ့ပစ်လိုက်ပြီပေါ့လေ''

ထွင်လုံးနဲ့ နှင်းစိတ်ကောက်ချင်ယောင်ဆောင်ကာဆို၏။

''မှတ်မိပြီ မှတ်မိပြီ ဟုတ်တာပေါ့ အဲတုန်းက ကိုယ်ထမင်းမဝလို့ နှင်းကတောင်ပေါက်စီနှစ်လုံးထုတ်ကျွေးသေးတယ်''

''ဟာ ... ကို အစုပ်ပလုပ်ကို''

နှင်းလက်သီး နုနုလေးတွေ သူ့ရင်ဘတ်ပေါ် တဘုတ်ဘုတ်ကြွေကျတော့ သူ့ရင်ခုန်သံတွေ အချိုဆုံးတေးတစ်ပုဒ်ဖြစ်ခဲ့ရ၏။

ချစ်သူကိုစလို့နောက်လို့ မဝနိုင်။

''မဟုတ်လို့လား နှင်းရဲ့ ပူပူနွေးနွေး''

'' 'ကို' နော်''

''နှင်းပဲယူနီစန်က ဝယ်ခဲ့တာဆို ... 'ကို' ကတောင် အဲဒီတုန်းက ဟမ်းဘာဂါလေးစားလိုက်ရရင် ကောင်းမှာပဲလို့ပြောတော့ နှင်းက ဟင့်အင်းကွာဆို''

''ကို ... တော်တော့ကွာ ... နှင်း ငိုမှာနော်''

အရှက်သည်းသည်း ဇနီးသည်နှင်းနုထွေးကို သူမချင့်မရဲပွေ့ဖက်ပြီး



www.burmeseclassic.com

www.burmeseclassic.com
ပျော်လို့မဆုံး တပြုံးပြုံးကြည်နူးနေစဉ် ...

"ဝုန်း ... "

ဒုန်း ...

ဒုန်း ...

ဒုန်း ...

တံခါးဖွင့်သံကြမ်းကြမ်းနှင့် အတူခြေသံပြင်းပြင်းနင်းကာ ဧည့်ခန်းထဲအထိရောက်လာသူကို သက်ဝေတို့ဇနီးမောင်နှံ အလန့်တကြားမော့ကြည့်လိုက်ကြ၏။

ဖွာလန်ကြဲဆံပင် ဖိုရိုဖားရားကြီးဖုံးလွှမ်းနေသော အရိုးပေါ်အရေတင်မျက်နှာကြီးကား ချွေးစေးများမျက်ရည်စီးကြောင်းများဖြင့် စိုရွှဲကပ်စေးနေ၏။

နက်ဟောက်ဟောက် မျက်ကွင်းကြီးများထဲမှ ပြူတစ်၊ ပြူတစ် လှုပ်စိလှုပ်စိ နီစွေးစွေးမျက်လုံးကြီးများက သက်ဝေတို့ ဇနီးမောင်နှံထံမှာ မရွေ့စတမ်းစူးစိုက်ထားသည်။

လက်နှစ်ဖက်နောက်ပစ်ထား၏။

တုန်တုန်ရီရီနှုတ်ခမ်းသားတွေက ငရဲမီးအလိုက်ခံရသလို ကြောက်လန့်မှုတွေ အထင်အရှားပေါ်လွင်လို့နေ၏။

သူမကြည့်ရတာ သနားစရာကောင်းလှ၏။

သူ့စိတ်ထဲမှာ နင့်ခနဲခံစားမိသည်။

"ကို ... အဲဒါ ဘယ်ကအရူးမကြီးလဲ ... "

"အရူးမကြီးလို့မပြောပါနဲ့ နှင်းရယ်၊ အဲဒီ အဒေါ်ကြီးက ဟိုဘက်အိမ်က အဒေါ်ကြီးပါ"





သူပြောပြမှ နှင်းအကြောက်ပြေသွားဟန်တူ၏။

"စိတ်မနံ့သလိုပဲနော်"

" သူ့မှာ ပြင်းပြင်းထန်ထန်ခံစားချက်ရှိခဲ့ပုံရတယ် နှင်းရဲ့၊ ကိုယ့်အထင်ပြောရရင် ... ဒီအိမ်ကြီးနဲ့ပတ်သတ်ပြီး 'ကို' တို့မသိသေးတာတွေ အဒေါ်ကြီးသိထားလိမ့်မယ်လို့ 'ကို' တစ်ထစ်ချယုံတယ်နှင်း"

"အခု ဘယ်လိုလုပ်မလဲ 'ကို' ဒီအဒေါ်ကြီးကို ပြန်နှင်းလိုက်မှာလား။ ထိုင်ခိုင်းမှာလား"

"သူ့သဘောက ဘယ်လိုမှန်းမှမသိရသေးတာ"

သက်ဝေနှင့် နှင်းနုထွေးတို့ တိုးတိုးတိတ်တိတ်ကြိတ်ပြောနေသည်ကို ကြည့်ကာ အဒေါ်ကြီး၏မျက်လုံးတွေ ပိုမိုနီရဲပြူးကျယ်လာလျက် ...

"အောင်မာ အောင်မာ ... သူတို့နှစ်ယောက်က ဒီမှာအမြိန့်သား တီတိုး တီတိုးသဖန်းပိုး လာလုပ်နေတယ်ပေါ့လေ ... သေမှာမကြောက်ကြသေးဘူးလား ... သွား ... သွား ... ခုချက်ချင်း လုံခြုံရာအမြန်ပုန်း"

သက်ဝေနှင့် နှင်းနုထွေးတို့ အဒေါ်ကြီးကိုနားမလည်နိုင်စွာ ကြောင်စီစီဖြစ်နေကြ၏။

"ဟဲ့ ... ဒီလိုနေနေလို့ဖြစ်မလား ... ဆွေဆွေရီ နင့်ယောက်ျားကံပိုင်အရက်တွေမူးပြီးပြန်လာပြီ၊ လက်ထဲမှာလည်း ဓါးမြှောင်ကြီးတရမ်းရမ်းနဲ့ နင်တို့နှစ်ယောက်ကို သတ်မလို့တဲ့ ... ဟဲ့ တင်စိုး ငါပြောနေတာကြားလား နတုံးပတေးလုပ်မနေနဲ့ သေတတ်တယ်နော်"

အဒေါ်ကြီးပြောသည့်စကားက နားလည်လို့မရအောင် တဖြည်းဖြည်းနဲ့ ထင်ရှားလို့လာ၏။

အဒေါ်ကြီးပြောသည့် စကားတို့ကို ခြေရာကောက်ကြောင်းဆွဲကြည့်သော်


www.burmeseclassic.com

www.burmeseclassic.com



အနှုတ်သေဆာတ်ချက်တွေ့ရ၏။

၁။ ဆွေဆွေရီ ...

၂။ နှင့်ယောက်ျား ကံပိုင် ...

၃။ ခါးမြှောင်ကြီး တယမ်းယမ်းနဲ့ နင်တို့နှစ်ယောက်ကို သတ်မလို့တဲ့ ...

၄။ တင်စိုး ...

ဟုတ်ပြီ။

၁ နှင့် ၂ သည် ဤအိမ်ကြီး၏ First Owner ဦးကံပိုင်နှင့် ဒေါ်ဆွေဆွေရီဖြစ်လိမ့်မည်။ ဂရမ်စာအုပ်နှင့် အရောင်းအဝယ်စာချုပ်ထဲမှာ ဒီနာမည်တွေနှင့် သက်ဝေရင်းနှီးနေခဲ့သည်။

ပြီးတော့ ...

၄ သည်တင်စိုးဖြစ်၏။ သေသည်ရှင်သည်မသိ စုပ်စမြုပ်စပျောက်ဆုံးသွားသော တင်စိုးဖြစ်မည်။ MARINA သင်္ဘောလိုင်းမှ ကပ္ပတိန်ကိုအောင်စိုး၏ ညီ တင်စိုးဖြစ်ကောင်းဖြစ်ချေမည်။

အဲ ...

၃ ကတော့ _ မနေ့ညက မြတ်ခင်းထိပ် Stand Lamp လေးအောက်မှာ သူ့ကိုချောက်ချားထိတ်လန့်အောင် ခြောက်လှန့်ခဲ့သော ရင်ဝမှာဓါးတန်းလန်းနဲ့ သရဲသည် သေချာပြီ ဓါးထိုးခံရပြီးသေဆုံးပျောက်ကွယ်သွားသော တင်စိုးဖြစ်ရမည်။

မလွဲမသွေသေချာလိမ့်မည်။

သူ့မယားလိုချင် သူလင်လုံနဲ့မထိုးနိုင်လိုက်တဲ့ ကြာကူလီတင်စိုး တစ်ယောက် မယားထိစားကြည့်ဆိုသည့် ရုပ်ဆိုးကြီးဦးကံပိုင်က ဓါးမြှောင်အ





ပြီး အသက်နှုတ်သွားခြင်းဖြစ်ပေသည်။

ဒီပြဿနာအရင်းအမြစ်ပေါ်ပေါက်မှပဲ ဒီအိမ်ကြီးကလည်း အေးချမ်းတော့မည်။

သက်ဝေခေါင်းထဲ အတွေးတစ်ချက်လက်သွား၏။

ဒီအဒေါ်ကြီးဆီမှာ အဖြေတစ်ခုခုရှိနေနိုင်သည်ဟု သူတစ်ထစ်ချယူဆလျှက် ...

"ဘယ်မှာလဲ ... ဒေါ်ကြီး ... ဦးကံပိုင် ဘယ်မှာလဲ"

သူ့ပျာယာခတ်ကြောက်ရွံ့တုန်လှုပ်စွာမေးတော့ အဒေါ်ကြီးမျက်နှာသည် သွေးဆုပ်ဖြူရော်သွားတော့သည်။

"ငါ့ နောက် မှာ"

တုန်ရင်ထိတ်လန့်သော အသံက တကယ်ပင်ကြောက်နေသည်မှာ သေချာသည်။

သူလိုချင်သော အဖြေရဖို့ အတော်ကြီးနီးစပ်လာပြီထင်သည်။

"မဟုတ်ပါဘူး အဒေါ်ကြီးရယ် _ ဒေါ်ကြီးနောက်မှာ ဦးကံပိုင်မရှိပါဘူး။ ကျွန်တော်တို့ကိုညာမထားပါနဲ့ဗျာ _ ဦးကံပိုင်ဘယ်မှာလဲ _ မှန်မှန်ပြောပါဗျာ၊ တောင်းပန်ပါတယ် မြန်မြန်ပြောပါ ဒေါ်ကြီးရယ်"

သူ ငိုမတတ်၊ ယိုမတတ်တောင်းပန်ဟန်ဆောင်နေချိန်မှာ ဒေါ်ကြီးကတော့ သေအံ့မူးမူးလူတစ်ယောက်၏ ပျာလောင်ခတ်မှုမျိုးနဲ့ ...

"ငါမညာပါဘူး ... ငါ့နောက်မှာလေ ကံပိုင်က ငါ့နောက်မှာဟဲ့ နင်တို့နှစ်ယောက်ကိုရှာမတွေ့ရင် ငါ့ကိုသတ်မလို့ ငါ့ကျောကိုဓါးနဲ့ထောက်ထောက်အား _ နင်တို့မတွေ့သေးဘူးလား _ လူတစ်ယောက်လုံးကိုတောင် မမြင်ကြဘူးလား ... ဓါးဦးတောင်ငါ့ကျောထဲဝင်နေပြီ၊ ငါမနေရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ်သေရတော့မယ် ပြေးကြ၊ နင်တို့နှစ်ယောက်လွတ်အောင်ပြေးကြ နင်တို့နှစ်ယောက်ကိုအောင်သွယ်ပေးလို့ ကံပိုင်ကငါ့ကိုသတ်တော့မှာ ... ပြေး ... ပြေး ငါ့ကိုငဲ့မနေကြနဲ့ ... သွားကြ ... အား ... ''

ဝုန်း ...

''ဒေါ် ကြီး ... ''

စိတ်မနှံ့သည့်လူကြီးသည် အမှန်တကယ်နောက်ကျောကို ဓါးထိုးခံရသူလို ဝမ်းလျားမှောက်ကာ ကြမ်းပြင်ပေါ်လဲကျသွား၏။

ကမန်းကတန်းပြေးကာ ထူလိုက်ကြစဉ် ...

သူ့မနောက်ကျောပေါ်ပိနေသော ပန်းချီကားကြီး တစ်ချက်ကိုထူးဆန်းစွာတွေ့လိုက်ရ၏။

မှောက်နေသည့် လူတစ်ရပ်နီးပါး ဘောင်ကွပ်ပြီးသားပန်းချီကားကြီးကို ကပျာကယာလှန်ချပြီး အမှတ်တမဲ့ကြည့်လိုက်သောအခါ ...

သက်ဝေတစ်ယောက် ခေါင်းနန်းပန်းတွေကြီးကာ ဆံပင်မွေးအချောင်းချောင်းထောင်လျှက် အော်ချလိုက်မိသည်။

''သ ရဲ ကြီး''

သူ့အနီးမှ ဖနီးသည်နှင်းနုထွေးကတော့ ပန်းချီကားကြီးကိုလက်ညှိုးထိုးကာ သွေးပျက်ထိတ်လန့်စွာဖြင့် ...

''ဦး ... ကံ ... ပိုင်''

သူတို့နှစ်ယောက်၏ ဆူညံထိတ်ပျာသောအော်သံတွေရဲ့ အဆုံးမှာတော့ လဲကျနေသော အဒေါ်ကြီးဝုန်းခနဲထကာ ...

''ကံပိုင် ... ဟုတ်တယ် ... နင်တို့ကိုဓါးနဲ့ထိုးသတ်တော့မယ် ... ကြောက်တယ် ... ငါမပါဘူးပြေးမယ် ... ငါမပါဘူး ... ငါ့ကိုမသတ်ပါနဲ့ ကံပိုင်





နင်သက်ရမှာ နင့်မယားနဲ့ ဟိုကြောကူလီတင်စိုးပါ ... ငါမဟုတ်ဘူး၊ သတ် သတ် ... သူတို့ကိုသတ်''

သွေးရူးသွေးတမ်းအော်ဟစ်လျှက် ညှိခန်းပြင်သို့ပြေးထွက်သွားတော့သည်။

ညှိခန်းထဲမှာတော့ ... လက်ထဲမှချွန်မြိုထက်ရှသော ဓါးမြှောင်တစ်လက်ကိုင်ထားသည့် အရုပ်ဆိုးဆိုးလူကြီး၏ ပုံတူပန်းချီကားကြီးကား အသက်ဝင်ပိပြင်ကာ လက်ရာမြောက်လွန်းလှသည်။ ချက်ချင်းပင်လက်ထဲမှဓါးနဲ့ ထ ထိုးတော့မည့်အသွင် ...

ထိုအသက်ဝင် သက်မဲ့ပန်းချီကားကြီးအနီးမှ သက်ရှိထင်ရှားဇနီးမောင်နှံနှစ်ယောက်ကတော့ သက်မဲ့ရုပ်တုကြီးများလို တောင့်တောင့်ကြီးကို မှင်တတ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၁။ တစ္ဆေဝေတဲ့ စာရွက်တစ်ရွက်

သုတ်ခနဲလေးနုအေးတစ်ချက်ဖြတ်ပြေးရုံမျှဖြင့် ကန်တော်ကြီးရေပြင်သည် လှိုင်းကြပ်ခွက်၊ လှိုင်းဂယက်တို့ဖြင့် ဖျတ်ဖျတ်လူးလှုပ်ခတ်၏။ လေနုအေးထက် အဆမတန်ပူပြင်းလောင်မြိုက်သော အကြောင်းတရားတို့နှင့် မွှေနှောက်ရှုပ်ထွေးလွန်းလှသော (၄၀၄) လေးရာ့လေးအိမ်ကြီး၏ ပြဿနာဂယက်တို့သည်ကား ကြင်စဦးဇနီးမောင်နှံအား သောကတွေတစ်ထွေးကြီး ပေးစွမ်းနေတော့သည်။ စိတ်ရှုပ်ဖွယ်ကောင်းလေစွ။

"ဟူး ... "

"သိပ်လည်း သက်ပြင်းတွေစွတ်ချမနေနဲ့ဦး 'ကို' ကန်ရေတွေအပူလောင်၊ အငွေ့ပျံပျောက်သွားလို့ ကျော်မကောင်း ကြားမကောင်းဖြစ်နေပါဦးမယ်ရှင် ... "

" 'ကို' လေးရာ့လေးအိမ်ကြီးကို ပြန်ရောင်းလိုက်ရမလား နှင်းကရော ဘယ်လိုသဘောရှိလဲ"

"ရောင်းဖို့ကျတော့လည်း နှမျောဖို့ကောင်းတယ်ကို"





"ဘာမှ နှမျောမနေနဲ့တော့နှင်းရေ ... ကြာရင် အသက်အန္တရာယ်ထိ ဒုက္ခပေးနိုင်တယ်၊လူ့ထက်တော့ တန်ဖိုးမရှိပါဘူးကွာ ... ကို ကတော့ ဘယ်အရာမှ ထာဝစဉ်၊ ထာဝရ မတည်မြဲနိုင်တာကို ခံယူပြီး ဥပဒါန်ဖြစ်တဲ့အထိ မတပ်မက်၊ မငြိတွယ်ဘူး … ဒါကြောင့် အရာရာကို နားချိန်နား၊ သွားချိန်တန်သွားလို့ပဲခံယူတယ်"

နှင်းမျက်နှာလေးလည်း သူ့စကားကိုအာရုံစိုက်နားထောင်ပြီး တည်ငြိမ်အေးချမ်းသွား၏။

" 'ကို့' Concept လေးက အရမ်းကိုမြင့်မြတ်လေးနက်ပါတယ်၊ ဒါပေမယ့်ကိုရယ် ... အိမ်ဆိုတာလူနေရတဲ့ အဆောက်အဦး၊ လူတွေနေဖို့ဆောက်ထားတဲ့ အဆောက်အဦးပဲမဟုတ်လား၊ နာနာဘာဝနိုအောင်းရာဂေဟာမှ မဟုတ်ဘဲကိုရယ် … 'ကို' ဝယ်ထားတဲ့ အိမ်ကနေ နာနာဘာဝကိုကြောက်ပြီး ထွက်ပြေးရတာကတော့ လူဖြစ်ပြီးလူ့အရည်အချင်းချို့ယွင်းတာပဲ ကို ... နှင်းတို့စဉ်းစားကြရအောင်ပါ၊ နှင်းတို့အတွက်အကောင်းဆုံးအဖြေတစ်ခုတော့ မုချမသွေရှိနေမှာပါ၊ ဒါကလည်း နှင်းအစွမ်းအလန်းကြီးလွန်းလို့မဟုတ်ပါဘူး၊ အခက်အခဲတစ်ခုကို ကြောက်ပြီးလက်မြှောက်ထွက်ပြေးတဲ့ လူခပ်ညံ့ညံ့အမျိုးအစားထဲမှာ မပါချင်လို့ပါ၊ အဓိကက ကိုယ့်မှာဘာချို့ယွင်းချက်ရှိနေလဲ ဘာအားနည်းချက်ရှိနေလည်း ဒါကိုစဉ်းစားသင့်တယ်"

နှင်းစကားပညာရှိဆန်လှသည်။ မှန်သည်။ အမှားကနေ အမှန်ရောက်ဖို့ ထိုအမှားကိုစွန့်ခွာပြေးအမှန်ကိုတွေ့ အောင်ရှာရန်သာဖြစ်၏။

"ဟုတ်တယ်နှင်း … ကျေးဇူးတင်ပါတယ် နှင်းရယ် … 'ကို' ဟာ ပြဿနာကိုကြောက်ပြီး တိမ်းရှောင်ပြေးတတ်တဲ့ လူမဟုတ်ပေမယ့် အရာရာကို မြန်မြန်ဆုံးဖြတ်၊ မြန်မြန်လုပ်ဆောင် အကောင်အထည်ဖော်တတ်တဲ့ ကိုယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရဆိုးစိတ်ကြောင့် အမှားတွေကြုံတွေ့ခဲ့ရကြောင်းများပါပြီ၊ ဒီလေးရာ့လေးကိုဝယ်တုန်းကလည်း ချက်ချင်းတွေ့၊ ချက်ချင်းကြိုက်၊ ချက်ချင်းဝယ်ခဲ့တာ၊ နှင်းကိုတောင်မတိုင်ပင်ခဲ့ဘူး၊ ဟော ... အခုလည်း နှင်းသာသတိမပေးရင် ကိုယ့်ဒီအိမ်ကြီးကို ပြန်ရောင်းပစ်ပြီးပြီ၊ တကယ်တော့ 'ကို' ဟာအရေးအကြီးဆုံးအချက်ကို မေ့ထားခဲ့တာပဲ"

" ... "

နှင်းဂုဏ သူ့စကားကို အသံတိတ်မေးခွန်းနဲ့မော့ငေးနေ၏။

"အိမ်ဝယ်ပြီး အိမ်တက်မလုပ်ရသေးဘူး၊ မြတ်စွာဘုရားရဲ့ပရိတ်တော်တွေနဲ့ အိမ်မှာစွဲကပ်နေတဲ့ အစွဲအလန်းဝိညာဉ်တွေကို ရှင်းလင်းဟန့်တားအမျှအတမ်းပေးဝေဖို့ မေ့မေ့နေခဲ့တာ ... နှင်း အိမ်တက်အလှူအတန်းလုပ်ပြီး အမျှအတန်းပေးဝေပါ့မယ်လို့ ကတိပေးထားခဲ့တာ ... အခုမှသတိရတယ်"

"နှင်း ... နှင်းက ဘယ်သူကို ကတိပေးထားခဲ့ရတာလဲ"

"သရဲကိုပေါ့"

"ဘယ်လို"

"ဦးကံပိုင်ဆိုတဲ့ သရဲကိုပေါ့ 'ကို' တကယ်တော့ အဲဒီသရဲဦးကံပိုင်က နှင်းကိုခြောက်လှန့်ခဲ့တာဟာ နှင်းဒီလေးရာ့လေးအိမ်ကြီးကို လူကိုယ်တိုင်မတိုင်ခင် အိပ်မက်ထဲမှာစရောက်ဖူးခဲ့တုန်းကတည်းက ပါပဲ"

"နှင်းက ဒီအိမ်ကြီးကို အိပ်မက်ထဲမှာရောက်ဖူးခဲ့တယ်ဟုတ်လား"

"ဟုတ်တယ် ကို 'ကို့' ကိုမပြောပြခဲ့တာဟာ ... ကို့ အိမ်မှာ သရဲရှိနေတာ ကို့ ကိုပြောမထွက်လို့ပါပဲ ဒါပေမယ့် ကို ... "

နှင်းရဲ့ ဒါပေမယ့်ကို သူစိတ်ဝင်စားမှုတွေ အလောတကြီးရုန်းကြွနေ၏သည်။





"နှင်း နာမလည်တာတစ်ခုရှိတယ်"

"ဘာလဲ ... အလှူအတန်းပြုပြီး အမျှဝေပေမယ့် ကျွတ်နိုင်မကျွတ်နိုင်ကိုလား ... "

"မဟုတ်ပါဘူး ... သာဓုခေါ်ချင်တဲ့ ဝေမာဏိကပြိတ္တာအဖို့ သာဓုခေါ်တာနဲ့ တွေ့ကြုံခံစားနေရတဲ့ ပြိတ္တာဝဋ်ဒုက္ခကနေ အသေအချာလွတ်သွားမှာပါ၊ နှင်းတွေးတာက ... "

"ဘာလဲ နှင်း ... "

"နှင်းကိုခြောက်တဲ့ တစ္ဆေဟာ ... ပန်းချီကားထဲကအရုပ်ဆိုးဆိုးအသားမည်းမည်းလူကြီး ဦးကံပိုင်ပါ၊ ဒီတော့ ဦးကံပိုင်ဟာတစ္ဆေတစ်ကောင်ပဲ သူကိုယ်တိုင် တစ္ဆေဘဝကနေ ကျွတ်ချင်လို့ နှင်းကိုအကူအညီတောင်းခဲ့ပြီး ပြီဆိုတော့ သူဟာတစ္ဆေတစ်ကောင်ဆိုတာ မလွဲမသွေ သေချာနေပြီပေါ့၊ ဒါပေမယ့် ဒီဦးကံပိုင်ကြီး သက်ရှိထင်ရှားရှိနေသေးတယ်လို့ နှင်းထင်တယ်"

"ဟုတ်မယ်နှင်း ... ကိုယ်အိမ်ဝယ်လိုက်တဲ့ ဒီလေးရာ့လေးအိမ်ပိုင်ရှင်ဟာ အခုပြင်ဦးလွင်မှာ သက်ရှိထင်ရှားရှိနေတယ်လို့ အိမ်ခြံမြေအကျိုးတော်ဆောင် ကုမ္ပဏီပိုင်ရှင် မသဥ္ဇာကပြောဖူးတယ်"

"ဘာပြင်ဦးလွင် ... ဟုတ်လား"

"ဟုတ်တယ်နှင်းရဲ့ ... ဘာလို့လဲဟင်"

"ဟုတ်ပြီ ... ပြင်ဦးလွင်မှာ နှင်းတွေ့ခဲ့တဲ့လူကြီးဟာ ဦးကံပိုင်ပဲ ပန်းချီကားထဲက ဦးကံပိုင်နဲ့လည်း ချွတ်စွပ်တူတယ်၊ နာမည်ကလည်း ဦးကံပိုင်ပဲ၊ သေချာပြီး ဦးကံပိုင်ရဲ့မိန်းမကလည်း ဒေါ်ဆွေဆွေရီပဲ ၊ ကိုတွေ့ခဲ့ရတဲ့ အချက်အလက်နဲ့ နှင်းတွေ့ခဲ့ရတဲ့ အချက်အလက်တွေ စပ်ကြည့်လိုက်ရင် ပြင်ဦးလွင်မှာ နှင်းတွေ့ခဲ့တဲ့ ဦးကံပိုင် ဒေါ်ဆွေဆွေရီတို့ဟာ လေးရာ့လေးအိမ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မူလပိုင်ရှင်တွေပဲဖြစ်ရမယ်''

''အဲဒီ အချက်ကမှန်တယ်ဆိုရင် ... လေးရာ့လေးအိမ်မှာ ဦးကံပိုင် ဘာဖြစ်လို့ သရဲဖြစ်ပြီးခြောက်နေရတာလဲ နှင်း ... ''

''နှင်းလည်း အဲဒါကိုနားမလည်နိုင်ဘူးဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် နှင်းတို့လုပ်ရမှာ နှစ်ချက်ပဲရှိတယ်၊ နံပါတ်တစ်အချက်က ရန်ကုန်ကလေးရာ့လေး အိမ်ကြီးကို အိမ်တက်အလှူလုပ်ပြီး အကျွတ်မလွတ်သေးတဲ့ အစွဲအလန်းတွေကို အမျှအတန်းပေးဝေရမယ်၊ နံပါတ်နှစ်အချက်က ပြင်ဦးလွင်က ဦးကံပိုင် ဒေါ်ဆွေဆွေရီဟာ နှင်းတို့ရဲ့ပထမအိမ်ရှင် ဟုတ်မဟုတ်လေ့လာရမယ်၊ အဲဒီ အချက်လုပ်လိုက်ရင် ရန်ကုန်အိမ်မှာစွဲနေတဲ့ အစွဲလည်းကျွတ်သွားမယ်၊ နှင်းတို့ သံသယဖြစ်တဲ့ ဦးကံပိုင်ကြီးအကြောင်းကိုလည်း ဂဃနဏသိရမယ် 'ကို'''

''နှင်းစိတ်ချမ်းသာသလိုသာ လုပ်တော့နှင်းရယ်၊ အခု ကိုယ်တို့တွေ မန္တလေးမှာ ညှိခံပွဲလုပ်ပြီးသွားပြီ၊ နှင်းယူထားတဲ့ ခွင့်ရက်ကလည်းကျန်သေးတယ်ဆိုတော့ နှင်းလုပ်ချင်တဲ့အချက်နှစ်ချက်ထဲက နံပါတ်နှစ်အချက်ကို နံပါတ်တစ် ဦးစားပေးပြီး အရင်လုပ်လိုက်မယ်၊ ဒီညပဲပြင်ဦးလွင်တက်မယ်၊ ပြီးမှ နံပါတ်တစ်အချက်ဖြစ်တဲ့ ရန်ကုန်အိမ် အိမ်တက်အလှူလုပ်တဲ့ကိစ္စ နံပါတ်နှစ် ဦးစားပေးအနေနဲ့လုပ်ကြမယ်၊ ဟုတ်ပြီလား''

''အိုကေ ... ဒါဆို ... ခုချက်ချင်းပြင်ဦးလွင်တက်ကြမယ်''

''ဟာ ... နှင်းကလည်း စိတ်မြန်လှချည်လား''

''ကို့ မိန်းမပဲလေ''

သူမ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလျက် ဇနီးသည်နှင်းနုထွေး၏ ဦးခေါင်းအား လက်ဖဝါးနဲ့ ခပ်ဖိဖိအုပ်ကာ လှုပ်ခါလိုက်သည်။

ထိုစဉ် ... ကြည်မြပီသသောသံဝေဂတေးသံတစ်ခု ထွက်ပေါ်လာ၏





''လာတုန်းကလည်း တစ်ယောက်တည်းနော် ... လက်တွဲခေါ်ကာ ဖော်မပါဘူး ... ဥစ္စာချည်းနှီးကိုယ်ထီးတည်း ...

ပြန်သွားတော့လည်း တစ်ယောက်တည်းနော် ... လက်တွဲခေါ်ကာဖော် မပါဘူး ... ဥစ္စာချည်းနှီး ကိုယ်ထည်းတည်း ...

သံဝေဂသံပေါက်ရှက်ဆိုသံ ထွက်ပေါ်လာရာ အသုဘပို့ယာဉ်တန်းကြီးကို သက်ဝေနှင့် နှင်းနုထွေးတို့ မတိုင်ပင်ရပါဘဲ ပြိုင်တူငေးမိသည်။

ထိုစဉ် ... အသုဘပို့ယာဉ်တန်းကြီး၏ တစ်စီးသောယာဉ်ပေါ်မှ စာရွက်ဖြူလေးတစ်ရွက်သည် ပိညှာဥ်ဖြူတစ်စအလား သူတို့ဇနီးမောင်နှံရှိရာသို့ ဝေ့ကာဝေ့ကာပျံဝဲလာ၏။

သံဝေဂတေးသံကတော့ ယာဉ်တန်းကြီးနှင့်အတူ တရွေ့ရွေ့ဝေး၍ဝေး၍ သွားလေပြီ။

'... ပြန်သွားတော့လည်းတစ်ယောက်တည်းနော် ... လက်တွဲခေါ်ကာ ဖော်မပါဘူး ... ဥစ္စာချည်းနှီး ... ကိုယ်ထီးတည်း ...'

စာရွက်ဖြူလေးက သူတို့လင်မယားအကြားရှိ စားပွဲခုံလေးပေါ် ဝေ့ဝဲကျရောက်လို့လာတော့သည်။

စာရွက်လေးပေါ်မှ စာလုံးလေးများကို သက်ဝေနှင့် နှင်းနုထွေးတို့ နှစ်ယောက် ပြိုင်တူအသံထွက်ဖတ်လိုက်မိကြသည်။

ဦး ကံ ပိုင်

အ သက် (၄၄) နှစ်



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ ဗုတ်ဝင်သည်ဆိုသည်မှာ .....

"အန့်တီဆွေ ...မမကြီး ... မမဆွေ"

ဂုဏ်ပုဒ်သုံးမျိုးတပ်ပြီးခေါ်လိုက်၏။

"ဟေ ... ဘယ်သူလဲ"

ဒေါ်ဆွေဆွေရီ ခြံတံခါးသို့ ခပ်သုတ်သုတ်လျှောက်လာရင်း မေးလိုက်၏၊

"ကျွန်မပါ ... ဟိုဘက်ခြံက ပူစူးမ"

"ဩော် ... ပူစူးလား ... လာလေ ... ဘာကိစ္စရှိလို့လဲ"

"မမဆွေကလည်း ... ကိစ္စရှိမှလာရတော့မှာလား၊ စိမ်းလိုက်တာ"

"မဟုတ်ပါဘူးဟယ်၊ အစ်မက ခင်တတ်ပါတယ်၊ လာလေ အိမ်ထဲဝင်ဦး"

"မမဆွေတို့ကတော့ တကယ်ပဲ၊ အိမ်ထဲဝင်ခွင့်ရဖို့ တော်တော်ကြိုးစည်းရုံးယူရတယ်"

"အို ... အဲလို မဟုတ်ပါဘူး ပူစူးရယ်"





"မဟုတ်ပါဘူး အလကားနောက်တာ၊ ဟိုလေ ပူစူးကို တစ်ခုလောက် ကူညီပါလား"

"ဘာကူညီရမှာလဲ ပြောလေ"

"မနက်ဖြန် မန္တလေးက သူငယ်ချင်းတွေလာမှာမို့ ပိတ်ချင်းမြှောင်ဘက် လိုက်ပို့ရမှာလေ ... အဲဒါ အိမ်ကဆိုင်ကယ်ကလည်း ကိုကြီးချစ်ပိုင်သွားစရာရှိလို့လေ"

"သိပြီ၊ ဆိုင်ကယ်ငှားမလို့လား"

"ဟုတ်"

"ဒါများ အတွေအထူးပြောနေရမယ့်လူတွေကျနေတာပဲ၊ စကားအပျိုးတွေ ဘာတွေခင်းလို့ ဟင်းဟင်းဟင်း ယူသာသွား၊ အခုလိုချင်ရင် အခုယူသွားစမ်းပါအေ"

"ဟုတ် ... ကျေးဇူးပဲ မမဆွေ"

"အေးပါဟယ် ... ရော့ သော့"

နံရံမှာချိတ်ထားသော ဆိုင်ကယ်သော့ကိုယူပြီး ဒေါ်ဆွေဆွေရီပေး၏။

"မမဆွေ ဦးလေးဘယ်သွားလဲ"

"နင့်ဦးလေး နေမကောင်းလို့ အိပ်ရာထဲလဲနေတာကြာပြီ"

"ရှင်"

"ဟုတ်တယ်၊ ဘယ်မှမထွက်နိုင်တာ နှစ်ရက်သုံးရက်ရှိနေပေါ့"

ပူစူးမ မျက်လုံးပြူးသွား၏။

မနေ့ညကမှ သူမကိုယ်တိုင် ဦးလေးဦးကံပိုင်ကို ညောင်ညိုပင်ကြီးအောက်မှာ တွေ့ခဲ့ရသည်။

အခု ဒေါ်ဆွေဆွေရီပြောသည်နှင့် အံချော်နေပါ၏။

"မနေ့ညကမှ ကျွန်မနဲ့တွေ့သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလုပြောခင်စကားများကို ပူစူးအတင်းမျိုချလိုက်ရသည်။

ညတုန်းက သူမကိုယ်တိုင် မျက်မြင်ကိုယ်တွေ့များသည့် ကြောက်အားကြီး၍ ထင်ယောင်ထင်မှားဖြစ်ခြင်းလည်း ဖြစ်နိုင်သည်။

ဒါမှမဟုတ် မမဆွေမှာ အကြောင်းတစ်စုံတရာရှိ၍ သူမကို ထိန်ချန်လိမ်လည်ခြင်းလည်း ဖြစ်နိုင်သည်။

ဘာပဲဖြစ်ဖြစ် သူများတကာ၏ ကိုယ်ရေးကိုယ်တာကို လိုသည်ထက်ပို၍ မစပ်စုသင့်ပေ။ ရင်းနှီးမှုက ရင်းနှီးမှုတစ်ပိုင်း။ စွက်ဖက်မှုက ကိုယ့်ရဲ့အမှား။

"ယူလေ ပူစူး ... ဘာလို့လဲ"

သူမအတွေးနယ်ကျွံသွားရာမှ မမဆွေ၏စကားသံကြောင့် လန့်ဖျန့်သတိဝင်လာရသည်။

"ဪ ... ဟုတ် ... ဟုတ် ... မမဆွေ"

ဆိုင်ကယ်သော့ယူပြီး အိမ်ထဲမှဆိုင်ကယ်ကို သော့ဖွင့်၏။

အိမ်နောက်ဖေးမှ အိမ်ရှေ့သို့ တွန်းထုတ်လာသည်။

ထိုစဉ် အိပ်ခန်းခန်းစီးစကို ဆိုင်ကယ်လက်ကိုင်ချိတ်မိကာ ခန်းဆီးပွင့်သွားသည်မို့ ပူစူးအကြည့်က အိပ်ခန်းထဲသို့ ဖျတ်ခနဲရောက်သွားရသည်။

သူမ လန့်မအော်မိအောင် ကိုယ့်အသံကိုယ် မျိုချလိုက်ရ၏။

နေမကောင်း၍ အိပ်ရာပေါ်မှ မထနိုင်ဘူးဆိုသည့် ဦးကံပိုင်သည် အိပ်ရာထက်မှ ငုတ်တုတ်ထိုင်ကာ ထမင်းတွေ အားရပါးရစားလျှက်ရှိသည်ကို တွေ့လိုက်သည်။

မျက်နှာပြင်၊ ပါးစပ်နှင့် လက်တွေမှာ ထမင်းစေ့များ ဟင်းဖတ်အစအနများ ပေကျံညစ်ပတ်လို့နေ၏။

ခန်းဆီးလုစ်ခနဲလှုပ်သွားသဖြင့် သူမကိုပြူးတူးပြဲတဲလှမ်းကြည့်သည်။





သူမကိုတွေ့တော့ လက်ထဲမှ ထမင်းဇလုံကြီးကို ကပျာကယာ လွှတ်ချလိုက်၏။

သူမကို မကျေလည်မကျေနပ်သော မျက်ထောင့်နီကြီးဖြင့် စူးစူးကြီးကြည့်နေသည်။

"ပူစူးမ ရလား ... ဆိုင်ကယ် ဘာဖြစ်လို့လဲ"

ဒေါ်ဆွေဆွေရီ၏အသံကြောင့် သူမ ကြောက်စိတ်တွေပြေကာ အလောတကြီးနဲ့ ဆိုင်ကယ်တွန်းကာ ထွက်လာခဲ့သည်။

"ဘာ ... ဘာမှ မဖြစ်ပါဘူး မမဆွေ"

စကားကိုဖော့လို့သာပြောခဲ့ရပေမဲ့ သူမစိတ်ထဲမှာတော့ ဦးကံပိုင်ကြီးအပေါ် သရိုးသရီနဲ့ အံ့သြတုန်လှုပ်မိသည်။

တစ်ခုခုတော့ မှားနေပြီ။

ပူစူးမ မျက်စိတွေပဲမှားသလား။

ဦးကံပိုင်ကြီးပဲမှားသလား။

ဒေါ်ဆွေဆွေရီပဲ ... သူ့ယောကျ်ား နေမကောင်းဘူးထင်တာ မှားသလား။

မသေချာပေမဲ့ တစ်ခုခုမှားတာတော့သေချာပါသည်။

ပူစူးမ ဆက်မတွေးတော့ပါ။

"အဲဒီလူကြီး ဖုတ်ဝင်နေတာများလား"

ဟူသောအတွေး တွေးမိတော့ သူမတစ်ကိုယ်လုံး တတ်လိုက်ခံရသလို တုန်လှုပ်သွားရပါတော့သည်။

သို့ပေမဲ့ ဖုတ်ဆိုသည်မှာ ဘာရယ်လို့ သူမ သဲသဲကွဲကွဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com

"အမလေး ... "

ဖျတ်ခနဲလှည့်ကာ သူမလည်မျိုကိုစုတ်တံနှင့် ထိုးစိုက်လိုက်ခင် ဦးကံပိုင်၏မျက်နှာမှာ ဒေါသငွေ့တွေ တရှိန်ရှိန်တောက်လောင်လာ၏။

"ချ ... ချလိုက်ပါကွယ် ... ဒေါ်မြင့်ပါ မောင်ကံပိုင်ရဲ့ မင်းလက်ထဲက အချွန်ကြီးချလိုက်ပါကွယ် ...

အသံမပေးတာ မင်းပန်းချီဆွဲတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ ကြည့်ပါဦး ... အံ့ဩစရာပါလား။ မင်းက ကိုယ့်ပုံတူကိုတစ်ထပ်တည်းတူအောင် ဆွဲနိုင်တာ တော်တော် တော်တဲ့ပန်းချီပညာပဲ ... ဒါပေမယ့် ပန်းချီကားထဲကပုံမှာ ဘာလို့ ဓားမြှောင်ကြီးကို ကိုင်ထားရတာလဲကွယ့်"

ဦးကံပိုင် စုတ်တံကိုပစ်ချကာ သက်ပြင်းရှည်ကြီးချလိုက်၏။ ပြီးတော့ တစ်လုံးချင်းပင်ဖြေ၏။

"လူ သတ် ဖို့"

"ဟေ ... ဘယ်သူ့ကိုလဲ ... "

"ဖောက်ပြန်တဲ့လူကိုသတ်ဖို့ ဒါလောက်ဆို ဒေါ်မြင့်ကြီးလည်းသဘော





ပေါက်မှာပါ။ ဒီဇာတ်လမ်းမှာ ဒေါ်မြင့်ကြီးလည်း တစ်စိတ်တစ်ဒေသပါနေတယ် မဟုတ်လား"

"အမလေး ကြွကြီးစည်ရာ မောင်ကံပိုင်ရယ် ... မင်းမိန်းမနဲ့ ငါနဲ့ ဘာမှ မပတ်သက်ရပါဘူး။ သူ့အဖော်ခေါ်လို့ လိုက်သွားခဲ့ရတာတစ်ခုပဲ၊ စွပ်စွပ်စွဲစွဲတော် ... မင်းမကျေနပ်ရင် ကာယကံရှင်တွေနဲ့ တည့်တည့်ရှင်းပါလား။ အမြဲတမ်းကျတော့ မောင်တင်စိုးနဲ့မင်းအိမ်မှာ အရက်အတူတူသောက်နေကြပြီးတော့ ... "

"ကျုပ် ဒီကောင်ရော၊ ဟိုကောင်မရော သတ်ချင်တယ် ဒေါ်မြင့်ရယ်"

"ဒေါသနောက်လက်မပါအောင် တတ်နိုင်သလောက်တော့ ထိန်းပေါ့ကွယ်၊ ကဲ ကဲ ဒေါ်မြင့်သွားဦးမယ်"

ဦးကံပိုင် သူကိုယ်တိုင်ဆွဲသော ပုံတူပန်းချီကားကို ငေးခနဲနဲရုံမှာ ချိတ်ဆွဲနေစဉ် ဒေါ်မြင့်ကြီးပြန်ထွက်လာခဲ့၏။

အိမ်ပြန်ရောက်ပြီး နာရီဝက်ခန့်အကြာ ...

"ငါထွက်သွားမယ် ... မဟုတ်ဘူး ငါသေမှအေးမယ်၊ ဒီဇာတ်မှာ ငါသေသင့်တယ် ... ဒါမှ မင်းသားနဲ့ မင်းသမီးနဲ့ HAPPY ENDING ကို ဆက်ရိုက်လို့ရမှာ ... သစ္စာမဲ့တဲ့လူတွေ လောကကြီးမှာ ဆက်လက်ပျော်ရွှင်နိုင်ဖို့အတွက် ... ကျုပ်က ပါရမီဖြည့်ပေးမှာပါ ဆွေဆွေရီ ... "

"ကို ... ကံပိုင် ... အဲလိုမပြောပါနဲ့ဗျာ၊ ဆွေနဲ့ကျွန်တော်ဘာမှ မဖောက်ပြန်ကြပါဘူးဗျာ ... ရိုးရိုးသားသားမိတ်ဆွေ သူငယ်ချင်းအဖြစ် ဆက်ဆံကြတာ ကိုကံပိုင်အမြင်ပဲမဟုတ်လား"

"ဟား ဟား ဟား ... မမြင်အောင်ဖောက်ပြန်နေတဲ့ ကိစ္စကြီးကို ငါ့အမြင်ပဲဆိုပြီး သက်သေထူတော့ မင်းတို့ချစ်သူနှစ်ဦးအတွက် ငါကပဲသင့်သေ



www.burmeseclassic.com

www.burmeseclassic.com



ခံသူတစ်ယောက်လုပ်ပေးရတော့မယ်ပေါ့ … ဟုတ်လား တင်စိုး … လုတယ် ဗျာ ပညာတက်ပီသပါပေတယ် … ပညာရှိ ဖောက်ပြန်သူ ပီသပါပေ တယ် …”

“ဦးကံပိုင် … ရှင့် အခြေအမြစ်မရှိတဲ့ သံသယတွေနဲ့ ရမ်းသမ်းမစွပ်စွဲပါ နဲ့ … ကျွန်မတို့ဂုဏ်သိက္ခာတွေကို နည်းနည်းဖြစ်ဖြစ် ငဲ့ညှာသင့်တယ်ရှင့်”

“ဟုတ်ကဲ့ပါဗျာ … ခင်ဗျားကို ဂုဏ်သိက္ခာအတွက် … အခုပဲ ကျုပ်သေပေးပါ့မယ် … တွေ့လားဟောဒီမှာဓား။ တကယ်တော့ ဒီဓားနဲ့မင်းတို့ နှစ်ယောက်လုံးကို ထိုးသတ်ချင်တာပေါ့ … ဒါပေမယ့် ချစ်သူချစ်ကြခြင်းကို ငါမခွဲရက်ဘူး … ဒီတော့ ငါပဲသေတော့မယ် … ဒါဖြစ်သင့်ဆုံးပဲ”

ဦးကံပိုင် ဓားကိုမြှောက်လိုက်တာတွေ့လိုက်ရသည်။

ပြတင်းပေါက်မှရပ်ကြည့်နေမိသော ဒေါ်မြင့်စိတ်တွေ မီးမြှိုက်သလို ပူလောင်လို့နေ၏။

အိမ်အမိုးပေါ်မှ ဦးကံပိုင် မဆွေဆွေရီနှင့် မောင်တင်စိုးတို့၏ အရက်ဝိုင်း သည် အခါတိုင်းညများလို မငြိမ်းချမ်း မငြိမ်သက်တော့ဘဲ မုန်တိုင်းထန်တော့၏။

သူမ ထိတ်လန့်လို့မှမဆုံးခင် …

ဦးကံပိုင်လက်ထဲမှ ဓားမြှောင်ဝင်းခနဲလင်းလက်သွား၏။

လက်နှစ်ဖက်ထဲမှ မြှောက်ထားသော ဓားမြှောင်က အသက်နှုတ်တော့ မည့် မိစ္ဆာဝိဉာဏ်တွေ ပူးကပ်နေတော့သည်။

“ဦးကံပိုင် … မလုပ်နဲ့”

“ဦးကံပိုင် … ”

ဆွေဆွေရီနှင့် မောင်တင်စိုးအော်သံအဆုံးမှာ ဓားဦးက ဦးကံပိုင်ရင်ဝ ဆီသို့ ပြေးဝင်လာတော့သည်။





“ကိုကံပိုင် မလုပ်ပါနဲ့ … အဲလိုမလုပ်နဲ့ … အား … ”

မောင်တင်စိုး အသံကုန်ဟစ်ပြီး ဦးကံပိုင်ဆီပြေးဝင်သွားသည်။

ခဏနေတော့ … ရင်ဝမှာဓားတန်းလန်းနဲ့ မောင်တင်စိုးကိုတွေ့လိုက် ရ၏။

“ငါ … ငါ မသတ်ပါဘူး ဆွေဆွေ … သူ့ဘာသာ သူသေတာပါ၊ ငါ့ကိုရဲတွေဖမ်းတော့မယ်၊ ငါမနေဘူး … ငါသေမယ် … ငါသေမယ်”

ဦးကံပိုင်၏ သွေးရူးသွေးတမ်းအော်ဟစ်သံ ဗလုံးဗထွေးနှင့်အတူ-

ဦးကံပိုင်သည် သူရူးတစ်ယောက်လို ဝရန်တာဆီသို့ပြေးသွား၏။

ပြီးတော့ … ဝရန်တာပေါ်မှ လွှားခနဲခုန်ဆင်းချလိုက်သည်။

“ဦး ကံ ပိုင် မ လုပ် နဲ့”

“မောင် ကံ ပိုင်”

“ဝုန်း … ”

“အား … ”

ဦးကံပိုင်၏ ခန္ဓာကိုယ်ကြီးအောက်ခြေ တမံတလင်းနဲ့ရိုက်မိသံ ကြီးကျယ်လောင်စွာထွက်ပေါ်လာသည်။

အိမ်နီးချင်းဟူသော အသိနဲ့ ဒေါ်မြင့်ပြေးသွားခဲ့၏။

ဦးကံပိုင်၏အနားသို့ ဒေါ်မြင့်နှင့် ဆွေဆွေရီတို့ရောက်ရှိသွား ချိန် မှာ …

“အီး … ငါ ဘာ ဖြစ် သွား တာ လဲ … ”

ကွဲအက်နက်ခြောက်သော အသံကြီးနဲ့အတူ ဦးကံပိုင်ကြီး သွေးထဲမှ လူးလဲထလာတော့သည်။

ဒေါ်မြင့်ကြီးပြောပြနေသမျှကို အကြောင်းသားငေးကြည့်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ဦးအောင်စိုးအနီးမှ ရဲအရာရှိကတော့ လိုအပ်သည်များကို မှတ်သား စစ်ဆေးမှုတွေ ဆက်လက်လုပ်နေ၏။

"အဲဒါပဲ သက်ဝေရေ ... ငါက ငါ့ညီတင်စိုးပျောက်ဆုံးမှုအတွက် မသင်္ကာလို့ သတင်းလိုက်ရင်းနဲ့ ဒေါ်မြင့်ကြီးဆီရောက်လာခဲ့တာပဲ၊ အခုတော့ ရှင်းသွားပြီ ... "

"ဗျာ ... ဘယ်လိုရှင်းသွားတာလဲ ... ကိုတင်စိုးရဲ့အလောင်းက ဘယ်ရောက်သွားတာလဲ ... "

"ဦးကံပိုင်ဟာ သူသတ်တယ်လို့ သူဘာသာသူယုံပြီး အလောင်းကို လေးရာ့လေးခြင်္ကြီးရဲ့ မြတ်ခင်းထိပ်မှာ တူးပြီးမြှုပ်ခဲ့တယ်၊ အဲဒီအပေါ်မှာ Stand Lamp လုပ်ခဲ့တယ်၊ အခုတော့ အလောင်းကိုပြန်ဖော်ခဲ့ပါပြီ၊ ငါ့ညီကို ငါသဂြိုဟ်ခဲ့ပါပြီ၊ အလောင်းကိုစစ်ဆေးကြည့်တော့ သူကိုယ်သူမားနဲ့ထိုးလိုက်တယ်လို့ ယူဆတယ်"

"ဒါဆို ... ဦးကံပိုင် သတ်တာမဟုတ်ဘူးပေါ့၊ ဦးကံပိုင်မှာ အပြစ်မရှိဘူးပေါ့ ဟုတ်လား"

"လူသတ်တဲ့ အပြစ်တော့မရှိဘူး၊ ဒါပေမယ့် အလောင်းဖျောက်တဲ့ အပြစ်တော့ရှိတယ်၊ အဲဒါကြောင့် တာဝန်ရှိသူတွေက ဦးကံပိုင်အိမ်ကို ဦးကံပိုင်ကိုဖမ်းဖို့သွားကြတော့မယ်"

ထိုစဉ် ...

"ပုရှူးရေ ... ပုရှူး ... လာကြည့်ပါဦး ... အိမ်ကိုလာကြည့်ပါဦး"

ဒေါ်ခွေခွေရီ တစ်ယောက်ဟတ်ထိုးလဲမတတ် ခြေလှမ်းများဖြင့်ပြေးလာ၏။ သက်ဝေတို့ လင်မယားကို၎င်း၊ ကိုချစ်ပိုင် မအေးချမ်းတို့ လင်မယားကို၎င်း၊ ဧည့်သည်ကိုအောင်စိုးနှင့် ရဲအရာရှိကြီးကို၎င်း မမြင်နိုင်သောထိတ်မှာ





ခြင်းမျိုးနဲ့ ပုရှူးဆီသို့သာ ဦးတည်ပြေးလာ၏။

"မမခွေ ... "

"ပုရှူး"

"မမခွေ ဘာဖြစ်လာတာလဲ ... ဦးလေး ဦးကံပိုင်အခြေအနေ"

"ဟုတ်တယ် ... ပုရှူး လာ လာ လိုက်ကြည့်လှည့်"

"အခု ... ဘယ်လိုဖြစ်သွားပြီလဲ ... "

"လိုက်ကြည့်လှည့် ... လိုက်ကြည့်ကြပါရှင် ... "

ဒေါ်ခွေခွေရီနှင့်အတူ အားလုံးခဲ့ကြ၏။

ဒေါ်ခွေခွေရီတို့အိမ်ထဲသို့ဝင်ကာ အိပ်ခန်းထဲသို့ အားလုံးဝင်လိုက်သည်တွင် ...

ဦးကံပိုင်ဆိုသည့် လူကြီးသည် အိပ်ရာထက်မှ မယုံနိုင်လောက်အောင်ပင် အံ့ဩဖွယ်ရာ သေဆုံးနေသော ဖြစ်ရပ်တစ်ခုဖြစ်တော့သည်။

လိုအပ်သည့်စစ်ဆေးမှုများကိုတော့ တာဝန်ရှိသူများဆက်လက်ဆောင်ရွက်ကြလိမ့်မည်။

သက်ဝေနှင့် နှင်းနုထွေးတို့ကတော့ သက်ပြင်းပြိုင်တူချပြီး ပြန်လာခဲ့လေသည်။ ညောင်ညိုပင်ကြီးအောက်ရောက်နေသည့် အချိန်မှာတော့ ...

အူ

အု အု

အူး ...

မမြင်ရသော ခွေးအူသံကြီးတစ်သံကို ရှည်လျားစွာကြားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃။ ဖာရွှေများရဲ့ သာဓုခေါ်သံ

"ပြု ပြုသမျှ ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှအတမ်းပေးဝေပါမည် ...

ဤကောင်းမှု၏ အဖို့ဘာဂကို တမလွန်ဘဝသို့ ပြောင်းရွှေ့သွားသော ဦးကံပိုင်နှင့် ဦးတင်စိုးတို့မှအစ ကြားကြားသမျှ ရှုကြပါစေ အမျှဝေပါ၏ ...

"ကုသိုလ် _ အမျှ ... အမျှ ... အမျှ _ ယူတော်မူကြပါကုန်လော့ သာဓု ... သာဓု ... သာဓု"

နှင်းနုထွေး၏သာဓုခေါ်သံအဆုံးမှာတော့ ...

ဥဩ ...

ဥ ... ဩ

ဥဩ ...

ညှော်ခန်းထဲမှ နာရီသံထွက်ပေါ်လာတော့သည်။

နာရီဆီသို့ သက်ဝေလှမ်းကြည့်လိုက်ချိန်မှာ နာရီအထက်၌ ချိတ်ထားသော ပန်းချီကားကြီးကိုတွေ့လိုက်ရသည်။





ထိုပန်းချီကားကြီးထဲမှ အရုပ်ဆိုးဆိုး အသားမည်းမည်း၊ နှုတ်ခမ်းတွဲတွဲနဲ့ ဦးကံပိုင်ကြီး၏လက်ထဲမှ ဓားမြှောင်ကြီးပျောက်ကွယ်သွားတော့သည်။

"ကို _ ဟိတ် ကို _ ဘာတွေငေးနေတာလဲ _ ဟိုမှာ ဆွေဆွေရီက နှုတ်ဆက်နေတယ်"

"ဩော် ဟုတ်လား"

"ကစုန်ကဝါးနဲ့ဘာတွေဖြစ်နေတာလဲ"

"ဘာ ... ဘာမှမဖြစ်ပါဘူးနှင်းရယ်"

တုန်တိတုန်ရိုက်ပြောနေသည့် သက်ဝေတစ်ယောက် သူ့ထင်မိယောင်မှား အမြင်ထဲမှာတွေ့ရသည့် ဦးကံပိုင်ပန်းချီကားကြီးအကြောင်းကို မပြောပြဖြစ်တော့ပါ။

တကယ်တော့လည်း ...

နာရီကြီးရဲ့အထက်မှာ ဘာပန်းချီကားမှမရှိတော့ပါ။

ထိုပန်းချီကားကြီးကို ဒေါ်ဆွေဆွေရီအား အပြီးတိုင်ပေးခဲ့လေပြီကိုး။

ဥဩ ...

ဥ ... ဩ

ဥဩ ...

"ဟာ _ နာရီကအခုတုန်းကမှ မြည်တာ၊ ဆယ့်ငါးမိနစ်တောင်မကြာသေးဘူး ဘာလို့မြည်ရတာလဲ နှင်း ... "

"ဟာ _ ကိုတစ်ယောက်ကတော့ မဟုတ်တော့ဘူး _ မှားတာနာရီမဟုတ်ဘူး ... တစ်နာရီတစ်ခါပဲမြည်တာပါ ... "

သက်ဝေ အငြင်းအခုန်မပြုတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သက်ဝေစိတ်နဲ့ကိုယ် ပုံမှန်ပြန်ဖြစ်အောင်တော့ သက်ဝေဘုရားတရားတည်မြဲရတော့ မည်ဟုတွေးရင်း သက်ပြင်းပူကြီးချလိုက်မိတော့သည်။ တကယ်သူ့အထင်မှာတော့ ... ဥညြိသံတွေသည် ဦးကံပိုင် ကိုတင်စိုးတို့၏ သာစုခေါ်သံများဟုသာ ... တွေးနေမိတော့သည်။

ပြီး။

ပုဏ္ဏညို

ဝေဖန်အကြံပြုစာမျှော်လင့်လျက်

ဖုန်း – ၀၁ ၄၀၁၃၆၄

BURMESE CLASSIC .com



www.burmeseclassic.com